TEXT RIVER
PUBLISHING HOUSE




ဂျက်ကွမ်းခြံကုန်း

# မသိရင်ခက်မယ်

တနဒီတာအုပ် (၁၅)

# မသိရင်ခက်မယ်

## ဂျက်ကွမ်းခြံကုန်း

TEXT RIVER
PUBLISHING HOUSE

အမှတ် – ၁၂၊ မြေညီထပ်၊ အာရှပလာဇာ
ဗိုလ်ချုပ်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်။
ဖုန်း–၀၉၅၀၇ ၁၁၉၇၊ ၅၅၂၁၃၁

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူ ခွင့်ပြုချက်အမှတ် | ■ | ၄၀၁၁၉၅ ၀၉၁၁ |
| မျက်နှာဖုံး ခွင့်ပြုချက်အမှတ် | ■ | ၄၀၁၂၉၇ ၁၀၁၁ |
| ထုတ်ဝေသူ | ■ | ဦးမျိုးမြင့် (စာနဒီစာအုပ်တိုက်)<br>၁၄၀၉ (ယာယီ)<br>အမှတ် ၉၇၃၊ ပျဉ်းမငြိုင်လမ်း၊<br>၃၄ ရပ်ကွက်၊ မြောက်ဒဂုံ။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | ■ | Color Zone Press |
| မျက်နှာဖုံးပန်းချီ | ■ | ဗဂျီလင်းဝဏ္ဏ |
| ကွန်ပျူတာစာစီ | ■ | အလင်းအိမ်မီဒီယာ |
| စာပြင် | ■ | တက္ကသိုလ်တင်ဟန်ကျော် |
| ပထမအကြိမ် | ■ | မတ်လ၊ ၂၀၁၂ ခုနှစ် |
| အုပ်ရေ | ■ | ၁၀၀၀ |
| တန်ဖိုး | ■ | ၁၅၀၀ ကျပ် |

၈၉၅.၈၃

ဂျက်ကွမ်းခြံကုန်း
မသိရင်ခက်မယ် / ဂျက်ကွမ်းခြံကုန်း။ -ရန်ကုန်
စာနဒီစာပေ၊ ၂၀၁၂။
၁၄၇ - စာ၊ ၁၂.၇ ×၁၈.၄၂ စင်တီ
(၁) မသိရင်ခက်မယ်။

# မာတိကာ


| | |
|---|---|
| ၁။ ကမ္ဘာကြီးက ပူတယ် ကိုယ့်လူ | ၇ |
| ၂။ မြို့ကြီးသားတို့ရဲ့ နားရွက်အထူအပါး | ၁၁ |
| ၃။ ခဲပုံမှာ အသက်ပါလွန်းသမို့ | ၁၅ |
| ၄။ မောင်းချင်ရာမောင်း ကိုဘသောင်း | ၁၈ |
| ၅။ အက်ကျူကိတ်တက်များနှင့် ခရီးသွားခြင်း | ၂၂ |
| ၆။ ဘီဖိုးသင်္ကြန် အာဖတာသင်္ကြန် | ၂၆ |
| ၇။ အနှစ် ၁၀၀၀ လောက် ရှေ့ကိုရောက်နေသည့် ပါးစပ်ကြီးများ | ၃၀ |
| ၈။ တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာ တစ်ခုခု | ၃၄ |
| ၉။ မသိရင်ခက်မယ် | ၃၈ |
| ၁၀။ ကမ္ဘာကိုကယ်ဖို့ ဆရာကြီးဂျက် အသင့်ဖြစ်နေပုံ | ၄၂ |
| ၁၁။ ရှားလော့ဟုမ်းမှာ မျက်ရည်စတွေနဲ့ | ၄၆ |
| ၁၂။ စားသုံးသူ သူခိုးကြီးများ | ၅၂ |
| ၁၃။ ဂျက်ကိုချစ်ရင် မနမ်းပါနဲ့ | ၅၆ |
| ၁၄။ မိုးရေထဲမှာ ဂျက်လမ်းလျှောက်ခြင်း | ၆၀ |
| ၁၅။ ရင်ထဲကိုခွဲ၍ ကြည့်လိုက်လေသောအခါ | ၆၃ |

၁၆။ ချထည့်လိုက်သည့် စာမျက်နှာများ ၆၇
၁၇။ ခက်ပါကလား သန္တာဝင်းဆိုသည့် ညီမကလေး ဒေါက်တာ ၇၁
၁၈။ ကျွန်ုပ်နှင့် အတည်မပြုရသေးသော ရွှေပွတ်စိုးမြင့် ၇၅
၁၉။ ဆူးလေဘုရားလမ်းပေါ်က လူရိုင်းနှစ်ယောက် ၇၉
၂၀။ ကျွန်ုပ်နှင့် လက်နှစ်ချောင်းထောင်နိုင်သော ဘဝ ၈၃
၂၁။ လုလင်ဟု ဖတ်တော်မူကြပါရန် ၈၇
၂၂။ ကျွန်ုပ်နှင့် ရတနာပုံငယ်ချစ်ဦး ၉၁
၂၃။ မတော်တဆ ရှည်ခဲ့ရသောအသက် ၉၅
၂၄။ ဂန္ထဝင်တို့ ချစ်သုဝေတို့ရေ လန်းသတဲ့ ၁၀၀
၂၅။ မဟာဆန်သူ အလိုမရှိ ၁၀၄
၂၆။ ကျွန်ုပ်၏အခန်းနှင့်ကပ်လျက်မှ "ဓိဝက" ၁၀၉
၂၇။ တဖုန်းဖုန်းနဲ့ အမျိုးကောင်းသား ၁၁၃
၂၈။ အာခေါင်ကို လှံစူးမှာကြောက်လို့ ၁၁၇
၂၉။ ကိုယ့်လူ လက်ကြောတင်းပါသလော ၁၂၁
၃၀။ နောက်ဘဝကျတော့လည်း နေလို့ ကောင်းသွားမှာပါပဲ ၁၂၅
၃၁။ ကျွန်ုပ်တို့ ပတ်ဝန်းကျင်က အဝယ်'တော်'များ ၁၃၀
၃၂။ အမျိုးကောင်းသား ဂျက်ဆရာ အကျွန်ုပ် ၁၃၄
၃၃။ အကုန်လုံး အားတစ် (Artist) ၁၃၇
၃၄။ စိတ်မကောင်းဖွယ်ရာ လူစုံသော နေ့တစ်နေ့ ၁၄၁
၃၅။ နောင် ဘယ်တော့မှ မရှုံးစေနဲ့ ၁၄၄

# ကမ္ဘာကြီးက ပူတယ် ကိုယ့်လူ

## (တစ်)

တစ်နေ့သ၌ ပါဂျဲရို (Pajero) ကားကြီးတစ်စီးသည် ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း၏ အိမ်ဂေဟာရှေ့တွင် ဝေါခနဲထိုးဆိုက်၏။ အကြောင်းမှာကား ဂလိုဘယ် ဝမ်းမလီး Global Warmly ခေါ် ကမ္ဘာကြီး ပူနွေးလာသော ကြောင့်ပေတည်း။ မှန်၏။ လူကုံထံတို့၏ စီးတော်ယာဉ် မော်တော်ကားပေါ်မှ ဆင်းချလာသော အနီပုဂ္ဂိုလ် ရောမ မဟာလူသားသည် သူ၏ ဘိုးစဉ်ဘောင်ဆက်တို့က သပွတ်အူဇာတိရပ်ခံများ ဖြစ်ကြဘိပါသော်လည်း သူကမူ ရန်ကုန်မြို့ကြီးတွင် လူလားမြောက်ကြီးပြင်း၍လာခဲ့ကာ လုပ်ငန်းကိုင်နေ်းများ အပေါက်အလမ်းတည့်လျက် ကြွယ်ဝချမ်းသာနေခဲ့သူတစ်ဦး ဖြစ်ဘိလင့်စေ ကာမူ ကမ္ဘာကြီးပူတယ်ဟေ့ဟု ကြွေးကြော်လျက် အင်ဗာရိုးမင့် (Environment) ခေါ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများဘက်၌ အတော်ကလေးကို တက်ကြွနေသူတစ်ဦးလည်း ဖြစ်ပါ၏။

ယခုလည်း ကြည့်၊ ကမ္ဘာကြီးပူလာတဲ့ အရေးကိစ္စပေပဲပ ဆရာကြီးဂျက်ဟု မြည်တွန်တောက်တီးကာ ညှိုးငယ်သော မျက်နှာထားနှင့် ကျွန်ုပ်ထံ ရောက်ရှိလာခြင်းပင် ဖြစ်ဘိပါချေပေသည် တကားတမုံ့။

(နှစ်)

"သပွတ်အူကျေးရွာ၌ သွားရောက်ဟောပြောရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါ၍ ဆရာကြီးဂျက်အနေနှင့် အတူလိုက်ပါပြီးသော် သဘာပတိနေရာ၌ တာဝန်ယူပေးပါရန်"

ရောမ မဟာပုဂ္ဂိုလ်က ကျွန်ုပ်အား အနိုကလို တာဝန်ပေးအပ်လာပါ၏။ သပွတ်အူ၌ သူသွားရောက်ဟောပြောမည့် 'ကမ္ဘာ့အပူ လျှော့ချဖို့ ခင်ဗျားတို့ တာဝန်' ဟောပြောပွဲ။ အချုပ်ကိုဆိုရသော် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးခေါ် ဂေဟဗေဒဘက်၌ စိတ်အနည်းငယ် တိမ်းညွတ်သူ ကျွန်ုပ်သည်ကား အနိုအကြင် ရောမ မဟာပုဂ္ဂိုလ်နှင့်အတူ သပွတ်အူကျေးရွာ ဟောပြောပွဲရှိရာသို့ သဘာပတိဂျက်အဖြစ် လိုက်ပါသွားခဲ့ရပါကြောင်း ဟူလို။

(သုံး)

သဘာပတိဂျက်ကား ငါမရှိခက်ဟူသော စတိုင်ဖြင့် စင်ပေါ်တွင် မြိန့်မြိန့်ကြီးထိုင်နေမိပါ၏။ ရောမ မဟာပုဂ္ဂိုလ်သည်ကား သူ့ဟောပြောမှုကို စတင်လျက်ရှိချေကပြီ။ 'ကမ္ဘာ့အပူလျှော့ချဖို့ ခင်ဗျားတို့တာဝန်' ဟောပြောပွဲ။

"အဓိကက ကာဗွန်ပဲဗျ။ ကာဗွန်ဒိုင်အောက်ဆိုဒ် $CO_2$... ဘဇာကြောင့် ကမ္ဘာပူသလဲဆိုတော့ ကာဗွန်ဒိုင်အောက်ဆိုဒ်တွေများလာလို့ ကမ္ဘာ့ပတ်ဝန်းကျင်ကို ဝန်းရံထားသော $CO_2$... တွေ ထုထည်ထူထပ်လာပါရော။ အနိုအခါမှာ ကမ္ဘာကို ကျဆင်းလာတဲ့ နေ့ရဲ့အပူက ပြန်ပြီးမထွက်နိုင်ဖြစ်လာပါရော။ အဲသဟာကို မှန်လုံအိမ်အာနိသင် Green House Effect ဟု ခေါ်ပါလေရော... အဲသမှာ ကမ္ဘာဟာ ပူအိုက်အိုက်ကြီးဖြစ်ခဲ့ရချေပြီ။ အဲတော့ ဘာဖြစ်သတုံး... မုန်တိုင်းတွေ မကြာခဏတိုက်မယ်လဗျာ၊ မြောက်ဝင်ရိုးစွန်းတို့၊ ဂရင်းလန်ရေခဲတောင်တို့၊ အန္တာတိကရေခဲပြင်တို့ အရည်ပျော်သဗျာ...

ရေကြီးမဗျာ... မိုးခေါင်... သီးနှံပျက်... ရောဂါထူ... ကပ်ကြီးတွေ... ကပ်ကြီးတွေ''

ရွာဦးဘုန်းတော်ကြီးကျောင်း မြက်ခင်းပြင်ဝယ် ကျုံ့ကျုံ့ကလေး ကိုယ်စီထိုင်ကာ ပါလာသည့် တဘက်ကလေးများဖြင့် ချွေးသုတ်ရင်း၊ ယပ်တောင်ကလေးများခတ်ရင်း နားသောတဆင်တော်မူနေကြသည့် သပွတ်အူက သပွုရိုသအနွယ်ဝင် သူတော်စင်အသီးသီးတို့သည် မျက်နှာကလေးများငယ်၍ သွားကြကုန်၏။

''အဲသဟာ ဘယ်သူ့ကြောင့်တုံး၊ ခင်ဗျားတို့ လူသားတွေကြောင့်... ခင်ဗျားတို့ကြောင့် အဲကွန်းခေါ် လေအေးပေးစက်တွေကို သုံးကြသဗျာ၊ ရီဖရက်ဂျစ်တာခေါ် ရေခဲသေတ္တာကြီးတွေကို သုံးကြသဗျာ။ မော်တော်ကားတွေကို စီးကြ၊ မော်တော်ဆိုင်ကယ်တွေကို စီးကြ၊ စက်ရုံ၊ အလုပ်ရုံတွေ အတိုင်းအဆမဲ့ လည်ပတ်ကြ၊ ကမ္ဘာပူအောင် ခင်ဗျားတို့ လုပ်ခဲ့ကြသဗျာ''

သပွတ်အူ ပရိသတ်ကြီးကား ပို၍တိတ်ဆိတ်၊ ပို၍ငြိမ်သက်ကာသာ သွားတော့လေ၏။

ကျွန်ုပ်၏မိတ်ဆွေ ရောမ မဟာပုဂ္ဂိုလ်သည်ကား ပင်လယ်သမုဒ္ဒရာ သစ်တောတို့က တစ်နှစ်တွင် ကာဗွန် ဘီလျံ ၃ တန်သာ စုပ်ယူနိုင်ပုံ၊ ကမ္ဘာကြီးက ဘီလျံ ၇ တန် ထွက်နေပုံ၊ နှစ်စဉ် ကာဗွန် ဘီလျံ ၄ တန် တိုးနေပုံ၊ ကမ္ဘာကြီး သည့်ထက်သည် ပူနွေးအိုက်စပ်၍မသွားမီ ဆင်ခြင်ဖို့ရာ လိုအပ်လှပုံ စသည် စသည်တို့ကိုလည်း အားရပါးရဖြင့် စည်ဘီယာခွက်ထဲ အမြှုပ်တို့ထသည့်နှယ် မြွက်ဟာ၍နေသည်မှာ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လွန်စွာ အားတက်ဖို့ ကောင်းလှချေ၏။

အနို့နှင့် 'ကမ္ဘာ့အပူလျှော့ချဖို့ ခင်ဗျားတို့တာဝန်' ဟောပြောမြွက်ဟ ပညာပေးသမှုပွဲကြီး ပြီးမြောက်သည်ရှိချေသော် သပွတ်အူဝန်းကျင်က တောင်သူ လယ်လုပ် ဓားမခုတ်တို့သည် ခြေကျင်တချို့၊ လှည်းတို့၊ လှေတို့ဖြင့်တစ်ဖုံ

ကိုယ့်ရိပ်မြုံရှိရာဆီ ကိုယ်ပြန်ကြရန်အလို့ငှာ ပြင်ဆင်ကြရင်း ကျွန်ုပ်တို့၏ကားကို လက်ပြနှုတ်ဆက်ကြချေ၏။ အနီးနောက် ယပ်တောင်ကလေးများ တဖျပ်ဖျပ်ခတ်ကာ အလွန်အသိတိုးသည့် ဟောပြောသမှုဖြစ်ကြောင်း စားမြုံ့ပြန်လျက် ရှိကြချေကုန်၏။

ကျွန်ုပ်၏ ရောမ မဟာပုဂ္ဂိုလ်သည်ကား ပင်ပန်းသွား၍ပေထင့် ဒရိုင်ဘာဘေး၌ ခြေပစ်လက်ပစ် လိုက်ပါလာခဲ့ကာ အဲကွန်းကို နောက်ဆုံးအဆင့်ထိ မြှင့်တင်လိုက်ပြီးသည်၏ သကာလ မှေးစက်တော်မူရှာ၏။

မိန်းမဈေးသွားရန်အလို့ငှာ ကားကတစ်စီး၊ ပုစုခရုတို့ ပညာရင်နို့သောက်စို့သွားကြရန် ကားကတစ်စီး၊ မိမိ ဟိုနားသည်နားသွားရန် ကားကတစ်စီးနှင့် အနီးပုဂ္ဂိုလ်၊ မိမိအိမ်ဂေဟာ၏ အခန်းတိုင်း၊ အခန်းတိုင်းဝယ် လေအေးပေးစက် တပ်ဆင်ထားသော အကြင်ပုဂ္ဂိုလ်၊ အိမ်လောက်နီးနီး အရွယ်အစားကြီးကြသည့် ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များ၏ပိုင်ရှင်ငှင်းပုဂ္ဂိုလ်၊ မြို့ပြင်တစ်နေရာဝယ် အရက်ချက်စက်ရုံကလေးတစ်ရုံနှင့် မုန့်ဟင်းခါးဖတ်စက်ရုံကလေးတစ်ရုံကို စိတ်ပြေလက်ပျောက် တည်ဆောက်ထားကာ မအားလပ်သည့် ကြားကနေ၍ ကမ္ဘာကြီးပူနွေးလာမှုကို သတိပြုကာကွယ်သွားကြရန်အလို့ငှာ လိုက်လံလှုံ့ဆော်ဟောပြောနေသော အနီးလူသား၏ ချွေးကလေးစို့တို့တို့ မျက်နှာကလေးကိုကြည့်ကာ ကျွန်ုပ်မှာ လေးစား၍ မဆုံးစတမ်း ဖြစ်နေမိခဲ့ရပါကြောင်း ဟူလို။

ပေါ်ပြူလာ၊ ၂၃-၉-၂၀၀၈

# မြို့ကြီးသားတို့ရဲ့ နားရွက်အထူအပါး

## (တစ်)

မိုးရက်လွန်ပေါင်း၍ ဆောင်းရက်သစ်သစ် မြူနှင်းနှင်းတို့ ဖြစ်ချင်တိုင်း ဖြစ်ရန် အားသစ်ပြင်နေကြသော အခါသမယ တစ်ခုသောနေ့ဝယ် သပွတ်အူ ကျေးရွာက အုံ့ဩစရာအကောင်းဆုံး ညွှန့်သည်တစ်ဦးဟု ဝိသေသပြုလောက် ချေသော လူသားတစ်ဦးသည် ရန်ကုန်မြို့ရှိ ကျွန်ုပ်၏ အိမ်ဂေဟာသို့ ရောက် ရှိ၍ လာလတ်ချေ၏။ ဘကြီး ကိုကြွက်သိုးပေတည်း။

အများသိတော်မူကြပြီး ဖြစ်သည့်အတိုင်း ကျွန်ုပ်တို့၏ ဘကြီး ကိုကြွက်သိုးသည် သပွတ်အူထံပါးမှ တစ်ဖဝါးခွာသူမဟုတ်ချေ။ မြန်မာ့ ရိုးရာ တော်ဒီ (Toddy) ခေါ် ထန်းရည်ကလေးရောင်းချကာ သူ့ဘိုးဘွားပိုင် ထန်းတောကလေးအတွင်း သူ့လိုက်ဖ်စတိုင် (Life Style) ကလေး သူကျေနပ် ကာ အဘယ်အရပ်ကိုမှ သွားလေ့သွားထမရှိသော၊ ရန်ကုန်ကို ဝေးစွ၊ မလှမ်း မကမ်းက တောမြို့ကလေးသို့ပင် ဘုရားစူး မိုးကြိုးပစ် တစ်ခေါက်စ နှစ် ခေါက်စသာလျှင် ရောက်ဖူးသော ဇာတိမာန်တက်ကြွသူ ဘကြီးကြွက်သိုး ဖြစ်ဘိမူချေရာ သို့ကလို ရန်ကုန်မြို့သို့ ဆိုက်ဆိုက်နှင့်မြိုက်မြိုက်ဆိုသလို

ရောက်ချလာဘိတော့သဖြင့် ကျွန်ုပ်အဖို့ အံ့သြတကြီး ဖြစ်ဘိရသည်မှာ အဆန်းတော့ဖြင့် မဟုတ်ပါလေ အဆွေ။

"လူကြုံကောင်းလွန်း၍ပေပ ငါ့တူ ဆရာကြီးဂျက်ရေ"

ဘကြီးကိုကြွက်သိုးကား အာလုပ်သံကြီးဖြင့် အနို့ကလိုပြောပြီးသည် တည့်ရှိချေသော် ခရီးဆောင်ဘက် (Bag) အိတ်ကြီးများကို ပစ်ချပြီးသည့် သကာလ ရန်ကုန်မြို့ရောက် ညှော်သည်တော်တစ်ဦးပေတကားသတည်း။

## (နှစ်)

ရန်ကုန်မြို့ရှိ ကျွန်ုပ်၏ တိုက်ခန်းကလေးဝယ် ရောက်ရှိနေသော အခိုက်အတန့် နံနက်လင်းသည်နှင့် ကျွန်ုပ်၏လမ်းကို ဗဟိုပြုကာ ဟိုဘက်လမ်း သည်ဘက်လမ်း အညောင်းပြေ အညာပြေ လမ်းလျှောက်တတ်သည်မှာ ဘကြီးကြွက်သိုး၏ အလေ့အထပင်။ သို့ကလို လမ်းလျှောက်၍ ပြန်လာသည့်အခါတိုင်းဝယ် ဘကြီးကိုကြွက်သိုးမှာ မျက်နှာမကောင်းဘိမူ၍ ခေါင်းတခါခါဖြစ်၍ မဆုံးနိုင်သည်သာတည့်။

"ခများကလေးတို့ သနားဘိစရာတွေပါကွယ်"

အနို့နှယ် သို့နှယ်သော မြည်တွန်တောက်တီးစကားသည်ကား ဘကြီးကိုကြွက်သိုး မြွက်ဟာမြဲစကားပေတည်း။ အနို့နှင့် သုံးလေးရက်ခန့် ကြာသည်ရှိသော် ကျွန်ုပ်က မေးရချေသည်တည့်။

"အဘယ်ခများကလေးတို့ကို ဘယ့်နှာကြောင့် သနားဘိရချေသတုံး အန်ကယ် ဘကြီးကိုကြွက်သိုးငဲ့လေ"

သို့ကလို အမေးစကားရှိတော့ဘိချေမှ ဘကြီးကိုကြွက်သိုးက ဖြေခြင်းအမှုကို ပြုဘိချေသည်တည့်။ အောက်တွင် ဆက်လက်ဖော်ပြအံ့လတ္တံ့ အတိုင်းသာတည်း။

(သုံး)

ရန်ကုန်ဟူသည် အိပ်ရာထနောက်ကျသောမြို့ပေထင့်။ နံနက် တော်တော်လင်းသည်အထိ လမ်းပေါ်၌လူမရှိချေ။ ဘကြီးကိုကြွက်သိုး တရွေ့ရွေ့ လျှောက်လှမ်းလာခဲ့ရာ တစ်နေရာရောက်သော် တိုက်ခန်းတစ်ခုအတွင်းမှ အသံခပ်သဲ့သဲ့ထွက်လာ၏။

"ငါပြောတာ ကြားလား… ဟဲ့ ငါပြောတာ ကြားရဲ့လား… ဘာ မကြားဘူး"

ဘကြီးကိုကြွက်သိုးကား ဟိုဟိုသည်သည်ကြည့်သော်လည်း လူရိပ် လူယောင် မတွေ့ချေ။ အနီးနှင့် ဆက်လက်လျှောက်လှမ်းလာခဲ့၏။ နောက်ထပ် တစ်ဖန် တိုက်ခန်းအတွင်းမှ အသံတည်း။

"ကျယ်ကျယ်… ကျယ်ကျယ် မကြားဘူး… ဟဲ့ ကျယ်ကျယ် မကြားဘူးဆို… ကျယ်ကျယ်ပြော"

ဘဇာများပါလိမ့်ဟူသော အတွေးဖြင့် ဘကြီးကိုကြွက်သိုး လျှောက် လှမ်းလာခဲ့ရာ နောက်လေးငါးတိုက်ကလည်း ထို့လိုအသံ၊ နောက်လေးငါး ခန်းကလည်း သို့လိုအသံ မကြားဘူး ကျယ်ကျယ်ဆိုသောအသံတို့ စီစီညံညံ ကြားရဘိချေသည်။ ထို့နောက် မနက်တိုင်း မနက်တိုင်း သို့နှယ်သာတည်း။

အချုပ်ကို ဆိုရသော် ဘကြီးကိုကြွက်သိုး မြို့ကြီးက လူတွေကို ကရုဏာ သက်မိကပြီ။

"သမှာ ငါ့တူကြီး ကွမ်းခြံကုန်းက ဂျက်ဆရာရဲ့၊ မင့်မြို့ကြီးသား များဟာ အလွန်နားလေးကြဘိသကွယ်၊ ဘယ်နေရာမှာ နားစွင့် နားစွင့် ကျယ်ကျယ်ပြောရယ် မကြားဘူးရယ် ကြားလားရယ် သဟာကို ဘကြွက်သိုး သနားမိတာပဗျာရယ်" ဟူ၏။

ဩော်… ဘကြွက်သိုး ဘကြွက်သိုး။ ခေတ်ကာလ အသုံးအဆောင် ပစ္စည်းဥစ္စာ ဘဇာကိုမှ နားမလည်ရှာသည့် သပွတ်အူကျေးတောသားကြီး။

စာနဒီစာအုပ်တိုက်

ကျွန်ုပ်ကား မြို့ကြီးသားတို့ နားထူ၍ မဟုတ်ကြကြောင်း၊ အလွန် နားပါးကြကြောင်းနှင့် အနီးကဲ့သို့ ဖြစ်နေရခြင်းမှာ Hand Phone ခေါ် လက်ကိုင်ဖုန်း ပြောဆိုနေကြသံများသာလျှင်ဖြစ်ကြောင်း ရှင်းပြလိုက်ခဲ့ရာ ဘကြီးကိုကြွက်သိုးကား "ဟောလကွာ" ပြင်းစွာ အာမေဋိတ်လိုက်ပြီးသည့် သကာလ မျက်လုံးအဝိုင်းသားဖြင့် ငေးကြည့်နေခဲ့ပါကြောင်း ဟူလို။

ပေါ်ပြူလာ၊ ၃၀-၉-၂၀၀၈

# ခဲပုံမှာ အသက်ပါလွန်းသမို့

## (တစ်)

ယခုကာလသမယများသည်ကား ကျွန်ုပ်ဂျက်ကွမ်းခြံကုန်း၏ အိမ်ဂေဟာသို့ ရုပ်ရှင်လောကသားတို့ အဝင်အထွက်များသည့် ကာလသမယအခါပင် ဖြစ်တော့ဘိပေချေသည်တမုံ့တကား။

ကျွန်ုပ် မှတ်မိသလောက် အကယ်ဒမီတို့၊ ဘာတို့ မကြာခဏ ရတတ်သော ဒါရိုက်တာ ကြည်စိုးထွန်းဟူသည် ကျွန်ုပ်ထံသို့လာ၏။ အနီးနောက်သူလည်းပဲ အကယ်ဒမီထပ်ကာထပ်ကာရသူ ဒါရိုက်တာ မောင်ဝဏ္ဏ ကျွန်ုပ်ထံ ရောက်လာပြန်ချေသည်။

နောက်များမှာတော့ တော်ကြာနေ ဒါရိုက်တာကလေး ချိုတူးဇော် ရောက်လာလိုက်၊ တော်ကြာနေ ဒါရိုက်တာကလေး မင်းထင်ကိုကိုကြီး ရောက်လာလိုက်၊ တော်ကြာနေ ဒါရိုက်တာကလေး မောင်ဘုန်းဝေ ရောက်လာလိုက်နှင့်။ သရုပ်ဆောင်သစ် ရှာဖွေပေးပါရန် အလို့ငှာ ကိစ္စပါတည်း။

## (နှစ်)

သူတို့၏အဆိုအရ ကျွန်ုပ်သည် နယူးအက်တာ (New Actor) ခေါ် မျက်နှာသစ် သရုပ်ဆောင် ရှာဖွေရာ၌ လွန်စွာပေါက်သည်ဟု ဆိုပါ၏။

ဘုရင်ဖြစ်မည့်မောင်က သျှောင်ကလေးနှင့်ဟု ဆိုသလို ထိုသျှောင်ကို ရှာဖွေပေးနိုင်သည့် တဲလင့် (Talent) ကျွန်ုပ်၌ ရှိသည်ဆို၏။

ကောလိပ်ဂျင်ဟူသော ရုပ်ရှင်ဇာတ်ကားအတွက် ကိုနေဝင်းဆိုသည့် တက္ကသိုလ်ကျောင်းသားအား ရအောင်ရှာခဲ့ဖူးသလို၊ ဂျိမ်းစ်ဘွန်းဟူသော ရုပ်ရှင်ဇာတ်ကားများအတွက် ရှောင်ကွန်နရီဆိုသည့် လူတစ်ယောက်အား ရအောင်ရှာခဲ့ဖူးသလို၊ ဘယ်သူပြိုင်လို့လှပါတော့နိုင်ဟူသော ရုပ်ရှင်ဇာတ်ကားအတွက် အညာသူ အညာသားကြီးများအား ရအောင်ရှာခဲ့ဖူးသလို၊ အရပ်ထဲက သဘာဝဇာတ်ရုပ်များအား ကျွန်ုပ်က ရှာဖွေပေးခဲ့ဖူးရာ အနို့ကလိုကိစ္စများအတွက် ကျွန်ုပ်ထံ လာကြသွားကြခြင်းပင်။

အဆိုးဆုံးမှာကား မကြာမတင်က ထွက်ရှိခဲ့သည့် သေမင်းတမန် အငွေ့အသက်များဟူသည့် VCD ဇာတ်ကားမှာ အတော့်ကို ပေါက်၏။ စီးကရက်အန္တရာယ်ကို ရိုက်ကူးထားခြင်းဖြစ်ပြီး သရုပ်ဆောင်တို့မှာ အံ့မခန်းကိုပင် တော်လှပေသည်ဟု လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ချီးမွမ်းကြတော့ဘိချေပေရာ ဆရာဂျက် လက်ချက်ဟူလို။

စီးကရက်ကြောင့် ပျက်စီးသူ သရုပ်ဆောင်များကို အရပ်ထဲမှ မနည်းမနော ကျွန်ုပ် ရှာခဲ့ရပါကြောင်း သပ္ပုရိသအနွယ်ဝင် သူတော်စင် စာရှုသူ။

## (သုံး)

စီးကရက်ခဲသည့်နေရာ၌ သူ့စတိုင်လ်နှင့်သူ ကြည့်ကောင်းသူတို့မှာ အမြောက်အမြားပင်။

အင်္ဂါကျော်လာကို အပေါ်သို့ထောင်ကာ စီးကရက်ကို နှုတ်ခမ်းဖျား၌ ပြုတ်ကျတော့မတတ် ခိုတ်ထားတတ်သည့် ရုပ်ရှင်မင်းသားဇော်ခင်၏စတိုင်လ်။ လက်တွင်ညှပ်ထားသည့် စီးကရက်ကို နှုတ်ခမ်းသန္တာနီတျာတျာငုံဖူးဆီသို့ အသာတေ့ယူ ရှိုက်ဖွာလိုက်သည့် ရုပ်ရှင်မင်းသမီးကြီးတင်တင်မူ၏စတိုင်လ်။

မမစမ်းစမ်းနဲ့ (သာယာဝတီ)၊ ကောလိပ်ဂျင်နေဝင်း၊ အစ်ကိုကြီး မြတ်လေး၊ စာရေးဆရာ ဘိုင်အို မင်းသစ်၊ ကိုသင်းနိုင်၊ ကိုချောနွယ်၊ ရဲခေါင် ပြောက်ကျားချေငွေဗားရား၊ ဥက္ကဋ္ဌကြီးမော်၊ ရောင်ကွန်နရီ၊ မာလွန်ဘရန်ဒိုး၊ အို... အကုန်လုံးလိုလို ဖိုးလမင်းလည်း သူ့အဆင်းနှင့် အလင်းနှင့်ဆိုသလို၊ မီးတိုင်ငယ်လည်း သူ့အရွယ်နှင့် အစွယ်နှင့်ဆိုသလို စီးကရက်ခဲရာ၌ ကြည့်ကောင်းကြစမြဲပင်။

အနို့သော် စီးကရက်အန္တရာယ် ပညာပေးရုပ်ရှင်ကားကလေး ရိုက်ရန် သဘာဝဇာတ်ဆောင်များကို အရုပ်ထဲ၌ လိုက်ရှာဘိသောအခါတွင်မူကား သူ့စတိုင်လ်နှင့်သူ ကြည့်ကောင်းနေသော မိသားစုကို ကျွန်ုပ်က သွားတွေ့လိုက်ပါ၏။

"သည်လို ဆရာကြီးဂျက်ရေ အကျွန်က လက်ဖက်ရည်သမား၊ လက်ဖက်ရည်ဆိုင်ထိုင်လို့ ငွေအကြွေ ပြန်မအမ်းနိုင်သောအခါ ဆိုင်က စီးကရက် အမ်းသဗျာ၊ သမှာ အကျွန်က ကောက်ကောက်ခဲမိတာ" အနီကား ဖခင်၏ ရင်ဖွင့်စကား။

"မီးသွေးတစ်ပိဿာ ၄၀၀ တဲ့၊ ၅၀၀ တန်ပေး၊ ဘယ်တော့မှ ပြန်မအမ်းနိုင်ဘူး၊ ရော့ စီးကရက်ပဲ၊ သမှာ ကျွန်မက ကောက်ကောက် ဖွာတာ"

မိခင်၏ ဘဝထဲကစကား။

ပသို့ဖြစ်စေ အနီငင်းမိသားစုကို သေမင်းတမန် အငွေ့အသက်များ စီးကရက်ပညာပေး ဗီစီဒီကား၌ ထည့်ရိုက်ရာ အတော်ကလေးကို ပေါက်သွားသည်ဆိုပါစို့။ သားအမိ သားအဖ စီးကရက်ခဲသည့် ဇာတ်ဝင်ခန်းသည် အတော့်ကို အသက်ပါသည်ဆိုပါ၏။ သဏ္ဌာန်လုပ် သရုပ်နှင့်တူသူများကို ရှာတတ်သည်ဟုဆိုကာ နာမည်ထွက်သွားရာက ရုပ်ရှင်သမားတို့ ကျွန်ုပ်ထံ ဝင်ထွက်သွားလာနေတော့ပြန်ပါပေတကား။

ပေါ်ပြူလာ၊ ၂-၁၂-၂၀၀၈

# မောင်းချင်ရာမောင်း ကိုဘသောင်း

## (တစ်)

ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းသည် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးတည်ရှိရာ မဟာရန်ကုန်၌ နေ၏။ ရန်ကုန်ကား အဆော့သန်သည့် ကလေးနှယ် ဘယ်သောအခါကမှ အငြိမ်နေတတ်သည် မဟုတ်ချေ။ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် ရွှရွှ ရွှရွှနှင့် လှုပ်ရှားသွားလာနေလိုက်ကြပုံများ။ အဲ-အနို့ကလို တောင်သွား မြောက်သွားနှင့် ခြေထောက်တွေ များသောအခါ ဘယ့်နှာသို့ သွားကြပါစ။ ဟုတ်ကဲ့။ ပထမ အားကိုးအားထားမှာကား ဘတ်စ်ကားများပါဟူလို။ အမိမြန်မာပြည်၌ ဘတ်စ်ကားယဉ်ကျေးမှု ထွန်းကားပြီး ဘတ်စ်ကားစီး၍ အဆင်ပြေသောမြို့များလည်း ရန်ကုန်သာရှိအံ့ဟု ကျွန်ုပ် ထင်ပါ၏။ မန္တလေး၊ ပုသိမ်၊ မြစ်ကြီးနား၊ တောင်ကြီး သူ့နည်းနှင့်သူ ဘတ်စ်ကားတို့ ပြေးဆွဲနေကြသည်မှာ မှန်ပါ၏။ အနို့သော် မဖွံ့ထွားချေပါတကား။

အနို့နောက် ရန်ကုန်မြို့၏ ဒုတိယ အားကိုးအားထားမှာကား တက္ကစီ (Taxi)။ ရန်ကုန်လောက် တက္ကစီပေါများသော၊ တက္ကစီယဉ်ကျေးမှုထွန်းကားသော တက္ကစီစီး၍လည်း အဆင်ပြေသောမြို့ ရှိလေအံ့ ကျွန်ုပ်မထင်။ ထား။

(နှစ်)

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ တွေ့ရခဲ ဆုံရခဲသည့် ဧည့်သည်နှစ်ဦး အလည်အပတ် ရောက်လာတုံ၏။ ဣတ္ထိယခေါ် အမျိုးသမီးနှစ်ဦးပေတည်း။ ဘဏ်ဝန်ထမ်းမိန်းကလေးနှစ်ယောက် ဖြစ်ချေပြီး နှစ်ဦးစလုံးမှာ ကမ္ဘောဇ ဘဏ်က ဖြစ်ချေလျက် တစ်ဦးမှူ မိတ္တီလာဘဏ်ခွဲက၊ တစ်ဦးက ဖားကန့် ဘဏ်ခွဲက ဖြစ်ချေသည်။ ရန်ကုန်မြို့တွင် ပို့ချသည့် ရက်တိုဘဏ်သင်တန်း တစ်ခု တက်ရောက်ရန် အလို့ငှာပေတည်း။

အနို့နှင့် တစ်နေ့သော် အနှီထိုမိန်းကလေးငယ်နှစ်ဦးတို့သည် ကျွန်ုပ် ထံသို့ လာရောက်လည်ပတ်ကြကုန်သည် ဖြစ်၏။ တပည့်ဟောင်းကလေး များလည်း ဖြစ်ဘိတော့ချေရာ အိမ်၌ နားနားနေနေ စားသောက်ပြီးကြသည့် အခါတွင်မှ သူတို့၏ သင်တန်းတည်းခိုဆောင်ရှိရာ ရန်ကုန်မြို့ ကိုးမိုင်ဘက် ဆီသို့သွားရန် နှုတ်ဆက်၏။ ကျွန်ုပ်ကလည်း ကျွန်ုပ်၏အိမ်နှင့် မလှမ်းမကမ်း ဆေးတက္ကသိုလ် ၂ ရှေ့မှနေ၍ တက္ကစီကားကလေးတစ်စီးကို ငှားပေးလိုက် ချေသည်ပင်။ အချိန်ကား ညနေရီရီ မပီဝိုးတဝါး မှိုင်းမှိုင်းမှုန်မှုန်ပေတကား။

(သုံး)

အချိန် အတော်ကလေးလင့်သွားပြီးသည်ရှိလေသော် တပည့်မ မိန်းမ ပျိုကလေးနှစ်ဦးတို့သည် ကျွန်ုပ်ထံသို့ ဖုန်းဆက်ကာ အစီရင်ခံ၏။ သူတို့ နောက်ထပ် တက္ကစီကလေးတစ်စီးကို ထပ်ငှားရပါကြောင်းဟူလို။ အသေး စိတ်မှာကား အောက်ပါအတိုင်းပင်။

အဆိုပါ အနှီတက္ကစီ ဒရိုင်ဘာကား ကိုးမိုင်ဘက်ဆီသို့ တန်းမမောင်း သေးဘဲ ငမိုးရိပ်ချောင်းကို ကျော်ကာ မြောက်ဒဂုံဘက်ဆီသို့ ဖြည်းဖြည်းချင်း လိုမ့်၍လိုမ့်၍ မောင်းဆင်းသွားသည် ဆိုပါ၏။ မျက်နှာမှာကား အကြံအိုက် နေသည့်ဟန်။ ရှင် ဘယ်မောင်းနေတာလဲ။ ဒါ မြောက်ဒဂုံ။ ကျွန်မတို့

ကိုးမိုင်သွားမှာ။ တစ်ယောက်က အနှိုင်းကလို ပြောထည့်ချလိုက်သောအခါတွင်မှ ကားကို ပြန်ကွေ့ကာ ပြုံးထော့ထော့လုပ်နေသောဟူ၏။

အနှိုင်းနောက် မြောက်ဥက္ကလာပထဲသို့ ပြန်ဝင်လာခဲ့ပြီးသော် ယင်းတက္ကစီသည် အောင်မင်္ဂလာအဆေးပြေးဂိတ်ဆီသို့ ဦးတည်မောင်းနှင်လာခဲ့ကာ မင်္ဂလာဒုံဘက်သို့ သွားချင်ယောင်ယောင်ဟန်ပြုနေပြန်ပါ၏။

ရှင် ကျွန်မတို့ကို ဘာထင်နေလဲ။ ကားပြန်ကွေ့ပါ။ တစ်ယောက်က အနှိုင်းကလို ငေါက်ပြန်တော့မှ မြောက်ဥက္ကလာပတံတားကလေး လမ်းဝဘက်ဆီ ပြန်မောင်းထွက်လာပြန်သည်ဟူသတည်း။

နောက်ဆုံးတွင်ကား ဣတ္ထိယခေါ် မိန်းကလေးနှစ်ယောက်တို့ မနေသာကပြီ။ ရပ်။ ကားကို ခုရပ်။ ကျွန်မတို့ ကားပြောင်းမယ်။ သို့ကလို ခပ်တင်းတင်းဆိုပြီးသည့် သကာလ၊ တက္ကစီခကို ရှင်း၊ ကားတံခါးကို ဆောင့်ဖွင့်၊ ရုတ်ခြည်းဆိုသလို ဆင်းဘိတော့ချေရာ အနှိတက္ကစီဒရိုင်ဘာက ပြည်တည်တည် ကြည့်၍နေသောဟူ၏။

ကြောက်လိုက်တာ ဆရာရယ်။

ဤကား အစီရင်ခံစာ အချုပ်ပေတည်း။

## (လေး)

စင်စစ်မူ ကျွန်ုပ်၏ တပည့်မကလေးနှစ်ဦးတို့သည် ရန်ကုန်တက္ကစီဒရိုင်ဘာအချို့အချို့တို့၏ စိတ်ကောင်း စေတနာမွန်တို့ကို မသိသောကြောင့် သာလျှင် ဖြစ်တန်ရာပါ၏။

နယ်သားနယ်သူ အိုးတိုးအတကလေးများ ဖြစ်ပုံရသည်ဟု အကဲခတ်ကာ ကားကို တမင်ပတ်ပြီး လျှောက်မောင်းပေးနေခြင်း ဖြစ်ပါ၏။

ရှုကြ။ မြို့ရန်ကုန်၏ ညနေခင်းအလှတွေ။ ခံစားကြ၊ မြို့သူမြို့သားတို့

လှုပ်ရှား သက်ဝင်ပုံတွေ။ နားဆင်ကြ။ မြို့ပြညချမ်း၏ ဂီတတွေ။ သို့ကလို အနို့လို စိတ်ကူးမျိုးနှင့် လိုက်ပတ်မောင်းနှင်နေခြင်း ဖြစ်ပုံရပါရဲ့လေ။

တပည့်မကလေးတို့က ကျွန်ုပ်အား အနီတက္ကစီ၏ ကားနံပါတ်ကို ပေးထားပေရာ ကျွန်ုပ်လည်း လမ်းပေါ်ထွက်တိုင်း ရှာကြံ၍ နေမိခဲ့ပြီး တွေ့လျှင် စီးကြည့်ဦးမည်ဟု အားခဲထားပါ၏။ စာရှုသူတို့ကလည်း အနီ သဘောကောင်း မနော်ကောင်း တက္ကစီဆရာ၏ ကားနံပါတ်ကို သိလိုသော် ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းထံ လိပ်မူတပ်၍ တောင်းယူနိုင်ကြပါကြောင်း။

ပေါ်ပြူလာ၊ ၁၇-၃-၂၀၀၉

# အက်ကျူကိတ်တက်များနှင့် ခရီးသွားခြင်း

## (တစ်)

အမည်ရင်းမှာကား ဦးသိန်းဖေ ဟူ၏။ Pen Name ခေါ် စာပေရေးသားသည့် အမည်ကမူ ဆရာနန္ဒာသိန်းဇံဟူလို။ ဆရာနန္ဒာသိန်းဇံကား ကျွန်ုပ်၏ဆရာ ဖြစ်ပါ၏။ ဆရာရေးသားပြုစုခဲ့သည့် ဘုတ်အုပ်များကိုလည်း ကျွန်ုပ် ဝယ်ယူစုဆောင်း ဖတ်ရှုပါ၏။ ဆရာ့စာအုပ်များအနက် တစ်အုပ်၏ အမည်မှာကား 'မိတ်ဆွေကောင်းတို့နှင့် ခရီးသွားခြင်း' ဟူသောစာအုပ်။ မိုက်၏။ ကျွန်ုပ် ကြိုက်၏။ ၎င်းအပြင် ခိုက်၏။

အနို့ဖြစ်တော့ဘိချေရာ ဆရာ့ကို အားကျမိသော ကျွန်ုပ်သည် ဆရာ့ဟန်ဖြင့် စာအုပ်တစ်အုပ်ရေးရန် အကြံအစည်တစ်ခု ဖြစ်ပေါ်မိ၏။ စာအုပ်၏ အမည်မှာကား အနှီစာမူ၏ ပထမ မူလမဆွတွင် ရေးသားဖော်ပြထားခဲ့ချေသော တိုင်တယ်လ် (Title) ပင် ဖြစ်ပါ၏။

ဟုတ်ကဲ့။

အက်ကျူကိတ်တက်များနှင့် ခရီးသွားခြင်း ဟူလို။

## (နှစ်)

အက်ကျူကိတ်တက် (Educated) ကို အဘိဓာန် ဘုတ်အုပ်ထူကြီးများဝယ် ပညာတတ်ဟု ဖွင့်ဆိုထားပါ၏။ အထူးထူး အထွေထွေ အဖုံဖုံ

အပြားပြားကို တတ်သိသောသူ ဟူလို။ အရပ်သား နားလည်အောင် ပြောဆိုရပါမူ ဂျင်နရယ်နော့လိဂျ် (General Knowledge) ရှိသောသူ။

ကျွန်ုပ်ကား စာရေးဆရာပေမို့လား မဆိုတတ်။ အက်ကျူကိတ်တက် မိတ်ဆွေ အတော်ကလေးကို များပါ၏။ ဒေါက်တာတွေ၊ မဟာတွေ ကျွန်ုပ် အနီးတွင် များပြားလှပါဘိတောင်း။ သို့ဖြစ်ရာ ဘဝခရီးလမ်းတစ်လျှောက်ဝယ် ဟိုအကွေ့မှာ ဟိုအက်ကျူကိတ်တက်နှင့်တွေ့၊ သည်အကွေ့မှာ သည်အက်ကျူကိတ်တက်နှင့်တွေ့ဖြင့် အသိဉာဏ် ဗဟုသုတအရာဝယ် ဂျက်ဆရာဖြစ်၍ လာခြင်း ဖြစ်ပါ၏။

## (သုံး)

တစ်နေ့သော် ကျွန်ုပ်သည် မိတ်ဆွေ ဆရာမကလေး ဒေါက်တာယောမာ ရဂုံနှင့် ဂျာနယ်တစ်စောင်ကိုဖတ်လျက်ရှိရာ ထိတ်လန့်စဖွယ် ဩစတြေးလျ တောမီးလောင်မှု သတင်းကြီးကို ဓာတ်ပုံနှင့်တကွ ရှုစားခွင့်ရခဲ့ပါ၏။ ယောမာ ရဂုံကား ရက္ခဗေဒပိုင်းဆိုင်ရာ ဒေါက်တာဖြစ်ဘိတော့ချေရာ အနှီတောမီးလောင်မှုသတင်းကို ဖတ်ပြီးသည့်သကာလ မြွက်ဟလာသည်မှာ...

"မီးကွင်းဂမုန်းတွေကို များများစိုက်ဖို့ကောင်းပါရဲ့ရှင်...ဩစတြေးလျကလူတွေကို အကြံပေးချင်ပါဘိ" ဟူလို။

အနှီနှင့် တစ်နေ့တွင်မူ ဘူမိဗေဒပါရဂူ ကျွန်ုပ်၏မိတ်ဆွေ ဒေါက်တာ ဝသုန်ပံသုနှင့် ကမ္ဘာ့ကပ်ဘေးကြီးများ သဘာဝဘေးအန္တရာယ်များအကြောင်း ရှိရာ စကားဦးလှည့်မိကြလေရာ လူ ၇ သောင်းခန့်သေဆုံးသည့် တရုတ်ပြည် စီချွမ်ငလျင်အကြောင်း စကားစပ်မိပြန်ပါ၏။

ဒေါက်တာဝသုန်ပံသုက...

"ဘဇာကြောင့် ငလျင်လှုပ်သလဲ ဟတ်လား ရှင်းရှင်းလေး... လူတွေ စာရိတ္တဖောက်ပြန်လာကြလို့ခင်ဗျ" ဟူသတည်း။

စာနဒီစာအုပ်တိုက်

အနီးနှင့် တစ်နေ့သော် မြို့အပြင် ရထားလမ်းနံဘေး စိုက်ခင်းများရှိရာဆီ အပင်ပိုင်းဆိုင်ရာ မဟာသိပ္ပံတစ်ဦးနှင့် လမ်းလျှောက်ထွက်မိပါ၏။ ထိုအခိုက် နှင်းမြှုဆိုင်းဆိုင်းကြားမှ ဘူးစင်ကြီးများကိုတွေ့ရာ ကျွန်ုပ်က အားရဝမ်းသာဖြင့် လက်ညှိုးကြီးထိုးကာ လှမ်းပြမည်အလုပ်တွင် အကြင်သူက...

"အယ်... လုပ်ရော့မယ်... ဘာမှန်းညာမှန်းမသိ၊ လက်ညှိုးထိုးပြရင် ဘူးသီးပုပ်တတ်သော်ကောခင်ဗျ... မှတ်" ဟူပါကြောင်း။

သို့ဖြင့် တစ်ခုသော နွေဦးရာသီတွင်ကား ကျွန်ုပ်သည် သမိုင်းရာဇဝင်ပိုင်းဆိုင်ရာ ပါရဂူတစ်ဦးနှင့်အတူ ပုဂံညောင်ဦးတစ်ဝိုက်သို့ ရောက်ပါ၏။ ရွှေစည်းခုံစေတီကြီး၏ ကြည်ညိုအံ့သြစရာ မကုန်ပုံကို ကျွန်ုပ်ဖူးမြော်၍နေစဉ် အခိုက်ဝယ် အနီးဒေါက်တာ ရာဇဝံသက...

"သိကြားမင်းတို့အဖွဲ့ရဲ့ အကူအညီကြောင့် ဤမျှ ခံ့ထည်နေသပေါ့အဆွေ" ဟူသတတ်။

တစ်နေ့သော် ကျွန်ုပ်တို့၏ အရပ်ထဲတွင် အဆောက်အအုံ ခပ်မြင့်မြင့်တစ်ခုကို ဆောက်ပါ၏။ တောင်ပူစာကလေး တစ်ခုပေါ်တွင်လည်းရောက်နေသဖြင့် မိုးကြိုးလွှဲကလေးတပ်ရသော် မကောင်းလားဟု ဆွေးနွေးမိကြ၏။ ဤ၌ ရူပဗေဒကထိကကလေးက စကားကို အပြတ်ပြောတော့ချေသည်။

"မလိုပါဘူးရယ်လေ... သီလသာလုံ့ပလေ့စေ... ဘဇာမိုးကြိုးလွှဲမှ အားကိုးနေစရာမလိုဘူးမှတ်" ဟူလို။

ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးကမူ တိုရစ်ဇင်ခေါ် ခရီးသွားလုပ်ငန်းပညာ (Tourism) ဖြင့် မဟာဘွဲ့ရလာသူဖြစ်ပါ၏။ သူကား သူ့ဟိုတယ်ဝန်ထမ်းများအား ဟိုတယ်မျက်နှာစာဝယ် ညှော်လာဂမုန်းပင်များကို တန်းစီချထားရန် ညွှန်ကြားနေဖူးပါ၏။

"Low Season ခေါ် ညှော်ပါးသောရာသီမို့ ခုနှယ်လုပ်ဆောင်ရပေသဗျာ" ဟူတကား။

စာနဒီစာအုပ်တိုက်

ထို့နှယ်သို့နှယ်သော အက်ကျူကိတ်တက်တို့သည်ကား ကျွန်ုပ်၏ ဝန်းကျင်မှ မိတ်ဆွေများပင် ဖြစ်ပါ၏။ သူတို့ထံမှ ပညာအသိသည် တန်ဖိုး ဖြတ်၍ မရနိုင်ဘိသော ရတနာများပင် ဖြစ်ပါ၏။ ဂလိုဘယ်လိုက်ဇေးရှင်း (Globalization) ခေါ် ကမ္ဘာ့မှုပြုနေသည့်အခိုက်အကြိုက်၌ အိုင်တီခေါ် Information Technology ထွန်းကားနေသည့် ကာလဝယ် Third Wave ခေါ် တတိယလှိုင်းနှင့် အတူလိုက်ပါရန်အလို့ငှာ ထိုထို၍၍သော အတွေး အခေါ်အစအနတို့ကို စုဆောင်းကာ 'အက်ကျူကိတ်တက်များနှင့် ခရီးသွား ခြင်း' ဘုတ်အုပ်ကို ထုတ်ဝေဖြန့်ချိရန် ကျွန်ုပ် ပြင်ဆင်လျက်ရှိပါကြောင်း။

ပေါ်ပြူလာ၊ ၅-၅-၂၀၀၉

# ဘီဖိုးသကြင်္န် အာဖတာသကြင်္န်

## (တစ်)

သင်္ကြန်တော် မင်္ဂလာပွဲကို မည်သည့် အချိန်က စတင်၍ ကျင်းပခဲ့ပါလိမ့်ဟု အမေးရှိလာအံ့။ ယင်း ၎င်းမေးခွန်းကို ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းမဖြေတတ်ချေ။ ထို့နောက်တစ်ဖန် သင်္ကြန်၌ လူတစ်ဦးနှင့်တစ်ဦး ရေပက်ကစားသမှုပြုခြင်းကိစ္စကို အဘယ်သူက စခဲ့သနည်းဟု ထပ်ဆင့်မေးလာသည်ရှိအံ့။ ကျွန်ုပ်တစ်ယောက် ဖြေဆိုနိုင်စွမ်း မရှိပြန်ပါချေ။ အနို့သော် သို့သော်လည်းပေါ့ ရာဇဝင်ဘုတ်အုပ်များ၏ အလိုအရဟူမူ နရသီဟပတေ့ခေါ် တရုတ်ပြေးမင်းခေါ် သားမွှာဘခေါ် ပုဂံဘုရင်တစ်ပါးက သူ့မိဖုရားတစ်ပါးဖြစ်သောစောလုံကို ရေပက်ကျီစားရာက စခဲ့သလိုလိုဟုကား မှတ်ယူမိခဲ့ဖူးပါ၏။

ငါးသိုင်းချောင်းတစ်ဖက်ကမ်း ဒေါင့်ကြီးကျေးရွာ၌ မွေးကာ နောင်သော် ကမ္ဘာကျော် သမိုင်းပညာရှင်ဖြစ်သွားခဲ့ရသူ ဆရာကြီး ဒေါက်တာသန်းထွန်းကမူ ပုဂံသင်္ကြန်အကြောင်းလာမေးလျှင် သူ မပြောတတ်ပါ ဟူ၏။ သူဖတ်ဖူးလေသမျှသော ပုဂံကျောက်စာ အချပ်ချပ်များပေါ်၌လည်း သင်္ကြန်ဟူသည့်စကားလုံး တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးပါဟူ၏။ အနို့သော် သို့သော်

လည်းပေါ့ သူ့ဘာသူ အထောက်အထားရှိရှိမရှိရှိ ဂျက်ကွမ်းခြံကုန်းဟူသည့် ကျွန်ုပ်ကမူ ဇာတိသွေး ဇာတိမာန် အလျှံတညီးညီး တောက်လောင်နေသူ ဖြစ်ဘိမူရာ သကြိန်အစ ပုဂံကဟုပဲ မှတ်ယူလိုက်ပါ၏။

## (နှစ်)

စာရေးဆရာကြီး မောရစ်ကောလစ် (Maurice Collis) ကမူ သူ့ဝတ္ထု ဘုတ်အုပ် She was a queen (ဆရာမြသန်းတင့် မြန်မာပြန် ကေရီဖွားစော) တစ်နေရာဝယ် ပုဂံသကြိန်ကို ကြေကွဲစရာ သရုပ်ဖော်ထားပါ၏။

ရောဝတီ မြစ်ကမ်းနံဘေးက ရေကန်ကြီး၌ သကြိန်ပွဲကျင်းပသည်။ နရသီဟပတေ့ခေါ် တရုတ်ပြေးမင်းခေါ် သားမြွာဘခေါ် ပုဂံဘုရင်က မိဖုရား စောလုံအား ရေပက်ကြဖို့ အမိန့်ပေးသည်။ မောင်းမ ကိုယ်လုပ်တော်တို့က အကြမ်းပတမ်းလောင်းပက်ရာ စောလုံအရှက်ရပြီး စားတော်ပွဲ၌ ပုစွန်တုပ် ဟင်းထဲ အဆိပ်ခတ်သည်။ ဤ၌ နရသီဟပတေ့ သိကာ သံလုံအိမ်ထဲသွင်း လျက် မီးတိုက်သတ်ရန် အမိန့်ပေးသည်။

ပြန်လှန် ဆပြန်တော့ သကြိန် ကျချိန်ပေါ့
ယမန်သမယဆီက ပုဂံသမ္မတဘုရင် သားမြွာဘပါတဲ့
ဆောင်းမှ နွေအလည် ဘုန်းရောင်တော်ပြနေကြ
မောင်းမရွှေညီ မဟေသီ သုံးထောင်ကျော်မျှရယ်နှင့်
သည်လ နွေရာသီမဖြင့် ဆွေကလျာ မဒီတွေကို
ချစ်စိတ်စမ်းလိုတဲ့ အားရယ်နှင့်
ရောဝတီမြစ်ဆိပ်ကမ်း တစ်ခိုသို့ သွားပါလို့
ရွှေနန်းအစဉ်အလာ
ရေဖျန်းမင်္ဂလာ ကစားစဉ်က
ချစ်အားတော် ဗလောင်ဆန်လို့မို့

တစ်ဆောင်စံ စောလုံပက်စဉ်က
သွက်သွက်လည် ကြမ္မာငင်ဖို့
ရက်စက်တယ် ခမျာထင်လို့မို့
အစာတွင် အဆိပ်သေမယ့် ဆေးရယ်နှင့်
မဟာဘုရင်ကို တိတ်တိတ်သေဟဲ့လို့ ကျွေးလေတော့

ကဗျာစာဆိုကြီး အဘိုးသခင်ကိုယ်တော်မှိုင်းက 'မိဖုရား စောလုံ' လေးချိုးမဟာကြီးထဲ၌ ပုဂံသကြဲန်ဇာတ်လမ်းကို သို့နှယ် မှတ်တမ်းတင်ရေးဖွဲ့ခဲ့ပါလေ၏။ ယင်းသည် တကယ်ဟုတ်သလော၊ မဟုတ်သလော ကျွန်ုပ်မစောကြောနိုင်သည့်တိုင် အခုတော့ ကျွန်ုပ်တို့ ရေပက်ကြပြီ။

အိမ်ရှေ့ ရေတိုင်ကီထဲမှ ရေကို ဆတ်ခနဲ ခပ်ယူကာ လမ်းပေါ်ကလူကို လိုက်ပြေးလောင်း သည်မှစကာ ငွေလေးငါးသောင်းပေးသွင်းကာ ပိုက်လုံးသေးသေးကလေးတွေ ကိုယ်စီကိုင်ပြီး အလှပြမဏ္ဍပ်ကြီးများတွင် သွားရောက်ရေပက်ကစားသည်အထိ အမျိုးမျိုးအထွေထွေ ကျွန်ုပ်တို့ ရေပက်ကြ၏။ သာပါစေကြောင်း မာပါစေကြောင်း ဟူဘိသတတ်။

(သုံး)

ယခုနှစ်တွင် သကြံန်တော်ရက်မြတ်မင်္ဂလာ မကျရောက်မီ ကျွန်ုပ်သည် လှိုင်သာယာ ဒဂုံရော အဝေးပြေးကားဂိတ်မှ မြို့ထဲဘက်သို့ ဘတ်စ်ကားဖြင့်လာခဲ့၏။ တစ်နေရာအရောက်တွင် ရေတွေ ကားထဲသို့ ဗွမ်းခနဲ ဝင်ရောက်လာ၏။ သကြံန်ရောက်ဖို့ ဆယ့်ငါးရက်လောက် လိုသေးသော်လည်း ရေပက်လောင်းနေကြရာ ကျွန်ုပ်ရင်ထဲ ကြည်နူးသွားမိပါ၏။

တစ်ခုသောနှစ်ကမူ ကျွန်ုပ်သည် ရန်ကုန်-မန္တလေး မီးရထားပေါ်၌ လိုက်ပါလျက်ရှိပါ၏။ တွဲတစ်ခုလုံး ငိုက်မျဉ်း၍ လာခဲ့ကြစဉ် ဘူတာတစ်ခုအရောက်၌ ရေတွေ ဗွမ်းခနဲ ဝင်ရောက်လာပါ၏။ ပိတ်ထားသည့်တံခါးကို

တစ်ယောက်က ဆတ်ခနဲ ဆွဲဖွင့်ကာ နှစ်ယောက်သောက်က ရေကို သံပုံးဖြင့် ထိုးကာထိုးကာ လောင်းထည့်လိုက်ခြင်းဖြစ်ရာ ခရီးသည်တို့ ရွှဲနစ်ကုန်ပါ၏။ ကလေးတစ်ယောက်က စီခနဲငိုလိုက်စဉ် ရထားက တရွေ့ရွေ့ထွက်ဆဲ။ အမှောင်ရိပ်တွင် ဘူတာပလက်ဖောင်းပေါ်က လူတွေ တဝါးဝါးရယ်ဆဲ။ သင်္ကြန်ရောက်ရန် လနှင့်ကိုချီ၍ လိုပါသေး၏။ အနို့သော် ရန်ကုန်-မန္တလေး ရထားလမ်းပေါ်၌ ရေပက်နေကြပြီ။

မာပါစေကြောင်း သာပါစေကြောင်းဖြင့် တစ်လအလိုလောက်ကပင် ကြိုတင်၍ ရေလောင်းနေကြသည့် နှလုံးသားလှသည့် ကျွန်ုပ်တို့ မဟာအမျိုးသားများပါပေတကား။

တစ်ခါသားကမူ အနှီသို့ မဟုတ်။ သင်္ကြန်ပြီး၍ ရက်သတ္တတစ်ပတ်လောက် လွန်သွားခဲ့ကပြီ။ ပုသိမ်-မြန်အောင် ကြံခင်းရထားပေါ်၌ ကျွန်ုပ်လိုက်ပါလျက်ရှိစဉ် တောဘူတာကလေးတစ်ခုအရောက် ရေတွေ ဝေါခနဲဝင်ရောက်လာပြန်ပါသည်။ တစ်ယောက်က မကျေမချမ်းနှင့်လှမ်းပြောရာ အတာနှစ်ကူးကို မြတ်နိုးပုံရသော အမောင်သကောင့်သားတို့က...

"သေနတ်နဲ့ ပစ်နေတာ မဟုတ်ဘူး ရေလောင်းတာ"

ဟူ၍ ဝါးခနဲ ရယ်မောလျက်။

မှန်ပါသည်။ မာပါစေကြောင်း သာပါစေကြောင်း အတာရေနှင့်လောင်းတော်မူနေကြခြင်း ဖြစ်ပါသည်။ အတာသင်္ကြန်ရက်များသာလျှင် မကမူဘဲ လနှင့်ရက်နှင့်ချီကာ ကြိုတင်၍ ရေလောင်း၊ နောက်ဆက်တွဲ၍ ရေလောင်းနှင့် သာစေမာစေကြောင်းကို ဆုတောင်းပေးနေကြသော ရထားလမ်း၊ ကားလမ်းတစ်လျှောက်မှ သပ္ပုရိသအနွယ်ဝင် သူတော်စင်အပေါင်းကို ကျွန်ုပ်၏ ရင်ထဲ၌ ကမ္ဘည်းတင်လျက်ရှိပါကြောင်း ဟူလို။

ပေါ်ပြူလာ၊ ၂၈-၄-၂၀၀၉

# အနှစ် ၁၀၀၀ လောက် ရှေ့ကိုရောက်နေသည့် ပါးစပ်ကြီးများ

(တစ်)

ကျွန်ုပ်သည်ကား ရာဇဝင်ကို အထူးပင် စိတ်ဝင်စားလှပါကြောင်း ဦးစွာမဆွ ဝန်ခံထားလိုပါ၏။ ဟိုးနှစဉ်တုန်းဆီက အမျိုးသားပညာဝန် ဦးဖိုးကျား ရေးသားပြုစုချေသော မြန်မာ့ဂုဏ်ရည် ဖတ်စာဘုတ်အုပ်ကို ကျွန်ုပ်အသည်းစွဲခဲ့ပါချေ၏။ အနို့နောက် မော်ဘီဆရာသိန်းကြီး၏ ပါးစပ်ရာဇဝင်လို ဘုတ်အုပ်မျိုး၊ မြန်မာဝန်ကြီးမှူးကြီးများ လို ဘုတ်အုပ်မျိုး၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ နတ်ရှင်နောင်၊ တပင်ရွှေထီး အစရှိကုန်သည့် ဝတ္ထုဘုတ်အုပ်များကို ဂျက်လုလင် အငမ်းမရ ဖတ်ရှုခဲ့သည်ပင်။ ဆရာကြီးဦးစံထွား၏ လောကီထုပ္ပတ် လူတို့ဇာတ် ဟူသော စာအုပ်သည်လည်း ကျွန်ုပ်၏အသည်းစွဲ။ ထား။

နှောင်သော် ရင့်ကျက်တည်ငြိမ်လာသော ဂျက်ဘဝဝယ် မှန်နန်းရာဇဝင်တွေ၊ ဦးကုလားရာဇဝင်တွေ၊ ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီးတွေ၊ ဒေါက်တာသန်းထွန်းတွေ၊ ဒေါက်တာတိုးလှတွေ၊ ဆရာမကြီးမကြန်တွေနှင့် လုံးထွေးရစ်ပတ် ရာဇဝင်နှင့် အဆက်မပြတ်သော ဘဝပင်။

စာနဒီစာအုပ်တိုက်

လွန်လေပြီးသော ကာလများဆီက ဆရာမဂျူး၏ စာအုပ်တစ်အုပ် ထွက်ဖူး၏။ **ရာဇဝင်ထဲမှာ မောင့်ကိုထားရစ်ခဲ့** ဟူသတတ်။ ကျွန်ုပ်ကား History ဘုတ်အုပ်ထင်သဖြင့် ဝယ်ယူမိခဲ့ပါ၏။ ဂျက်ရှုံမုန်းသည့် အချစ်ကိစ္စကြီးပေပဗျာ။ အနို့နောက် အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဟောင်း ကစ်ဆင်းဂျား၏စာကို အစ်ကိုကျော်ဝင်း ဘာသာပြန်ဆိုသော **ရာဇဝင်တွင်ရစ်မယ့်စကားဝိုင်းများ** ဘုတ်အုပ်ကိုလည်း ရာဇဝင်ဘုတ်အုပ်အမှတ်နှင့် ကျွန်ုပ်ဝယ်ယူဖူးခဲ့ပါရဲ့။ ဘယ့်နှာ တရုတ်ခေါင်းဆောင်ကြီးမော်စီတုန်းနှင့် အမေရိကန်သမ္မတ နစ်ဆင်တို့ရဲ့ ဆွေးနွေးပွဲစကားဝိုင်း မှတ်တမ်းပေပဗျာရယ်။ ထား။

ပသို့ပင် ဆိုစေကာမူ ရာဇဝင်ချစ်သူ ကျွန်ုပ်သည်ကား နောက်ပိုင်း၌လည်း ရာဇဝင်ဝတ္ထုဆိုလျှင် ဖတ်မြဲဖတ်၏။ ရာဇဝင်ဇာတ်ကားများကိုလည်း ကြည့်မြဲကြည့်၏။ ကြာသော် ပါးစပ်ကြီး အချို့ကို သတိထားမိလာ၏။ ခေတ်ရှေ့ကို တော်တော်ရောက်နေသည့် ရာဇဝင်ထဲက ပါးစပ်ကြီးများ။

## (နှစ်)

တစ်နေ့သော် ကျွန်ုပ်သည် ပုဂံခေတ်နောက်ခံ ရုပ်ရှင်ဇာတ်ကားတစ်ကားကိုကြည့်၏။ ဥဿာပဲခူးဘုရင်၏ သမီးတော် မိမိ၏မိဖုရားအလောင်းအလျာ ခင်ဦးနှင့် ငြိစွန်းခဲ့သည်ကိုသိ၍ ကျန်စစ်သားကို စိတ်ဆိုးနေသည့် အနော်ရထာမင်းနှင့် ကျန်စစ်သားတို့ စကားဆိုသည့်အခန်း။

"ခင်ဦးနဲ့ ကိုယ့်လူရဲ့ကိစ္စ ပြောပါဦး"

"မှန်ပါ... မစွမ်းရင်းကလည်းရှိ ကန်စွန်းကလည်း ငြိဆိုသလို... မေတ္တာမျှမိကြပါတယ် အရှင်"

"တော်... တန်... တိတ် ကျန်စစ်သား သင့်မျက်နှာကို ငါ မကြည့်ချင်ဘူး"

ပုဂံခေတ်က လူနှစ်ယောက် နန်းတော်ထဲ၌ စကားပြောနေကြပုံများ

မှာ ယခုခေတ် မြောက်ဒဂုံက လူနှစ်ယောက် စကားပြောနေကြသည့်အတိုင်း ပင်။ ထား။

တစ်ခါကသော် ကျွန်ုပ်သည် ဟိုးရှေးအတီတေက ဇာတ်ဝတ္ထုတစ်ပုဒ် ဖြစ်သော ရာမ၊ သီတာ၊ ဒသဂီရိတို့၏အကြောင်းကို ရိုက်ထားသည့် ဇာတ်ကားတစ်ကားကို ထိုင်ကြည့်နေမိပြန်ပါ၏။ သီရိလင်္ကာခေါ် လင်္ကာဒီပကျွန်း၏ မြင်ကွင်း။

''ရှင် ကျွန်မကို ဘာလို့ ချုပ်နှောင်ထားသလဲ မိန့်ပါ''

''ချစ်လို့ သီတာ ချစ်လို့၊ ကိုယ် မင်းနဲ့ မခွဲနိုင်ဘူး၊ ဟောသည် လင်္ကာဒီပကျွန်း မီးကျွမ်းသွားပါစေ မင်းကို မစွန့်လွှတ်နိုင်ဘူး''

''ရှင် ရူးနေသလား ဒသဂီရိ''

ကြည့်စမ်း၊ လှိုင်သာယာ အဝေးပြေးဂိတ်နားက ယောကျ်ားနှင့် မိန်းမ အချစ်ရေး အချစ်ရာကိစ္စ ဒေါပွ၍နေကြသည့်နှယ် ဒသဂီရိကြီးနှင့် သီတာ ဒေဝီတို့ အပြန်အလှန် ပြောဆိုနေလိုက်ကြပုံ။

မိုးတွေဖွဲသည့် နေ့တစ်နေ့ကမူ ကျွန်ုပ်သည် ရုပ်ရှင် ဗီဒီယို စသည့် အရုပ်တွေ၊ အသံတွေနှင့် စိတ်ရှုပ်စရာများကို ငြီးငွေ့လာမိခဲ့သည်ဖြစ်သဖြင့် ဘုတ်အုပ်ကလေး တစ်အုပ်ကို လှန်လှောကာ စာအရသာခံနေမိပါ၏။ ဝတ္ထုကား ကုန်းဘောင်ခေတ်နောက်ခံဝတ္ထု။ သီပေါမင်း၏ မန္တလေးနန်းစံ နှစ်ကာလများနောက်ခံ ဝတ္ထုဘုတ်အုပ်။

''စုစုရဲ့သဘောထားကို မောင်တော် သိပါရစေလား စုစုရဲ့''

''စုစုကတော့ သည်ရန်သူမိစ္ဆာအင်္ဂလိပ်တွေကို ဓားဓားချင်း၊ လှံလှံချင်း ရင်ဆိုင်လိုက်ချင်ပါရဲ့ မောင်တော်''

''ကင်းဝန်မင်းကြီးကတော့ ညှိနှိုင်းဖြေရှင်းချင်တာ မဟုတ်လား''

''တော်စမ်းပါ မောင်တော်ရယ်၊ သည်အဘိုးကြီးကို အာရုံနောက်လွန်းလို့''

"အချိန်ကလေး နည်းနည်းယူပြီး စဉ်းစားကြရအောင် စုစုရယ်"

ကျွန်ုပ်ကား စုဖုရားလတ်နှင့် သီပေါမင်းတို့၏ ဒိုင်ယာလော့ထဲမှာ မျောပါ၍သွားနေမိပါ၏။ အင်းလျားကန်ပေါင်ရိုးပေါ်က ကောင်ကလေးနှင့် ကောင်မကလေးတို့ စကားပြောနေသည့်အသွင် စာရေးသူ၏ လက်ရာပင်။

အနို့နှင့် ရာဇဝင်နောက်ခံ ရုပ်ရှင် ဗီဒီယိုများ၊ ဘုတ်အုပ်စာပေများကို ခံစားရင်း ခံစားရင်းနှင့် ကျွန်ုပ်၏စိတ်ထဲ၌ တစ်စုံတစ်ခုကို စေ့ငုမိလာခဲ့ပါ၏။ ကျွန်ုပ်တို့သည် အခြားကိစ္စများကို အသာထား၊ စကားအပြောအဆို အသုံး အနှုန်းကိစ္စများ၌မူ ရှေ့သို့ အတော်ရောက်နေသောလူမျိုး ဖြစ်သည်ကို တွေ့ရှိ ရပါ၏။ လွန်ခဲ့သည့် အနှစ် ၈၀၀-၁၀၀၀ စသည့် စသည့် ကာလများကပင် လျှင် ယနေ့ ကျွန်ုပ်တို့ခေတ်ကအတိုင်း ပြောဆိုသုံးနှုန်းလျက်ရှိသည်ကို သတိ ထားမိပါ၏။ မခေလှသည့် ကျွန်ုပ်တို့ ဖြစ်ဘိပေသည် တမုံ့တကား။

ပေါ်ပြူလာ၊ ၁၉-၅-၂၀၀၉

# တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာ တစ်ခုခု

## (တစ်)

လူတစ်ဦးနှင့် လူတစ်ယောက်။ သို့မဟုတ် လူတစ်ယောက်နှင့် လူအများ ချိန်းဆိုကြသော အလုပ်ကို မည်သည့်အချိန်ကာလကတည်းက စတင်၍ လုပ်ဆောင်လာကြလေသလဲဟူသည်ကို အကျွန်ုပ် တစ်ခါမျှ သုတေသနမလုပ်ခဲ့ဖူးချေ။ အနို့သော် စိတ်ဝင်စားစရာကောင်းသော ကိစ္စတစ်ရပ်ဖြစ်သည်မှာကား မုချကေန် ဖြစ်ပါ၏။

ကမ္ဘာကြီးသည် မျက်စိနှစ်လုံး စဖွင့်သည်မှ ယင်းမျက်စိနှစ်လုံးကို မှိတ်လျက် အိပ်ပျော်သွားသည်အထိ တစ်ချိန်းတည်း ချိန်းနေကြခြင်းပင်ဖြစ်သည်ဟု ကျွန်ုပ် ယုံကြည်၏။

ဆရာနှင့် ကျောင်းသား ချိန်းကြရ၏။ ဆရာဝန်နှင့် လူနာ ချိန်းကြရ၏။ ခရီးသည်နှင့် ကားသမား၊ ဆိုက်ကားသမားနှင့် ဈေးသည်၊ အရောင်းကိုယ်စားလှယ်နှင့် ကုမ္ပဏီအရာရှိ၊ ဘုတ်အုပ်ထုတ်ဝေသူနှင့် စာပုံနှိပ်စက်၊ ရှေ့နေနှင့် အမှုသည်၊ ချစ်သူရည်းစား အပြားပြား၊ အားလုံးသော လူပုဂ္ဂိုလ်တို့သည် အချိန်နှင့်နေရာကို ဖော်ပြလျက် အချိန်းအချက်ပြုလုပ်နေကြ

ခြင်းပင် ဖြစ်ပေသည် မဟုတ်တုံသလော။ အနို့နှင့် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ကာ ကမ္ဘာကြီးအသက်ဝင်နေခြင်းပင်ဖြစ်သည် မဟုတ်တုံသလော။

(နှစ်)

'ကော်ဖီခွက်နှင့် နှုတ်ခမ်းကြားတွင် လွဲချော်မှုတို့ အများအပြားရှိနိုင်သည်' ဟူသော အင်္ဂလိပ်စကားပုံကဲ့သို့ ချိန်းသော်လည်း လွဲတာတွေရှိတတ်နိုင်ပါ၏။ သို့သော် တိကျနိုင်သမျှ တိကျသည်ကား ကောင်းပါ၏။ မတိကျသော် အတက်အဆုတ်ကလေးတော့ လုပ်ထားသင့်ပါ၏။

ဤနေရာ၌ အလျှဉ်းသင့်သည်ဖြစ်၍ ဆရာကြီးရွှေဥဒေါင်း၏အကြောင်းကို အကျဉ်းမျှဖော်ပြလိုပါ၏။ ဆရာကြီးကား ဂျန်းတဲလ်မင်းခေါ် လူကြီးလူကောင်းတို့သည် ချိန်းလျှင် တိကျရမည် ဟူသတတ်။

တစ်ခါတွင် ဆရာကြီးရွှေဥဒေါင်းသည် ရှမဝမဂ္ဂဇင်းနှင့် မျက်နှာချင်းဆိုင်တိုက်တွင်နေရာ တစ်နေ့သား၌ ယခု ဘကြီးမိုးဟုခေါ်နေကြပြီဖြစ်သော ဆရာမောင်မိုးသူနှင့် ဆရာလူထုဦးစိန်ဝင်းတို့ကို ညနေ ၆ နာရီ၌ ထမင်းစားကြွရန် ဖိတ်ကြားသည်ဟူသတတ်။ ထိုအခါ ဆရာလူထုစိန်ဝင်း နာရီဝက်ခန့်နောက်ကျလေရာ "မောင်ရင် Gentleman မဟုတ်ဘူး" ဟု မြည်တွန်တောက်တီးသည် ဟူသတတ်။

တစ်ခါသားကလည်း ဆရာကြီးပင်ဖြစ်ပါ၏။ ကန်မြဲ နန်းမြင့်နွယ်အား ဖန်မီးအိမ် အမှတ်တရ ထမင်းစား ဖိတ်ထားချေရာ သူချိန်းသည့် အချိန်လွန်သွားသည်နှင့် အခန်းတံခါးပိတ်ကာ ထွက်သွားတော့သည် ဟူသတတ်။

လမ်းခရီး အထစ်အငေါ့ အကြန့်အကြာ အနှောင့်အနှေးကလေးကိုသော်မှ ခွင့်မလွှတ်နိုင်ပုံ ဆရာကြီးပါတကား။

စာနဒီစာအုပ်တိုက်

(သုံး)

ကျွန်ုပ်၌ ပန်းချီကာတွန်းပိုင်းဆိုင်ရာ မိတ်ဆွေအတော်များများတို့ ရှိကြကုန်သည်ဖြစ်ပြီး တစ်ဦးမှာကား ပန်းချီကိုမြိုး ဟူသတတ်။ ရရစ်နှင့်မြိုးသည့် ကိုမြိုး။ ယခုတော့ ဆုံးရှာပါပြီ။ သူကမူ ချိန်းတာကို မေ့တတ်သူဖြစ်ပါ၏။

တစ်နေ့သော် အိမ်၌ ဘုန်းကြီးဆွမ်းကပ်ကလေးလုပ်ရသော် ကောင်းလေစွဟု စိတ်ကူးပေါ်သည်ဟူသတတ်။ အနီးကြောင့် ဘုန်းတော်ကြီးကျောင်းသို့လည်း ပင့်သံဃာငါးပါး သွားရောက်လျှောက်ကြားသည်ဟူသတတ်။ မနီးမဝေးမှ ဘုန်းတော်ကြီးကျောင်းဖြစ်သဖြင့် လမ်းနှင့် အိမ်နံပါတ်ပေးပြီးပြန်ခဲ့ကာ မိမိအလုပ်နှင့် မိမိရှုပ်နေခဲ့ပြီး ငါးရက်လောက်ခွာချိန်းခဲ့သော အလှူရက် ဖြစ်သဖြင့် မေ့လျော့ကာ ခြံတံခါးသော့ခတ်ပြီး ခရီးထွက်သွားမိသည်ဟူသတတ်။ ထိုနေ့မနက်က သံဃာတော်များ၏အဖြစ်ကို ပြန်တွေးမိကာ သူ့ကိုယ် သူ အပြစ်တင်ရယ်သွမ်းသွေးနေသော ကိုမြိုး၏ပုံရိပ်ကား လွမ်းစရာပုံရိပ်ပင်။

(လေး)

ကျွန်ုပ်အနေနှင့်ကား တစ်ယောက်နှင့်တစ်ယောက် တက်သာ ဆုတ်သာ သွားသာ လာသာဖြစ်အောင် ချိန်းဆိုတာမျိုးကို သဘောကျမိပါ၏။

ကျွန်ုပ်မှာ အဝေးပြေးကားနှင့် အမြဲလိုလို ခရီးသွားနေတတ်သူဖြစ်ရာ အဝေးပြေးဂိတ်မှ လူများနှင့် ရင်းနှီးနေသူဖြစ်ပါ၏။ တစ်နေ့ ကားလက်မှတ်ဘွတ်ကင်လုပ်ရင်း ကားထွက်ချိန်ကို အတိအကျချိန်းရန် ပြောမိပါ၏။ လက်မှတ်ရောင်းက ချိန်းဆိုပုံမှာ...

"လက်မှတ်မှာတော့ ၁၀ နာရီလို့ ရိုက်ထားတာပေါ့ ဆရာရယ်... ဒါပေမဲ့ ခရီးသည်တွေကို ၉ နာရီခွဲကားလို့ ပြောရောင်းထားတယ်...

တကယ်ထွက်မှာက ၁၀ နာရီခွဲပေါ့။ ဒါပေမဲ့ ဆရာ့ကို ၁၁ နာရီအထိ စောင့်မယ်၊ ဟုတ်ပလား'' ဟူသတတ်။

ကျွန်ုပ်၏ အခြားသောမိတ်ဆွေ ကဗျာဆရာတစ်ယောက်နှင့် စာရေးဆရာတစ်ယောက်တို့ ချိန်းဆိုနေပုံများမှာကား ဤသို့ ဟူလို။

''ကိုယ် မနက်ဖြန် ထွက်ဖြစ်မယ်ထင်တယ်''

''ကိုယ်လည်း မသေချာဘူး''

''ထွက်ဖြစ်ရင်တော့ ပန်းဆိုးတန်းကို ရောက်နိုင်တယ်''

''ကိုယ်ရောက်ရင် ဝင်ကြည့်မယ်လေ''

ယင်းသည်လည်း အသက်ရှူပေါက်ချောင်သည့် ချိန်းဆိုမှု။

လမ်းပေါ်က လူနှစ်ယောက် ချိန်းဆိုနေပုံမှာကား သို့ကလိုဖြစ်ပါ၏။

''တွေ့ကြရအောင်''

''လာခဲ့လေ... အိမ်မှာ တစ်နေကုန်ရှိတယ်၊ ငါ ဘာအလုပ်မှမရှိဘူး''

''အေး အေး... မင်းအဆင်ပြေလည်း ထွက်ခဲ့ပေါ့။ ငါ လက်ဖက်ရည်ဆိုင်မှာ တစ်နေ့လုံးရှိတယ်''

ဘဝအခြေမြင့်မြတ်တင့်တယ်ကာ သဘောထားကြီးသူတို့သည်ကား ဘဇာကိုမှ တိတိကျကျ ရေရေရာရာ လျှော့နံ့ဓားထစ်ကြီးလုပ်မထားဘဲ သို့ကလို လွတ်လွတ်လပ်လပ် ချိန်းဆိုကာ တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာ၌ တစ်ခုခုလုပ်နေ့် ရှိနေတတ်ကြပေသည် တမုံ့တကား။

ပေါ်ပြူလာ၊ ၂၃-၆-၂၀၀၉

# မသိရင် ခက်မယ်

## (တစ်)

တိုက်ဆိုင်သော အကြောင်းတရားတို့ ရှိလာပြီဖြစ်သဖြင့် ကျွန်ုပ်က စာဖတ်သူကို မေးခွန်းကလေးနှစ်ခုလောက် မေးမြန်းချင်ပါ၏။

မေးခွန်း အမှတ်တစ်မှာ အဆွေသည် တစ်ဦးတည်းသော သားသမီး လောဟူသည့် မေးခွန်း ဖြစ်ပါ၏။

မေးခွန်း အမှတ်နှစ်မှာကား အသင်သည် ဆိုရှယ်ရေဘယ် (Sociable) ဖြစ်ပါစ ဟူသော အမေးပဲ ဖြစ်ပါ၏။ မြန်မာလို ပြန်ဆိုရသော် ဆိုရှယ်ရေဘယ် ဆိုသည်မှာ ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်ပါစ ဟူလို။

မှန်၏။

လူ့ဘဝ၌ တစ်ဦးတည်းသော သားသမီး ဖြစ်၊ မဖြစ် ဆိုသည်မှာ အလွန် အရေးပါသောကိစ္စ ဖြစ်ပါ၏။ စိတ္တဗေဒ ပညာရှင်အများစုတို့သည်ကား တစ်ဦးတည်းသောသား၊ သို့မဟုတ် သမီးတို့ကို မနှစ်သက်ကြချေ။ အနိုကလေး တို့ကား အတ္တကြီးတတ်ကြသည်။ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုကင်းမဲ့တတ်ကြ သည် စသည် စသည်ဖြင့် သုံးသပ်ဖူးကြသည် မဟုတ်တုံချေသလော။

ကျွန်ုပ်တို့ခေတ်၏ စာရေးဆရာမ ဂျူးကပင်လျှင် တစ်ဦးတည်းသော သား အမည်ဖြင့် ဝတ္ထုဘုတ်အုပ် ရေးထုတ်ခဲ့ဖူးရာ ရုပ်ရှင်ဇာတ်ကားအဖြစ် ပင်လျှင် ရိုက်ကူးကြည့်ရှုခဲ့ကြသေးချေသည် မဟုတ်တုံသလော။

အနိုင်အပြင် ဆိုရှယ်ရေဘယ် ဖြစ်၊ မဖြစ်ကလည်း အတော်ကလေးကို အရေးပါသောကိစ္စ ဖြစ်ပါ၏။ လူသည် ပေါင်းသင်း ဆက်ဆံရေး သတ္တဝါ (Social Animal) ဟူသော စကားနှင့်အညီ လူ၌ ဆွေနီးမျိုးစပ် အပေါင်း အသင်းရောင်းရင်း အသိုက်အဝန်းတို့ကလည်း အရေးပါသည်သာဖြစ်ပါ၏။ အသိုက်အဝန်းမရှိသော လူလောက် လောက၌ အထီးကျန် ငေါင်းစင်းစင်း ဖြစ်သောလူမှာ မရှိပါပေ။ ထား။

စာရှုသူအား တစ်ဦးတည်းသော သားသမီးလား၊ ပေါင်းသင်းဆက်ဆံ ရေး ကောင်းမွန်ရဲ့လား စသည်ဖြင့် အကြောင်းအားလျော်စွာ အထက်တစ် နေရာ၌ ကျွန်ုပ်က မေးမြန်းသမှု ပြုခဲ့သည်ကို ပြန်၍ အစကောက်လိုပါ၏။ ကျွန်ုပ်ကား ထို အမေးနှစ်ခုစလုံးအတွက် အဖြေမလှသူသာတည်း။

ဟုတ်ပါဘိ။ နိုင်ငံတစ်လွှား ပြိုင်စံရှားချေသည့် ကျွန်ုပ် ဂျက်ကွမ်းခြံ ကုန်းသည်ကား လုံးလီး (Lonely) ဂျက်ကွမ်းခြံကုန်းပါပေတကားတည်း။ တစ်ယောက်တည်းသမား။ မွေးချင်းမရှိ။ အပေါင်းအသင်းရောင်းရင်း ဗလာ။ ယောင်ချာချာမို့ စိတ်အားငယ်ရဘိချေသည် တမုံ့။

## (နှစ်)

တစ်နေ့သ၌ တယ်လီဖုန်း အခွန်ဆောင်သော ရုံးထဲတွင် ကျွန်ုပ် ရောက်ရှိလျက်နေ၏။ ကြိုးဖုန်း၊ GSM ဖုန်း၊ FEC၊ မြန်မာကျပ်ငွေ၊ ကြိုတင် သွင်း၊ နောက်ကျသွင်းကောင်တာ အသီးသီး၌ ရှည်လျားထွေပြား ခွေခေါက် ပွေနှောက်လျက် အသီးသီး အသက တန်းစီနေကြသည့် လူတန်းကြီးမှာ များပြားလှပါဘိ။

စာနဒီစာအုပ်တိုက်

ကျွန်ုပ်လည်း နံနက်ခပ်စောစောကပင် ရောက်ရှိသွားပြီးသည့်သကာလ ဆိုင်ရာအတန်း၌ ဝင်ရောက်တန်းစီ၍ နေခဲ့ရာ နှစ်နာရီခန့် ကြာညောင်းပြီးသည်ရှိလေသော် ကောင်တာနှင့် မလှမ်းမကမ်းသို့ ရောက်၏။ ထိုအခိုက် ကျွန်ုပ်၏ ရှေ့လေးငါးယောက်အကွာမှ လူတစ်ယောက်ကို အမျိုးသမီးတစ်ယောက်က လာရောက်နှုတ်ဆက်လေ၏။

"အစ်ကို၊ ကြီးကြီး နေကောင်းတယ် မဟုတ်လား၊ အိမ်ဘက်တောင် မလာတာ ကြာမှကို၊ ဟို တစ်လောက စိုးတို့အိမ်မှာ ဘုရားကိုးဆူကပ်သေးတယ်၊ နေဦး...ပြီးမှ မှာစရာရှိတာ မှာမယ်၊ ရော့ ညီမစာအုပ်ကလေးပါ ပေါင်းပြီး သွင်းပေးစမ်းပါ၊ ဒီမှာ သုံးသောင်း"

အရှေ့က ပုဂ္ဂိုလ်ကား ဘယ်သူဘယ်ဝါမှန်း ကောင်းကောင်း မမှတ်မိ။ အနောက်က လူတွေက ပွစိ ပွစိ။ အနို့သော် ဖုန်းစာအုပ်နှင့် ငွေအသပြာကိုကား ယူထား၏။ ကြီးကြီး နေကောင်း၊ မကောင်း၊ အိမ်ဘက်သို့ မလာ၊ စိုးတို့ အိမ်မှာ ဘုရားကိုးဆူကပ်စသဖြင့် ကိစ္စက ပြတ်သွား၏။

အနို့နှင့် စဉ်းငယ်ခန့် ကြာသွားပြန်၏။

ကျွန်ုပ်၏ အရှေ့သုံးယောက်ခန့်က အမျိုးသမီး ခပ်လတ်လတ်အပါးသို့ ခပ်ဖိုင့်ဖိုင့် ခပ်အိုင့်အိုင့်နှင့် အမျိုးသမီးကြီးတစ်ဦး ကပ်လာကာ ဘာတွေမှန်းမသိ တွတ်တွတ် တွတ်တွတ် ပြောနေပြန်၏။ ထို့နောက် အမျိုးသမီးကြီးက ဖုန်းစာအုပ်နှင့် ငွေအသပြာအချို့ ထုတ်ပေးနေရာ အနောက်ဘက်ဆီမှ တန်းစီပါ ဘာညာစသော အသံကလေးတွေ ထွက်လာ၏။

လူတန်းထဲရှိ အမျိုးသမီးငယ် အသံကို အနည်းငယ်မြှင့်ကာ "ဒါ ကျွန်မတို့ ရပ်ကွက်ထဲက ကျွန်မ အန်တီ" ဟူ၏။ အားလုံး တိတ်စေ။

ကျွန်ုပ်ကား အလွန်သဘောကျမိပါ၏။ သို့ကလို ကိစ္စမျိုးတွေကို ရထားလက်မှတ် တန်းစီနေချိန်မျိုး။ ရုပ်ရှင်လက်မှတ် တန်းစီနေချိန်မျိုး၊ မိတာဆောင်ရန် တန်းစီနေချိန်မျိုးတွေမှာ မကြာခဏ တွေ့ရလေ့ရှိပါ၏။

စာနဒီစာအုပ်တိုက်

ကျောင်းတုန်းက သူငယ်ချင်း၊ ကျွန်မတို့ ရုံးက စာရေးကြီး၊ ကျွန်တော့် အမေဘက်က ဦးလေး၊ ကျောင်းအုပ်ကြီးရဲ့ တူမ၊ တစ်ရပ်ကွက်တည်းသား တွေ၊ သူ့အဖေနှင့် ကျူပ်က မတွေ့ရတာကြာသည့် ... မသား စသည် စသည်ဖြင့် အမျိုးအဆွေ အသိုက်အဝန်း စကားနိုးနှောလျက် သူ့နောက်က ကိုယ်ဝယ်၊ ကိုယ့်အစီအစဉ်ထဲဝယ် သူ့ကို ပေါင်းထည့် တကယ့်ကို နွေး ထွေးသော လောကကြီး ဖြစ်ပါ၏။

ကျွန်ုပ်ကား ဆွေမျိုး အသိုက်အဝန်း အဆမတန် တောင့်တင်းလိုလှ ပါ၏။ မည်သည့်နေရာက လူတန်းကြီးဆီ ရောက်သွား ရောက်သွား ရှေ့ဆုံး နားက တစ်ယောက်ယောက်ကို ပခုံးပုတ်ကာ ဒါက ကျွန်ုပ်၏ မိခင်ဘက် က ဦးလေးကနေ မွေးတဲ့ သားရဲ့ အမျိုးသမီးပေါ့ဟူသော စကားမျိုး။ ဒါ ကတော့ ကျွန်ုပ် အလယ်တန်းကျောင်းသားဘဝ သံယောဇဉ်ငွေ့ငွေ့ရှိခဲ့ဖူးသူ ကလေးက မွေးသည့် ကောင်ကလေးတို့ရုံးက ဦးစီးအရာရှိပေါ့ ဟူသော စကားမျိုးကို ပြောကာ လောကကြီးတွင် ဝင်ဆံ့လိုလှပေသည် တမုံ့တကား။

ပေါ်ပြူလာ၊ ၁၄-၇-၂၀၀၉

# ကမ္ဘာကိုကယ်ဖို့ ဆရာကြီးဂျက် အသင့်ဖြစ်နေပုံ

## (တစ်)

ဘာအခုမှ ကြောက်ပါပြီလဲဟုသာ ကျွန်ုပ်က ကြုံးဝါးအော်ဟစ်ပစ်လိုက်ချင်တော့ပါပေသည် တမုံ့။ မှတ်သွားကြပြီမဟုတ်လားဟုလည်း ထပ်ဆင့်ကာ ဝေါက်ငမ်းလိုက်ချင်ပါသေး၏။ စိတ်ပျက်စရာကောင်းလိုက်သည့် ကမ္ဘာသူကမ္ဘာသားတွေ။

သဘာဝဘေးအန္တရာယ်တွေ ဘယ်သူ့ကြောင့်ရောက်။ အနို ကမ္ဘာသူကမ္ဘာသားတွေကြောင့်ပင် ရောက်၏။

သစ်ပင်တွေကို ဘယ်သူခုတ်၊ ကျွန်ုပ်တို့ ကမ္ဘာသူကမ္ဘာသားများပင် ခုတ်၏။ ရေအောက်မြေအောက်က သဘာဝသယံဇာတများကို အတိုင်းအဆမဲ့ ဘယ်သူထုတ်။ ကျွန်ုပ်တို့ ကမ္ဘာသူကမ္ဘာသားများပင် ထုတ်၏။ မော်တော်ကားက အငွေ့တလူလူ၊ စက်ရုံကြီးတွေက အငွေ့တလူလူ၊ အဏုမြူဓာတ်ပေါင်းဖိုကြီးတွေက အငွေ့တလူလူ၊ လေယာဉ်၊ သင်္ဘော၊ ရေခဲသေတ္တာ၊ လေအေးပေးစက် ထွက်ထွက်သမျှ အငွေ့တလူလူ အဘယ်သူတွေထုတ်၊ ကျွန်ုပ်တို့ ကမ္ဘာသူ ကမ္ဘာသားများပင် ထုတ်၏။ ချုပ်ရသော် သဘာဝဘေးအန္တရာယ် အဘယ့်ကြောင့်ဖြစ် ကျွန်ုပ်တို့ကြောင့်ပင် ဖြစ်၏။

စာနဒီစာအုပ်တိုက်

လှုပ်လိုက်သည့် ငလျင်၊ စီချွမ် (Sichan) ငလျင် (၂၀၀၈) ကို ရှုလေ။ ကြီးလိုက်သည့်ရေလှိုင်း၊ ဆူနာမီ (Tsunami)(၂၀၀၄) ကို ရှုလေ။ တိုက်လိုက်သည့်မုန်တိုင်း၊ နာဂစ် (Nargis)(၂၀၀၈) ကို ရှုလေ။ ပေါက်လိုက်သည့် မီးတောင်။ ကရာကာတို (၁၈၈၃) ပေါက်ကွဲမှုကို ရှုလေ။

· အနို့ကလို သဘာဝဘေးအန္တရာယ်တွေကြောင့် လူသားတို့ ကယ်ပါယူပါဖြစ်လာကြချေသောအခါ ပရဟိတစိတ်ကြီးသူတို့သည် ကရုဏာအဟုန်ဖြင့် ဝင်၍ ကူညီကယ်တင်ကြကုန်၏။

ဤသို့ တစ်လောကလုံး ဘယ့်နှာသို့နေနေ စည်ဘီယာကလေး မှန်မှန်သောက်နေရလျှင် ပြီးတာပါပဲဟု သဘောထားတတ်သည့် ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းလည်း စိတ်ပြောင်းကာ အများအကျိုး သယ်ပိုးပေအံ့ဟု ဟစ်ကြွေးလိုက်လေရာ အနီသတင်းသည် လေဒီဒိုင်ယာနာ၊ မိုက်ကယ်ဂျက်ဆင်တို့ အနိစ္စရောက်သွားသည့် သတင်းထက်ပင် လျင်မြန်သော အဟုန်ဖြင့် စကြဝဠာတိုက်တစ်သောင်းသို့ ပျံ့နှံ့သွားခဲ့ပါပေသတည်း။

## (နှစ်)

ဂျက်ကွမ်းခြံကုန်းတစ်ယောက် ပရဟိတ လုပ်တော့မည်ဆိုသည့် သတင်း ပျံ့နှံ့သွားပြီးသည့်နောက် ဦးဆုံးရောက်လာသည့်သူမှာ အမျိုးသမီး တစ်ယောက်ဖြစ်၏။ အမဲဆီမထည့်သည်မှာ ကြာပြီဖြစ်၍ ကျွီခနဲမြည်သွား သည့် တံခါး၏နောက်၌ ရပ်၍နေသူမှာ မျက်လုံးပြာပြာ အရပ်ပုပျပ်ပျပ် လူကောင်သေးသေး။

'အို ... မာသာထရီဆာ'

ကျွန်ုပ်က အာမေဍိတ်နှင့် နှုတ်ဆက်သည်ဖြစ်ရာ ငြိမ်းချမ်းရေး နိုဘယ် ဆုရှင်ကြီး မာသာထရီဆာ၊ ဒုက္ခသည်တို့၏ကယ်တင်ရှင် မာသာထရီဆာ

သည် ပြုံးပြ၏။ ကျွန်ုပ်၏ လူမှုရေး လုပ်ငန်းများအတွက် ကူညီလို၍ လိုအပ် သမျှ တောင်းပါ ဟူလို။

"Mobile Phone ကလေး တစ်လုံးလောက်"

မှန်၏။ ကျွန်ုပ်တွင် မိုဘိုင်းဖုန်း လို၏။ အများအကျိုးအတွက် ဟို သွား သည်သွား အလုပ်များစဉ် အနီး မိုဘိုင်းဖုန်းနှင့် ဆက်သွယ်ဆောင်ရွက် ပါမှ ပရဟိတအလုပ် အဆင်ပြေမည် မဟုတ်တုံသလော။

"အနို့နောက် ... Laptop တစ်လုံးလောက်"

မှန်ပြန်၏။ ငွေကြေးအလှူဒါန၊ လူအရေးအတွက် စာရင်းဇယား အရှုပ်အပွများကို Laptop ကွန်ပျူတာကလေးနှင့် စနစ်တကျမသိမ်းတော့ ဘဇာနှင့် သွားသိမ်းမှာတုံး သပ္ပုရိသအနွယ်ဝင် သူတော်စင်။

"Double Cab ကလေး တစ်စီးလောက်"

ထပ်ကာ မှန်ပြန်၏။ ဒုက္ခဖြစ်ရာများဆီသို့ သွားသောအခါ ရွှံ့တော ဗွက်တော၊ တောင်တက်တောင်ဆင်း ကြမ်းတမ်းခြင်းအတိဖြစ်ဘိရာ Double Cab ကားနှင့်မှ ဖြစ်မပေ့ါ အဆွေတော်။

"Video Camera ကလေး တစ်လုံးလောက်"

ဆက်၍ ဆက်ကာ မှန်ပြန်ပါ၏။ သဘာဝဘေးအန္တရာယ် မြင်ကွင်း အဖုံဖုံကို Video Camera မရှိပါဘဲကနှင့် မှတ်တမ်းတင်၍ ရဖူးပါသလော။

ကျွန်ုပ်ကား တစ်ဟုန်ထိုး အများအကျိုးဆောင်ရန်အလို့ငှာ လိုအပ် သမျှအဝဝတို့အား မာသာထရီဆာထံ တောင်းလေသော် ပေးမည်ဟု ကတိ ပေးလေ၏။

၁၉၆၄ တုန်းက ဗာတီကန်မြို့မှ ပုပ်ရဟန်းမင်းကြီးက လင်ကွန်း ကွန်တီနင်တယ် ဇိမ်ခံကားကြီးတစ်စီးကို အိန္ဒိယသို့ ပို့ပေးဖူးပါကြောင်း၊ လုံးဝမစီးဘဲရောင်းပစ်ကာ ငွေအားလုံးကို ကိုယ်ရေပြားရောဂါသည်တို့အတွက် သုံးခဲ့ပါကြောင်း၊ သို့သော် တစ်နေ့ ဆရာကြီးဂျက် ဤသို့ လိုအပ်လာနိုင်

သည်ဟု ခန့်မှန်းထား၍ အနည်းငယ်ဖယ်ထားသည့် ငွေကလေးရှိထားရာ လာပို့ခြင်းဖြစ်ကြောင်း ရှင်းပြပါ၏။

**အို ... ငြိမ်းချမ်းရေးမိခင် မာသာထရီဆာ။ Mobile Phone ဖြင့် ဆက်သွယ်ကာ Laptop ထဲတွင် စာရင်းဇယားများလုပ်ထားပြီး Double Cab ဖြင့် အရောက်သွားကာ Video Camera ဖြင့် မှတ်တမ်းတင်ပြီး ကူညီခြင်းအလုပ်များလုပ်ရန် ဂျက်ကွမ်းခြံကုန်း အခုပင် ခြေလှမ်းစတင်ပါတော့အုံ။**

လိုအပ်သည်များဝယ်ယူရန် ငွေအသပြာကိုသာ လှမ်းလင့်လိုက်ပါပေတော့ တမုံ့တကား။

ပေါ်ပြူလာ၊ ၂၅-၈-၂၀၀၉

# ရှားလော့ဟုမ်းမှာ မျက်ရည်စတွေနဲ့

## (တစ်)

ဤ၌ ဦးစွာ အင်္ဂလိပ်စကားလုံးကလေး လေးငါးလုံးခန့်ကို ကျွန်ုပ်က သတိရမိပါကြောင်း ဖော်ပြလိုပါ၏။ အိုင်ဒီးကာရိုက်တာ (Ideal Character)၊ ရိုးလ်မော်ဒယ် (Role Model)၊ ဆဲ့ဖ်အင်းမေ့ဂျ် (Self Image)၊ အီဂိုအိုင်ဒီး (Ego Ideal) အစရှိသော စကားလုံး ဝေါဟာရကလေးများပင် ဖြစ်ဘိပါချေသည် တမုံ့တကား။

အနှီစကားလုံး ဝေါဟာရကလေးများသည် တစ်လုံးနှင့်တစ်လုံး ကွဲပြားခြားနားသည် မှန်ဘိပါသော်လည်း အနက်အဓိပ္ပာယ် ဖျူပွတ်မှာကား အခြားနားကြီး မဟုတ်ကြချေ။ မိမိ၏ စံပြပုဂ္ဂိုလ်၊ မိမိက အားကျရသော၊ မိမိကို လွှမ်းမိုးထားသော ပုဂ္ဂိုလ်၊ မိမိ၏ သူရဲကောင်းကို ဆိုလိုခြင်းပင် ဖြစ်ဘိပါချေ၏။

လူတိုင်း လူတိုင်း၌ ယင်းအနှီပုဂ္ဂိုလ်သည် ရှိ၏။ အချို့က ဂျာနယ်ကျော် ဦးချစ်မောင် ခေါ် ရွှေလင်းယုန်၏ 'သူ' ဝတ္ထုကြီးထဲက ဆရာဝန်ကိုမြင့်မောင် ဖြစ်ချင်၏။ အချို့က ဗန်းမော်တင်အောင်၏ 'ဒေါက်တာရေချမ်း'

ဝတ္ထုထဲက ဒေါက်တာရေချမ်း ဖြစ်လို၏။ အချို့ကမူ ဂျက်လန်ဒန်၏ 'ပင်လယ်ဝံပုလွေ' ဝတ္ထုထဲက ဝံပုလွေလာဆင်၊ အဲလဘာတ်ကမြူး၏ 'စည်းအပြင်ကလူ' ဝတ္ထုထဲက မားဆိုး၊ မာဂရက်မစ်ချယ်၏ 'လေရူးသုန်သုန်' ဝတ္ထုထဲက ရက်ဘာတ်တလာ၊ ဟဲမင်းဝေး၏ 'ပင်လယ်ပြာနှင့် တံငါအို' ဝတ္ထုထဲက စန်တီယာကို စသည် စသည် စသည်ဖြင့် မိမိသဘောကျသော ဇာတ်လိုက်တို့ သည်ရှိတတ်ကြသည်မှာ လူ့သဘာဝ Human Nature ပင် ဖြစ်ဘိချေသည် တမုံ့။

(နှစ်)

ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းသည်လည်း လူသားထုထဲက လူသားတစ်ယောက်ပင် ဖြစ်ပါ၏။ အနို့ကြောင့် ကျွန်ုပ်တွင်လည်း ကျွန်ုပ်၏ စံဇာတ်ရုပ်ဟူသည် ရှိပါ၏။ ကျွန်ုပ်ကား စူးစမ်းဆင်ခြင် တွက်ဆသည့်ဘက်၌ အထုံဝါသနာမွေ့သူဖြစ်ရာ ကျွန်ုပ်၏ ဟီးရိုးမှာလည်း စုံထောက်ကြီး ရှားလော့ဟုမ်း ဟူလို။

ကျွန်ုပ်သည် မဆွကက စာရေးဆရာမိုးဝေ၏ အလွတ်စုံထောက် တင်မောင်ဆွေ ဘုတ်အုပ်များကို ဖတ်ခဲ့သူဖြစ်ပါ၏။ ဂျာကင်အနက်ထဲ လက်နှစ်ဖက်ထည့်ကာ စီးကရက်အတိုကို ဖိနပ်ဦးချွန်ဖြင့် နင်းဖိကာ မီးသတ်တတ်သည့် စုံထောက်တင်မောင်ဆွေ၏ စတိုင်ကို စွဲငြိဖူးပါ၏။

အနို့နောက် မင်းအသက်ငါ့ပေး ဆရာကြီးမြခိုင်။ ပုဂံသူရ၏ဝတ္ထုများ။ လူ့လောကကြီးထဲက မတော်မတရား ပုဂ္ဂိုလ်များထံသို့ ရောက်ရောက်သွားကာ ငါအမိန့်ပေးနေတယ်၊ မင်းအသက် ငါ့ပေး-မင်းအသက် ငါ့ပေး ... မနက်ဖြန်ည ကိုးနာရီတိတိမှာ မင်းကိုယ်မင်း သတ်သေရမယ် စသည် စသည်ဖြင့် အလွတ်စုံထောက်မြခိုင်က အမိန့်ပေးသည့်အတိုင်း မိမိကိုယ်မိမိ သတ်သေကြရသည့် ဝတ္ထုဘုတ်အုပ်ထဲက ဇာတ်လမ်းများကို ကျွန်ုပ်သဘောကျမိသည်။

ငင်းဤသို့ဖြင့် တစ်စတစ်စ ရင့်ကျက်လာသော ဂျက်ကွမ်းခြံကုန်း ဘဝသို့ ရောက်သည်ရှိသော် ကျွန်ုပ်၏ ရူးသွပ်သမှု ခရေဇီ (crazy) မှာ ရှားလော့ဟုမ်းပေတည်း။

(သုံး)

ရှားလော့ဟုမ်းကို အင်္ဂလိပ်လို Sherlock Holmes ဟု စာလုံးပေါင်း၏။ အင်္ဂလိပ်စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်း (Sir Arthur Conan Doyle) ၏ ကမ္ဘာကျော် စုံထောက်ဝတ္ထုတွေထဲက ဇာတ်ဆောင်တစ်ယောက် ပင် မဟုတ်သလော။

ယင်းအနီ ဘုတ်အုပ်ဇာတ်လမ်းများကို မြန်မာမှုပြုသူမှာ ဆရာကြီး ရွှေဥဒေါင်း ဖြစ်ပါ၏။ စုံထောက်ဦးစံရှားဟူလို။ စုံထောက်ဦးစံရှား ဝတ္ထုများ ထဲ၌ ဦးစံရှားနှင့်အတူ ဦးသိန်းမောင်ကလည်း အတူတကွ ပါဝင်ကာ အမှု တစ်ခုကို သုံးသပ်ဆင်ခြင်တွက်ဆကြပုံများမှာ ဉာဏ်ပညာအရာ၌ အံ့မခန်း လောက်သော ဇာတ်ကွက်များပင် ဖြစ်ပါ၏။ အချုပ်ကိုဆိုရသော် ကျွန်ုပ်ကား ရှားလော့ဟုမ်း၊ သို့မဟုတ် စုံထောက်ဦးစံရှားဝိညာဉ် ပူးကပ်ဝင်စား၍နေခဲ့သူ ပါပေတကား။

(လေး)

တစ်နေ့သ၌ ကျွန်ုပ်နှင့် ကျွန်ုပ်၏မိတ်ဆွေ ရွှေပွတ်စိုးမြင့်တို့သည် ရန်ကုန် ဒဂုံရော အဝေးပြေးကားဝင်းအတွင်းရှိ တစ်ခုသော စားရိပ်မြုံကလေး အတွင်းဝယ် ထိုင်ရင်း ဗျစ်ရည်ကလေး တစ်ယောက်တစ်ခွက်မှာယူကာ မြုံ့လျက်ရှိကြစဉ် ပုသိမ်ဘက်မှလာသော မှန်လုံကားတစ်စီးသည် မလှမ်း မကမ်းရှိ ကားဂိတ်တွင် ထိုးဆိုက်၏။ ကားဆိုက်ရောက်ချိန်မှာ ညနေ ၃ နာရီဝန်းကျင်ခန့်ရှိပြီဖြစ်ရာ အနီကားပေါ်မှ ကျွန်ုပ်၏ ပုသိမ်မိတ်ဆွေသည် ဆင်းလာ၏။

ကျွန်ုပ်နှင့် ရှေ့ပွတ်စိုးမြင့်တို့သည်ကား ဘီယာခေါ် သောက်လက်စ ဗျစ်ရည်ခွက်ကလေးကို အလျှင်အမြန်ဆိုသလို လက်စသတ်လိုက်ပြီးသည်၏ သကာလ ယင်း မိတ်ဆွေထံသို့ သုတ်သုတ်ကလေး ရောက်ရှိသွားခဲ့ကာ ခရီးဦး ကြိုဆိုသမှု ပြုရဘိချေသည်။

''ပုသိမ်ကနေ ၁၁ နာရီဝန်းကျင်ခန့်က ထွက်ခဲ့သည် မဟုတ်သလော အဆွေ''

ကျွန်ုပ်ကား ရှားလော့ဟုမ်းစတိုင်ဖမ်းကာ ရန်ကုန် ပုသိမ် ၁၁၃ မိုင် ခရီးဖြစ်သည်ကြောင့် ကားမောင်းချိန် ၄ နာရီဝန်းကျင်ခန့်ဟု တွေးခေါ်ခန့်မှန်းကာ ရောက်ရှိချိန် ညနေ ၃ နာရီကို နောက်သို့ဆုတ်လျက် ပုသိမ်ကနေ ၁၁ နာရီလောက်က ထွက်ခွာလာခဲ့ခြင်းပင် ဖြစ်ရပေမည်တမုံ့ဟု အပိုင်တွက်ဆ ပြောချလိုက်ခြင်းပင် ဖြစ်ပါ၏။ အနို့သော်...

''အယ်... ရာရာစစ ဂျက်ဆရာကြီးနှယ် မနက်ဝေလီဝေလင်း ခြောက်နာရီကပင် ထွက်ခဲ့ပါပေသဗျ၊ လမ်းမကောင်း၍ ဆယ်နာရီခန့် မောင်းရပါကြောင်း'' ဟူလို၏။

ကျွန်ုပ်ကား ကျွန်ုပ်၏တွက်ကိန်း လွဲချော်ရသည့်အပြင် ရှေ့ပွတ်စိုးမြင့်က အသင့် တွက်ဆမှု မှားပြန်ပြီ မဟုတ်သလောဟူသည့် မျက်လုံးဖြင့် သရော်တော်တော် ကြည့်ရှုနေသမှုကြောင့် အခံရခက်ရချေသည် တမုံ့။

## (ငါး)

အနို့နောက် တစ်နေ့သ၌ ဖြစ်ပါ၏။

ကျွန်ုပ်နှင့် ကျွန်ုပ်၏ မိတ်ဆွေ ရှေ့ပွတ်စိုးမြင့်တို့သည် ရန်ကုန်မြို့ မိတ်ဆွေတစ်ဦး၏ အိမ်တွင် ခေတ္တရောက်ရှိခိုက် ထိုအနီးမိတ်ဆွေက စာတစ်စောင်ကို ထုတ်ပြလာပါ၏။ စာကား အမြန်ချောဖြင့် ပို့လိုက်သည့် စာလွှာကလေး တစ်စောင်ပါတည်း။ ရေဝတီတိုင်း ဟသ်ာတမြို့မှ ပို့သလိုက်သောစာ။

စာနဒီစာအုပ်တိုက်

ကျွန်ုပ်ကား ရှားလော့ဟုမ်းဝိညာဉ်ဖြင့် စူးစမ်းတတ်သူ ဖြစ်ဘိချေ တော့ရာ သုံးသပ်တွက်ဆသည့် စကားတို့ကို ဆိုမိပြန်ပါချေသည်တည်း။

''အိမ်း… ကျွန်ုပ်တို့ မိတ်ဆွေကြီး ကိုအေးဆွေထံက ပေကပဲ… စာက ဤယနေ့ ဩဂုတ်စ်လ ၁၅ ရက်နေ့တွင် လက်ခံရသည်ဆိုတော့… အနှီစာကို ဩဂုတ်စ်လ ၁၃ ရက် သို့တည်းမဟုတ် ၁၄ ရက် တစ်ရက်ရက်က ပေးပို့ခဲ့ပုံ ရပါတယ်လေ''

''ဆရာဂျက်ကဖြင့် လုပ်ပြန်ချေကပြီ၊ ဘယ့်နှာ ၁၃ ရက် ၁၄ ရက်က ဟုတ်ရမှာတုံးဗျ၊ တစ်ပတ်လောက်ရှိပြီတဲ့ဗျ၊ အဲသဟာ အမြန်ချော နဲ့ စာတစ်စောင်ပို့ထားတာ ရောက်ပြီလား ရောက်ပြီလားနဲ့ နေ့တိုင်း ဖုန်းဆက်မေးနေတာ၊ ကျုပ်က ရောက်ရင် အကြောင်းကြားမယ်၊ ဖုန်းလှမ်းလှမ်း ဆက်မနေနဲ့လို့ ငေါက်ထည့်လိုက်ရတယ်''

အသင့် တွက်ဆမှု မှားပြန်ပြီ မဟုတ်သလောဟူသည့် အနက် အဓိပ္ပာယ်ဖြင့် ရွှေပွတ်စိုးမြင့်က ကျွန်ုပ်အား ကြည့်၍နေဘိပြန်တော့ရာ ကျွန်ုပ်မှာ အခံရခက်လှပါချေ၏။

အနို့နှင့် တစ်ခါသော် ကျွန်ုပ်နှင့် ရွှေပွတ်စိုးမြင့်တို့ ကမ်းနားပိုင်းဘက်သို့ စိတ်အပန်းဖြေ လမ်းလျှောက်ထွက်ကြရင်း မြစ်ရေပြင်ပေါ်မှ လှေသမ္ဗန် သင်္ဘောတို့ ခုတ်မောင်းသွားလာနေကြပုံများကို ကြည့်ရှုနေကြခိုက် မလှမ်း မကမ်းတွင် လက်ကိုင်ဖုန်းပြောနေသူတစ်ဦးကို သတိထားမိချေ၏။

''ဘာ… မကြားဘူး… ဟုတ်လား… ကြားပြီလား… ကျယ်ကျယ် ပြော… ကျယ်ကျယ်… နင့်အသံ မကြည်ဘူး… ဘာရယ်… ဘာမှ မကြား ရဘူး… ဟဲ့… ငါပြောတာ ကြားလား… ကြားလားလို့မေးနေတာ… ကြား ပြီ… ကြားပြီ… ကဲ… ပျောက်သွားပြန်ပြီ''

ကျွန်ုပ်တို့ကား ထိုသူ၏အနီးမှ ဖြတ်လျှောက်သွားပြီးသည့် သကာလ ကျွန်ုပ်ကပင် မနေနိုင် မထိုင်နိုင် သို့ကလို မြွက်ဟလိုက်မိပါ၏။

စာနဒီစာအုပ်တိုက်

"over sea ခေါ် ရပ်ဝေးမြေခြားသို့ ဖုန်းခေါ်ရသည်မှာ ခက်ခဲပါဘိလေ"

"ဘယ့်နှာ over sea ရမှာတုံး၊ မြို့တွင်းခေါ်နေတာ ဆရာရဲ့"

မြစ်ဘေးတွင် လက်ကိုင်ဖုန်းပြောနေသူက သို့နှယ် ပြန်ပြောလိုက်ရာ ကျွန်ုပ်ကား အသင့် တွက်ဆမှု မှားပြန်ပြီ မဟုတ်သလော ဟူသည့် ရှေ့ပွတ်စိုးမြင့်၏ အကြည့်ကို မျက်လုံးချင်း မဆုံဝံ့ပါလေတော့။

ဩော်... ဘဇာကိုမှ အတိအကျ မှန်းဆတွက်ချက်ရန် မစွမ်းနိုင်သေးသည့် ကျွန်ုပ်၏ ညံ့ဖျင်းပုံများပါပေတကား။

ပေါ်ပြူလာ၊ ၈-၉-၂၀၀၉

# စားသုံးသူ သူခိုးကြီးများ

## (တစ်)

သူခိုးဆိုတာ 'ချို' ပေါက်နေတာ မဟုတ်ဘူးဆိုသည့် စကားရှိ၏။ မှန်၏။ အဘယ်မည်သော သူခိုးကမှ မိမိသည် သူခိုးဖြစ်ကြောင်း အများပြည်သူသိရှိစေခြင်းငှာ ထင်ရှားသော အမှတ်လက္ခဏာတစ်ရပ်ရပ်ကို ပြသထားလေ့မရှိချေ။ အနို့ဖြစ်ဘိမူ သူခိုးကို အဘယ်နေရာ၌ တွေ့နိုင်သနည်း။ အဘယ်အချိန်အခါသည် သူခိုးတို့ကျက်စားလေ့ရှိသည့် အခွန့်ကာလ ဖြစ်ချေသနည်း။

ယင်း၏ လျှို့ဝှက်ချက်ကို ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းကိုယ်တိုင် သိရှိခဲ့ရပါချေပြီ။

## (နှစ်)

တစ်နေ့သော် ကျွန်ုပ်သည် စာအုပ်အရောင်းဆိုင်ကြီးတစ်ဆိုင်အတွင်းသို့ ဝင်ရောက်သွား၏။ အလွန်တရာကြီးမားလှပြီး စာအုပ်စင်များကို ဆိုင်ရှေ့နောက်တန်းလျက် သူ့အမျိုးအစားနှင့်သူ၊ သူ့ကဏ္ဍာနှင့်သူ ခင်းကျင်းထားသည့် စာအုပ်ဆိုင်ကြီးဖြစ်ရာ ကျွန်ုပ်အကြိုက်ပင် ဖြစ်ပါ၏။

စာနဒီစာအုပ်တိုက်

ကျွန်ုပ်ကား တရွေ့ရွေ့လျှောက်၊ တစိမ့်စိမ့်ကြည့်၊ စာရွက်အဆင့်အတန်း၊ မင်ကျမင်န ကောင်းမကောင်း၊ အချုပ်အလုပ် သင့်မသင့် ထုတ်ယူမြည်းစမ်းကာ စိတ်ကြိုက်စာအုပ်တွေ့ပါမှ ဝယ်ယူတတ်သူဖြစ်လေရာ အနှီနေ့ကလည်း အေးအေးဆေးဆေး တရွေ့ရွေ့လှမ်းရင်း ဘာစာအုပ်ဝယ်ရပါ့ဟုငမ်းလျက်ရှိစဉ် အသက်ရှုကျပ်စရာ အနေအထားသို့ ရုတ်တရက်ကျရောက်ခဲ့ရပါ၏။ အရောင်းစာရေးမကလေးတစ်ယောက်က ကျွန်ုပ်၏ မလှမ်းမကမ်းမှ ထက်ကြပ်မကွာလိုက်ပါလျက်ရှိကာ ကျွန်ုပ်၏ ပြုမူလှုပ်ရှားမှုမှန်သမျှကို မျက်တောင်မခတ် လိုက်ကြည့်နေခြင်းပင် ဖြစ်ပါ၏။

ကျွန်ုပ် စာအုပ်တစ်အုပ်ကို ဆွဲယူလိုက်စဉ် သူကကြည့်နေ၏။ ကျွန်ုပ် စာအုပ်အဖုံးနှင့် အနှောင့်တို့၏ သေသပ်မှုကို စေ့ငုနေစဉ် သူကကြည့်နေ၏။ ကျွန်ုပ် စာအုပ်ကို လှန်လှောလိုက်စဉ် သူကကြည့်နေ၏။ ကျွန်ုပ် စာအုပ်ကို စင်ပေါ်ပြန်တင်လိုက်စဉ် သူကကြည့်နေ၏။ ကျွန်ုပ် လှည့်ထွက်လိုက်စဉ် ဆက်လျှောက်လိုက်စဉ်၊ နောက်စာအုပ် တစ်အုပ်ကို ယူကြည့်နေစဉ် သူကကြည့်နေမြဲပင်။

ဩော်... ကျွန်ုပ် မည်သည့်အချိန် စာအုပ်ကို ခိုးလိုက်လေမလဲဟူသော စိတ်ဖြင့် အသင့်စောင့်ဆိုင်းနေသော မျက်လုံးများပါပေတကား။ အနှီကလိုဖြစ်နေရသည်မှာ ကျွန်ုပ် တစ်ဦးတည်းကိစ္စမဟုတ်မူဘဲ ဆိုင်ထဲရှိ လူအထိုထိမှန်သမျှကို အရောင်းစာရေးမကလေးကိုယ်စီက ခိုးယူတော့လေမလားဟူသော မျက်လုံးဖြင့် လိုက်ကြည့်နေကြသည်ကို ကျွန်ုပ် တွေ့ရှိခဲ့ရပါကြောင်းဟူလို။

## (သုံး)

တစ်နေ့သ၌မူ ကျွန်ုပ်သည် ရန်ကုန်မြို့အလယ်မှ စာရေးကိရိယာဆိုင်ကြီးသို့ ဆိုက်ရောက်၏။ စုံစုံစေ့စေ့ ရှိလှစွာသော ဆိုင်ကြီးပင်။ စက္ကူမျိုးစုံ၊ ဘောလ်ပင်မျိုးစုံ၊ ဖောင်တိန်မျိုးစုံ၊ ဖိုင်မျိုးစုံ၊ ချုပ်စက်၊ ဖောက်စက်၊ ခဲတံ၊

ခဲဖျက်၊ ကလစ်၊ ပင်အပ်၊ ဒိုင်ယာရီမှစ၍ စာရေးကိရိယာမှန်သမျှ အကုန်ရသော ဆိုင်ကြီးပင်။

ကျွန်ုပ်ကား လူရှိသေ ရှင်ရှိသေ ပတ်ကားဘောလ်ပင်ကလေး တစ်ချောင်းလောက် လိုချင်ပါ၏။ သိန်းဂဏန်း ဟိုမှာဘက်ရှိ ဘောလ်ပင်များအထိလည်း မရောက်၊ နှစ်ရာ သုံးရာတန် ဘောလ်ပင်များအထိလည်း မသက်ဆင်း၊ ဂျင်းတလဲမင်းပုံ နည်းနည်းပါးပါး ထွက်သည့် ဘောလ်ပင်မျှသာ အလိုရှိသူပါပေ။ အနီးကြောင့် ဘောလ်ပင် ကောင်းတာကလေးများ ကြည့်ရှုလိုပါကြောင်း တောင်းပန်သမှုပြုမိပါ၏။

ဤ၌ ကျွန်ုပ်တို့၏ ဒိုင်ယာလော့ဂ်ကို ကြည့်လေ။

''ဦးက ဘယ်လောက်တန် လိုချင်လို့လဲ''

''ပြလေ သမီးရယ်... ကြည့်ဦးမှပေါ့''

''မဟုတ်ဘူးလေ၊ ဦးဝယ်နိုင်တဲ့ တန်ဖိုးကိုပြော၊ ဈေးက အမျိုးမျိုးရှိတာ''

''ကြည့်လို့ မရဘူးလား''

''ဦးဝယ်နိုင်မယ့်ဟာပြော ထုတ်ပြမယ်''

ကျွန်ုပ်ကား ဘဇာကိုမှ ထုတ်ပြခိုင်းမနေတော့၊ မဝယ်တော့ဘဲ လှည့်ထွက်ကာ ပြန်ခဲ့ချေ၏။ တန်ဖိုးကြီးသော ဘောလ်ပင်ကို ထုတ်ပြခဲ့သော် ကျွန်ုပ်က လစ်ယူထွက်ပြေးသွားမည့်သူဟု စိုးရွံ့နေပုံရသော အရောင်းစာရေးမကလေးပါပေတကား။

## (လေး)

ဖောက်သည်ဘက်က အမြဲမှန်သည်ဆိုသောစကား၊ စားသုံးသူ အခွင့်အရေးဆိုသော စကားတို့ အဘယ်နားသွားထားရမှန်းမသိသည့် လုပ်ရပ်မျိုးကို အထည်ဆိုင်ကြီး တစ်ဆိုင်အတွင်းတွင် ကျွန်ုပ် ကြုံဖူး၏။

အနီ အမျိုးသမီးက ပါတိတ်မေး၏။ ဆိုင်ကအရောင်းစာရေးမကလေး က ရန်ကုန်ရိုက်တွေကို ထုတ်ပြ၏။ ဝယ်သူက အင်ဒိုနီးရှားကို လိုချင် တပ်မက်သူ။

"ဟဲ့... အစစ်မရှိဘူးလား"

"ရှိတယ်၊ ဈေးကြီးတယ်၊ အစ်မ ယူမှာလား"

ဤသို့ စကားများကြဘိချေသတည်း။

## (ငါး)

မိမိ၏ ဆိုင်အတွင်းသို့ ဝင်ရောက်လာသည့် စားသုံးသူအား ဘဇာ ပြစ်မှုကိုမှ မကျူးလွန်ရသေးမီကပင်လျှင် အလကားလူတွေ၊ အလစ်သုတ်မည့် လူတွေ၊ ခိုးမည့်ဝှက်မည့်လူတွေ၊ ငမွဲတွေ စသည် စသည်ဖြင့် အရောင်းစာရေး အချို့က သတ်မှတ်ထားကြပုံရပါ၏။ စံပြ အရောင်းသမားဆိုသည်မှာ အနို့ ကလို အရောင်းသမားတို့ကိုများ ဆိုနေလေရော့သလား မသိ။

အင်း... အိမ်မှာ တိုလီမိုလီကလေးတွေ ကုန်ပြန်ပါပြီ။ ကျွန်ုပ်လည်း မိနီမားကတ်၊ စူပါမားကတ်များသို့ သွားရပါချေဦးမည်။ ဂျက်ကွမ်းခြံကုန်း၊ သို့မဟုတ် သူနိုးကြီး ဈေးဝယ်ထွက်ဖို့ လာပါပြီ အဆွေတော်တို့။

ပေါ်ပြူလာ၊ ၂၉-၉-၂၀၀၉

# ဂျက်ကိုချစ်ရင် မနမ်းပါနဲ့

## (တစ်)

ရုပ်ရှင်ထူးချွန်ဆုပေးပွဲများ ကျင်းပကြသည့်အခိုက် ရုပ်မြင်သံကြား ဖွင့်ထားသည်နှင့် ကြုံကြိုက်၍ လှမ်းကြည့်မိလိုက်သည့်အချိန်တိုင်းဝယ် အနမ်းမိုးဖြိုင်ဖြိုင်သွန်း၍နေသည်ကို ကျွန်ုပ်တို့ တွေ့ရှိကြမြဲပင် ဖြစ်ပါ၏။

အကြင် မင်းသမီးတစ်ယောက်သည် အကယ်ဒမီဆုချီးမြှင့်ခံလိုက်ရကြောင်း ကြေညာလိုက်သည်ဆိုပါအံ့။ သူ့ ရပ်နီးဝန်းကျင်မှ လူအထိုထိုသည် အနီမင်းသမီးထံပါးသို့ ရွေ့ခနဲ၊ ရွေ့ခနဲ ရောက်ရှိ၍သွားကြပြီးသည်ရှိချေသော် မွှေးမွှေးပေးကြလေကုန်သတည်း။ ဂုဏ်ပြုအနမ်းဟူလို။ ထို့အတူ ရုပ်ရှင်မင်းသားတစ်ယောက် အကယ်ဒမီရလျှင်လည်း အချို့အချို့တို့က မွှေးမွှေးပေးကြပြန်သည်သာ။

မေမေက သားသားကို မွှေးမွှေးပေး၏။ ဖေဖေက သမီးကို မွှေးမွှေးပေး၏။ သူငယ်ချင်းများ၊ ချစ်သူများလည်း မိမိတို့အချင်းချင်း မွှေးမွှေးပေးကြကုန်သည်သာ ဖြစ်ပါ၏။ အဘယ်ကြောင့်နည်း။ ချစ်လို့... ဟူလို။

(နှစ်)

ကျွန်ုပ်ကား အထိုက်အလျောက် လူချစ်လူခင်များသောပုဂ္ဂိုလ် ဖြစ်ကြောင်းကို ဝန်ခံလိုပါ၏။ အနို့ကြောင့် မကြာခဏဆိုသလို မွေးမွေးအပေးခံရခဲ့ကြောင်း ဖြောင့်ချက်ပေးလိုပါ၏။ မိဘဆွေမျိုးများသာမက တွေ့သူမြင်သူအပေါင်းက ကျွန်ုပ်၏ ကလေးဘဝ ပါးပြင်နုလွှကို မွေးမွေးပေးခဲ့ကြပုံ အတိတ်နေ့ရက်များအား အကျွန်ုပ် သတိရနေမိပါ၏။

အနို့နှင့် ကျွန်ုပ် အရွယ်ရောက်သည်ရှိလေသော် ကာတွန်းဆရာတစ်ဦးကား ကျွန်ုပ်ကို မကြာခဏ မွေးမွေးပေးတတ်၏။ ဂျက်-နင့် ငါချစ်တယ်ဟာ ဟူသတတ်။ သီချင်းရေးဆရာတစ်ယောက်ကမူ နင့်စာတွေ ငါချစ်သကွာဟုဆိုကာ ဖက်နမ်းတတ်ချေရာ သူ၏ ကြမ်းရှသော မုတ်ဆိတ်မွေးနှင့် ပါးမြိုင်းမွေးများ၏ဒဏ်ကို ကျွန်ုပ်မှာ အောင့်အည်းသည်းခံ၍သာ နေရချေသည်တည့်။

ကျွန်ုပ်နှင့် ချစ်ကြိုးချည်နှောင်ဖူးသည့် မိန်းကလေးတို့မှာကား ဆိုဖွယ်ရာ မရှိတော့ပါပေ။

(သုံး)

ယနေ့ကာလ မျက်မှောက်ကမ္ဘာကြီးသည်ကား ကျန်းမာရေးသတိအတော်ကလေးရှိသော ကမ္ဘာကြီးဖြစ်ပါ၏။ ချစ်သူခင်သူ ကြင်နာသူတို့ အတူတကွပေါင်းဖက်ကြရန်အလို့ငှာ ကိစ္စများမှာပင်လျှင် ကျန်းမာရေးက ပထမဟူလိုပင်။

လက်မထပ်မီ HIV ပိုးရှိမရှိ စစ်ဆေးလာကြကုန်၏။ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး ရှိမရှိ စစ်ဆေးလာကြကုန်၏။ အနို့နောက်တွင်မှ လက်ထပ်သင့် လက်မထပ်သင့် စဉ်းစား။

စာနဒီစာအုပ်တိုက်

ကျွန်ုပ်၏ အသိဆရာဝန်မ လှလှကလေးကမူ သူ့အားစတင်၍ ချစ်ရေး ဆိုလာကတည်းက လိုအပ်သော စာရွက်စာတမ်းများနှင့်တွဲ၍ တင်ပြရမည် ဆိုပါ၏။

နှလုံးဆိုင်ရာ ECG စမ်းသပ်ချက်။

HIV စစ်ဆေးချက်။

အသည်းရောင် အသားဝါ စစ်ဆေးချက်။

ဆီးဝမ်းသွေး စစ်ဆေးချက်။

အဆုတ် တီဘီစစ်ဆေးချက်။

လူတုပ်ကွေး $A(H_1N_1)$ စစ်ဆေးချက်။

စသည် စသည်များနှင့်တွဲကာ ချစ်ရေးဆိုသည့်စာကို တင်ပြရမည် ဆိုပါ၏။ ခေတ်မီလိုက်သည့် မိန်းကလေး။ ဟုတ်ပါရဲ့ မတော်ကိုယ့်လက်ထဲ ဂိလာနကြီးပိုက်မိနေသော် ဘယ့်နှာလုပ်ရပ့်။ ထား။

(လေး)

ဂျာမနီနိုင်ငံ မြောက်ပိုင်းတွင် Schieswig-Holstein ဟူသော အရပ် ရှိလေသည်ဟူသတတ်။ ထိုအရပ်သို့ Motorhead, Anthrax, Napalm Death စသည့် ဂီတအဖွဲ့များ လာရောက်ဖျော်ဖြေကြသည်ရှိလေသော် ပရိသတ် ကား ၇၅၀၀၀ အထိ လာရောက်ကြသည်ဆို၏။ အနို ပရိသတ်ကား သီချင်း တစ်ပုဒ် ဖျော်ဖြေပြီးတိုင်း တစ်ဦးနှင့်တစ်ဦး နမ်းကြသည်ဆို၏။ ယခုအခါ $A(H_1N_1)$ ခေါ် လူတုပ်ကွေးကဲ့သို့သော ရောဂါမျိုးကို ကြောက်နေရသည့် ကာလဖြစ်ချေရာ ကျန်းမာရေး အရာရှိ Oliver Brever က မနမ်းရဟု အမိန့်ထုတ်ပြန်ထားလေသတတ်။

ကြည့်စမ်းငဲ့။ ခေတ်မီလိုက်သည့်အမိန့်။ ခေတ်မီလိုက်သည့်သတင်း။ အရာရာတွင် ကျန်းမာရေးသည်သာ ပဓာန။ နေထိုင်ကောင်းဖို့က အဓိက။

စာနဒီစာအုပ်တိုက်

မည်သူမဆို ဂျက်အနားသို့လာ၍ ပရောပရည်ပြုတာ၊ ပွတ်သီးပွတ်သပ်လုပ်တာ ဂျက်မကြိုက်နိုင်တော့ပါဗျာ။ ကျန်းမာရေးက ပထမ။ အဆွေတို့ ချစ်တာ ခင်တာတွေက ဟိုး... နောက်မှ။

ဂျက်ကိုချစ်ရင် မနမ်းကြပါနဲ့။

Medical Check-up မလုပ်ရသေးဘဲနဲ့ပေါ့။

ပေါ်ပြူလာ၊ ၆-၁၀-၂၀၀၉

# မိုးရေထဲမှာ ဂျက်လမ်းလျှောက်ခြင်း

မိုး ဘယ်နှမျိုးရှိသလဲဟု ကျွန်ုပ်အား မေးခွန်းထုတ်လာကြပါအံ့။ မိုးလေဝသနှင့် ဇလဗေဒ ပညာရှင်မဟုတ်ချေသော ကျွန်ုပ်က ဘယ့်နှာလုပ်ဖြေဆိုခြင်းငှာ တတ်စွမ်းပါလိမ့်မတုံး အရပ်ကတို့ငဲ့လေ။ မိုးရွာတာ ကောင်းသလား၊ ဆိုးသလား။ အဲသဟာကလည်း ခံစားသူအကြိုက်ပေပ ဟူလို။ အနို့ဖြင့် တိတ်နေသောမိုးကို ရွာလော့၊ ရွာနေသောမိုးကို တိတ်လော့ စသည်ဖြင့် အမိန့်ပေးစေခိုင်းလို့ကော ရကောင်းပါလေစ။ ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းဉာဏ်မမီတော့ပါလေပြီ။ သပ္ပုရိသအနွယ်ဝင် သူတော်စင်အပေါင်းတို့ဟူတကား။

ကျွန်ုပ်တို့ငယ်စဉ်က ပေါက္ခရဝဿမိုး ဟူသည်ကို လူကြီးတွေ နှုတ်ဖျားက တစ်ဆင့်ကြားဖူး၏။ စိုစွတ်လိုစိတ်ရှိသောသူတို့ကိုသာ စိုစွတ်စေ၍ စိုစွတ်ရန်အလို့ငှာ ဆန္ဒမရှိသောသူတို့ကို ဘယ့်နှာမှ မစိုစွတ်စေသောမိုး ဟူသည်တကား။ ကောင်းလိုက်တဲ့မိုးဟူ၍ ကျွန်ုပ်တို့ တောင့်တမိခဲ့သည်ကား ကေန်မုချပင်။ ထူးပေဆန်းပေစွ။

ဂေါတမဘုရားရှင် လက်ထက်ဆီကမူ အာဠဝကဘီလူးသည် သူ၏ ဗိမာန်အတွင်း၌ စံမြန်းနေသော ဘုရားရှင်အပေါ် မိုးအမျိုးမျိုးရွာချစေခဲ့ဖူးပါ၏။ ရေယဉ်မိုး၊ ဓားမိုး၊ လှံမိုး၊ ကျောက်ခဲမိုး၊ ပြာပူမိုး၊ သလဲမိုး စသည် စသည်။ အဘယ်ကဲ့သို့သော မိုးတွေပါလိမ့် အရပ်ကတို့ငယ်လေ။

ဟော... ယခု ပစ္စက္ခမျက်မှောက်ကာလ၌မူ အက်စစ်မိုးဟူသည်ကြီးကို ကျွန်ုပ် ကြားသိလိုက်ရချေရာ တွန့်သွား၏။ အက်စစ်မိုးဆိုတော့ ချဉ်ပေမပေ့ါ။ ဆာလဖာဒိုင်အောက်ဆိုဒ်နှင့် နိုက်ထရိုဂျင်အောက်ဆိုဒ်တို့ ပြွမ်းနေသည့် မိုးဟူသတတ်။ အမေရိကန်၊ ကနေဒါ၊ ဆွီဒင်၊ ဂျာမနီ၊ တရုတ်ပြည်တို့၌ ရွာချတတ်လေသတတ်။ အဆိပ်ခိုးအမျိုးမျိုးကြောင့် ရွာသွန်းလေသည့်အနှီ အက်စစ်မိုးကိုဖြင့် ကျွန်ုပ်မုန်းမိကြောင်းပါ စာရှုသူအဆွေသူတော်စင်။

ပသို့ဆိုစေပေ့ါ။ မိုးဟူသည် တောင့်တသူကလည်းရှိ၊ ကြောင့်ကြသူကလည်းရှိ၊ ဆန္ဒအထွေထွေတို့ ကွဲပြားလျက်ရှိကြဘိတတ်ချေရာ ရွာစေလို၍၊ တိတ်စေလို၍ ကြိုးပမ်းကြသည်များကလည်း ထွေထွေရာရာ ပါပေတမုံ့။

ဟိုးတစ်ခါက ထိုင်းနိုင်ငံဘက်ဆီဝယ် မိုးခေါင်သောသတင်းတစ်ရပ်ကို ကြားမိဖူးပါ၏။ သူတို့ကား မိုးတိမ်အတုများကို ဖန်တီးကာ ရွာသွန်းချစေခဲ့ကြောင်း အနှီသတင်းက ဆက်၍ဆိုရာ ဂျက်ကွမ်းခြံကုန်း အားမလိုအားမရဖြစ်သွား၏။ လွန်ဆွဲပါတော့လား အဆွေတို့ရယ်။ နာနာလေးဖိဆွဲလိုက်ချေပေ့ါ။ အာဖရိကတို့၊ လက်တင်အမေရိကတို့ကို သည်နည်းကလေး ဂျက်က လက်ဆင့်ကမ်းချင်သမင့်ဟာ။ ရွှဲရွှဲတောင် စိုသွားလိမ့်ဦး။ မိုးကိုလိုသော်ဂျက်တို့ လွန်ဆွဲကြပေ့ါဟာ။

ဤ၌ စကားလက်စနှင့်ဟုဆိုသလို ရွာမည့်မိုးကို တိတ်လော့ဟု စေသော သတင်းကလေးကို လက်ဆင့်ကမ်းချင်မိပြန်သဗျ။ ဂန္ဓာလရာဇ်ခေါ် တရုတ်ပြည်ကြီးဆီက သတင်းပေတကား။ ဥက္ကဋ္ဌကြီးမော်ကား ၁၉၄၉ အောက်တိုဘာ ၁ ဝယ် တရုတ်ပြည်ကို ကွန်မြူနစ်နိုင်ငံအဖြစ် ကြေညာခဲ့ချေ၏။ အနို့ဖြစ်ချေရာ ၂၀၀၉ အောက်တိုဘာ ၁ သည် တရုတ်ကွန်မြူနစ်ပါတီ အနှစ် ၆၀ ပြည့်သောနှစ်ဖြစ်၏။ သို့ကြောင့် အနှီပွဲကို ပေကျင်းရှိ တီယန်မင်ရင်ပြင်၌ ဝှဲချီးကျင်းပရန် စီစဉ်ခဲ့ရာ မိုးကိုမူကြောက်၏။

သို့နှင့် မိုးကိုအန်တုရန် စီစဉ်ခဲ့ကြလေ၏။ လေယာဉ် ၁၈ စင်းက မိုးတိမ်များ ရှောင်ဖယ်သွားရန်အလို့ငှာ ဓာတုဗေဒပစ္စည်းများဖြင့် ကြဲချလေတော့သည်ဟူသတတ်။ အနီ့အပြင် အခြားသော လေယာဉ် ၄၈ စင်းကလည်း မြို့တော်ပေကျင်း၏ဝန်းကျင် လေဆိပ်များဆီ၌ အဆင်သင့် ရယ်ဒီဆိုသလို စောင့်ဆိုင်း၍ နေခဲ့ကြကာ မိုးတိမ်များတက်လာသည်နှင့် ချေဖျက်ရန် ဆေးများနှင့် အဆင်သင့်။ ယင်းၡင်းအနီ အစီအစဉ်ကို ဦးဆောင်သူက လေတပ် မိုးလေဝသပညာရှင် ကျူလင်ကင်း။ မှတ်ပေတော့။

အဲသမှာ ရိုးရာနည်းကလေးတွေ ကျွန်ုပ်က လက်ဆင့်ကမ်းချင်လာပြန်ပါလေရော။ ရှင်ဥပဂုတ္တပွဲကလေးတင်လိုက်သော် အကုန်အကျ မသက်သာပါကလား အဆွေသူတော်ကောင်းတို့ငယ်လေ။ ကျွန်ုပ်တို့အနေနှင့်မူ ပွဲလမ်းသဘင်ကလေးပဲရှိရှိ၊ အလှူမင်္ဂလာ သာရေးနာရေး အခမ်းအနားတွေပဲ ဝှဲချီးဝှဲချီး မိုးမရွာရန်အလို့ငှာ ရှင်ဥပဂုတ္တပွဲကလေး တင်ထားလိုက်တာပေပဲဗျာ။ ဘာဓာနည်းပညာမှ မလိုပေါင်။

လှူဝင်လှူထွက် များပြားစေချင်သည်ဆိုတော့လည်း ညော့်လာဂမုန်းလေး ဘာလေး စိုက်ကြတာပေါ့။ မီးအန္တရာယ် ရန်စွယ်ကို ကြောက်ရွံ့တော့လည်း မီးကွင်းဂမုန်းကလေး ဘာကလေး စိုက်ကြချေတာပေါ့။ ရောင်းပန်းဝယ်ပန်းကလေး ပွင့်လန်းဝေဆာချင်တော့လည်း စီးပွားဂမုန်းကလေး ဘာကလေး စိုက်ကြချေတာပေါ့။ ဂျက်၏ တူကလေးများ၊ တူမကလေးများဆိုရင်ဖြင့်လည်း ဉာဏ်ကောင်းလိုက်ကြတာ။ ကြာသပတေးနေ့မှာ ကျောင်းသွားအပ်ကြဆိုမို့လား။

အဲလဘတ်အိုင်စတိုင်းတို့၊ အိုင်ဇက်နယူတန်တို့၊ သောမတ်အက်ဒီဆင်တို့၊ ဘာထရန်ရပ်ဆယ်တို့ ဂျက်စိတ်ကြိုက် ရိုးရာနည်းကလေးများ သိမသွားကြရှာတာ လူဖြစ်ရှုံးလှချေရဲ့ဗျာရယ်။

ပေါ်ပြူလာ၊ ၁၂-၁-၂၀၁၀

# ရင်ထဲကိုခွဲ၍ ကြည့်လိုက်လေသောအခါ

## (တစ်)

''ရင်ထဲကို ခွဲသာကြည့်လိုက်ကြ၊ ဟောသည့်ကောင်ရဲ့ ရင်ထဲကို ခွဲသာကြည့်လိုက်ကြ''

ယင်းငှင်းအနှီ စကားသည်ကား ကျွန်ုပ်တို့၏ သပွတ်အူကျေးရွာ၌ မကြာခဏဆိုသလို ကြားရလေ့ရှိသည့် စကားတစ်ခွန်းပင်ဖြစ်ဘိတုံပါ၏။ ရင်ထဲကို ခွဲသာကြည့်လိုက်ကြတဲ့။ ဟုတ်ကဲ့၊ ပြောသူမှာကား ကဗျာဆရာ လူအံ့ဩပင်။ ဝမ်းနည်းကြေကွဲစရာများနှင့် ကြုံကြိုက်လာသည့်အခါတိုင်း အခါတိုင်း၌ ကဗျာဆရာ လူအံ့ဩ သို့ကလို မြည်တမ်းပေါက်ကွဲတတ်မြဲပင်တည်း။

ကျွန်ုပ် မှတ်မိနေပါသေးသည်။ လွန်လေပြီးသော ၁၀ နှစ်ကျော်ကျော် အခါသမယ ၁၉၉၇ ခုနှစ်တုန်းကဖြစ်ပါ၏။ ကမ္ဘာကျော် ကရဏာရှင်မကြီး မာသာထရီဆာ အနိစ္စရောက်ပြီဖြစ်ကြောင်း သတင်းသည် ကျွန်ုပ်တို့၏ သပွတ်အူရွာသို့ ဟုပ်ခနဲဆိုသလိုရောက်လာ၏။ လူအံ့ဩ ဖြေမဆည်နိုင်ဖြစ်ရချေပြီ။

အရက်တစ်ပိုင်းကို စားပွဲပေါ်သို့တင်ကာ ငါးရှဉ့်ချဉ်စပ်ကလေးကို မြည်းလိုက်၊ တစ်ခွက်ပြီးတစ်ခွက် သောက်လိုက်။ မျက်ရည်များဖြင့် ပြည့်လျှံကာရှိဝေနေသည့် သူ့မျက်လုံးများကိုကြည့်ကာ သူ့ခံစားချက်ကို ကျွန်ုပ် စာနာမိပါ၏။

''အံ့ကြီးရေ... စိတ်ကို ထိန်းဦးကွ''

''ကရုဏာရှင်မကြီး မာသာထရီဆာ ကမ္ဘာကြီးကို ပစ်ထားခဲ့ပြီဗျ ရင်ထဲကို ခွဲသာကြည့်လိုက်ကြ၊ ဟောသည့်ကောင်ရဲ့ ရင်ထဲကို ခွဲသာကြည့်လိုက်ကြ''

ကျွန်ုပ်က ချစ်စနိုးဖြင့် အံ့ကြီးဟုခေါ်သော ကဗျာဆရာ လူအံ့သြကား အရက်ခွက်ကို ဝေါခနဲ မော့ချလိုက်ပြန်ချေရာ မာသာထရီဆာအတွက် အဘယ်မျှ ကြေကွဲနေသည်ကို ကျွန်ုပ် စာနာမိပါ၏။

## (နှစ်)

ကျွန်ုပ်တို့၏ ကမ္ဘာသည်ကား မကြာခဏဆိုသလို ကြေကွဲစရာအဖြစ်တွေက ရောက်ရောက်လာလေ့ရှိသောအရပ် ဖြစ်ပါ၏။ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၆ တွင် ဆူနာမီရေလှိုင်းကြီးတွေ ရိုက်ခတ်၏။ လူသေအလောင်းတွေ ဖွေးဖွေးလှုပ်လှုပ်။ ကဗျာဆရာ လူအံ့သြတစ်ယောက် အကြီးအကျယ် စိတ်ထိခိုက်ချေကပြီ။ သပွတ်အူရွာထိပ်ရှိ ဘကြီးကြွက်သိုး၏ ထန်းရည်ဆိုင်ကနေ မထတော့။ အရက်ပြင်းတစ်လုံးကို စိတ်ပျက်လက်ပျက်ထိုင်သောက်ကာ ပေါက်ကွဲ၍သာနေပါ၏။

''ရက်စက်လိုက်တဲ့ ဆူနာမီ၊ ရင်ထဲကို ခွဲသာကြည့်လိုက်ကြ၊ ဟောသည်ကောင်ရဲ့ ရင်ထဲကို ခွဲသာကြည့်လိုက်ကြ''

''တရားနှင့် ဖြေပါလေ လူအံ့သြင့်လေ''

ကျွန်ုပ်က အနို့ကလို ဖြေသိမ့်ရပါ၏။

အနို့နှင့် ၂၀၀၈ မေလတုန်းကလည်း ကျွန်ုပ်တို့ မြန်မာပြည်သူပြည်သားများ အသည်းနှလုံး အစိတ်အစိတ်အမွှာမွှာ ကွဲမတတ် ခံစားရသော နာဂစ်မုန်တိုင်းကြီး တိုက်ခတ်ရာ လူပေါင်းများစွာ၏ ဘဝတွေ၊ အသက်တွေ ပျက်သုဉ်းခဲ့ရ၏။ လူအံ့သြကား ရွာထိပ် ယမကာရိပ်သာမှ မထတော့။ ကြွက်ကြော်တစ်ပွဲ မှာလိုက် အရက်တစ်လုံးသောက်လိုက်။ ငါးရှဉ့်တစ်ပန်းကန် မှာလိုက် အရက်တစ်လုံးသောက်လိုက်။ ဖားကြော်တစ်ပွဲ မှာလိုက် အရက်တစ်လုံး သောက်လိုက်။ ဖြေမဆည်နိုင်ဖြစ်နေပုံမှာ ဆက်တိုက်ကြီးဖြစ်ပါ၏။ ကျွန်ုပ်က ရင်ထဲရှိခံစားချက်များကို မျှိုသိပ်ရန် နားချပါ၏။ မရ။

"ရင်ထဲကို ခွဲသာကြည့်လိုက်ကြ၊ ဟောသည့်ကောင်ရဲ့ ရင်ထဲကို ခွဲသာကြည့်လိုက်ကြ... ရက်စက်တဲ့ နာဂစ်ရယ် နင့်ကို ငါသတ်ချင်တယ်"

မျက်ရည်တွေတွေကြားက အရက်ကို လှမ်းငှဲ့နေရရှာသည့် ရင်ထဲမချိသူ လူအံ့သြ၏ ပြည်သူလူထုဆိုင်ရာသောကကို ကျွန်ုပ်မှာ မစာနာဘဲ မနေနိုင်တော့ပါပေ။

အနို့နောက်... ဟုတ်ပါသည်။ အနို့နောက် ဖြစ်ပါသည်။

တရုတ်ပြည်သူပေါင်းများစွာ၏ ဘဝကိုဖျက်သော စီချွမ်ငလျင်လှုပ်၏။ ဟော ယခု ၂၀၁၀ သို့ ဝင်စဉ်းမှာပင် ဟေတီငလျင်လှုပ်၏။ ကမ္ဘာကြီးနှင့် လူထုအပေါ် အချစ်ကြီးသော လူအံ့သြကား ယမကာဆိုင်မှ မထတော့။

"ရင်ထဲကို ခွဲသာကြည့်လိုက်ကြ၊ ဟောသည့်ကောင်ရဲ့ ရင်ထဲကို ခွဲသာကြည့်လိုက်ကြ"

မေတ္တာ၊ ကရုဏာ အဟုန်ကြီးမားလှစွာသော ကဗျာဆရာ လူအံ့သြပါပေတမုံ့။

## (သုံး)

ကဗျာဆရာ လူအံ့သြဆုံးတော့ ငယ်ငယ်ကလေးရှိသေး၏။ ဆေးရုံက

သူ့ရင်ကို ခွဲကြည့်ကြပါ၏။ သူ့တွင် အသည်းမရှိတော့။ ရှိသမျှအသည်းက လေးကလည်း ကျုံ့လှီခြောက်ကပ်လျက်။

ဩော်... လောကအပေါ် ကရုဏာကြီးစွာဖြင့် မချိမဆံ့ခံစားကာ စာနာနားလည်သွားသည့် ကဗျာဆရာလူအံ့ဩဖွယ်သည် တွေးလေတိုင်း နှမြောတသရသည့် ကဗျာဆရာတစ်ဦးပင် ဖြစ်ဘိချေသည် တမုံ့တကား။

ပေါ်ပြူလာ၊ ၉-၂-၂၀၁၀

# ချထည့်လိုက်သည့် စာမျက်နှာများ

## (တစ်)

"ချထည့်လိုက်ပြီ ချထည့်လိုက်ပြီ၊ နေဝင်းမြင့်ဆိုတဲ့ စာရေးဆရာကို ချထည့်လိုက်ပြီ"

ထုံးစံအတိုင်းပင် ဖြစ်ပါ၏။ သပွတ်အူကျေးရွာ၏ နာမည်ကျော် ကယ်လီဖိုးနီးယား လက်ဖက်ရည်ဆိုင်အတွင်းသို့ ကျယ်လောင် ကျယ်လောင် ဖြင့် ဝင်ရောက်လာသော စာပေဂုရု တစ်ဦးမှာကား မဟာဝိဇ္ဇာအဝင်းပင်ဖြစ် ဘိပါ၏။ လက်ထဲ၌မူကား ဂျာနယ်တစ်စောင်ကို ကိုင်ဆောင်ထားလျက်။ လွတ်နေသည့် ကုလားထိုင်၌ ဝင်ထိုင်၊ အနို့နောက် ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်၊ အနို့နောက် ဝမ်းတီးဟု လှမ်းမှာ၊ အနို့နောက် ဂျာနယ်စာရွက် တစ်နေရာကို လှန်လှောကာ ဖွင့်ပြပြီးနောက် သည်မှာလေ နေဝင်းမြင့်ကြီးကို ကိုယ်တီးထားတာပေါ့ဟု ဂုဏ်ယူဝင့်ကြွားစွာ ပြောနေပုံမှာကား အာသံစစ်ပွဲ ကို အနိုင်တိုက်ခဲ့သည့် စစ်သူကြီး မဟာဗန္ဓုလနှင်နှင်ပေတကား။

"အနို့ ဘဇာကိုများ ချထားတာတုံး မဟာဝိဇ္ဇာ အဝင်းငဲ့"

ကျွန်ုပ်က သို့ကလို စေ့ငုရပါ၏။ သို့မှ ထိုအနီ မဟာဝိဇ္ဇာအဝင်းက ရယ်သွမ်းသွေးတော်မူဘိကာ သူချထည့်လိုက်ပုံကို အပြည့်အစုံလင်းလာခဲ့

ပါ၏။ စာရေးဆရာနေဝင်းမြင့်က သီပေါမင်းပါတော်မူနောက်ခံ Glass Palace ဟူသည့်ဝတ္ထုကို ရွှေအမြုတေမဂ္ဂဇင်း ဘုတ်အုပ်အတွင်း၌ ဘာသာပြန်ဆိုနေခဲ့ပုံ၊ 'ရေကန်သာ ကြာတိုင်းအေး' ဟုပြန်ဆိုခဲ့ပုံ၊ Glass Palace ကို အနို့ကလို ပြန်ဆိုလိုက်ပုံမှာ မူလအော်ရီဂျင်နယ် (Original) နှင့် ဝေးကွာလှမ်းလှပုံ၊ အနို့ကြောင့် ချထည့်လိုက်ပုံ စသည် စသည် စသည်တို့ကို ကျယ်လောင်ကျယ်လောင်နှင့် ရှင်းပြနေခြင်းပင် ဖြစ်ဘိပါ၏။

ဟုတ်ကဲ့။ မဟာဝိဇ္ဇာအဝင်း၏ ချထည့်လိုက်မှုမှာ ယခုမှသာမဟုတ်ပါလေ။ အားတစ် (Artist) ခေါ် အနုပညာသမားဘဝသို့ သူစတင်ဝင်ရောက်ကာ ပထမခြေလှမ်းကို စတင်လှမ်းခါစ ကာလကပင်လျှင် ချထည့်လိုက်သောဆောင်းပါးမဟာကြီးဖြင့် ဝင်ရောက်အခြေချခဲ့ခြင်းဖြစ်သည် မဟုတ်ပါလေသလော။

## (နှစ်)

မှတ်မိပါသေး၏။

လွန်လေပြီးသော အနှစ် ၂၀ သို့မဟုတ် ၁၅ နှစ်ခန့်လောက်ဆီက အနီမဟာဝိဇ္ဇာအဝင်းသည် ကဗျာတို စာတိုကလေးများ ဖွဲ့စပ်သီကုံးကာ ဟိုဂျာနယ် သည်မဂ္ဂဇင်းဘုတ်အုပ်တိုက်များဆီသို့ လှမ်း၍လှမ်း၍ပို့ကာ မဟာဝိဇ္ဇာအဝင်းဟူသည့် အမှတ်တံဆိပ်ကိုထုလုပ်ခါစ ဖြစ်ပါ၏။ အနို့သော် မည်သူကမှ အနီ မဟာဝိဇ္ဇာအဝင်းဟူသည့် ကလောင်ကို လူရာမသွင်းခဲ့ကြချေ။ သို့နှင့် အနို့ကလို ဘဇာငါးကိုမှမမိဘဲ ထိုင်မှျားနေရသည့် နေ့ရက်များအတွင်းဝယ် ရုတ်တရက် ချက်ချင်းဟုဆိုသလို မဟာဝိဇ္ဇာအဝင်းကွ မဟာဝိဇ္ဇာအဝင်းကွဟူသော အသံသည် ဟုန်းခနဲတောက်ကာ စာပေမျက်နှာစာသို့ ဝုန်းခနဲရောက်သွားပါတော့ပါ၏။

'ဖောက်ပြန်သော စာရေးဆရာ၊ သို့မဟုတ် ချစ်ဦးညို' ဟူသတတ်။

စာနဒီစာအုပ်တိုက်

ယင်းကား မဟာဝိဇ္ဇာအဝင်း၏ ပထမဦးဆုံး စာပေလက်ရာ။ လက်ဘီပချစ်သူ ဝတ္ထုဘုတ်အုပ်၌ ရာမမင်းသားကို မှေးမှိန်ဝေဝါး၍ထားခဲ့ကာ ဒသဂီရိကို ထွန်းလင်းတောက်ပြောင်အောင် လုပ်ဆောင်ခဲ့သည်ဖြစ်၍ အနိုဝတ္ထုဘုတ်အုပ်ရေးသူ စာရေးဆရာ ချစ်ဦးညိုသည် ဖောက်ပြန်သည့် စာရေးဆရာဖြစ်ကြောင်း ရေးထားသည့်ဆောင်းပါး။

"ဆရာချစ်ကိုတော့ ကိုယ်ချထည့်လိုက်ပြီဟေ့"

မဟာဝိဇ္ဇာအဝင်းကား ချထည့်လိုက်ပြီဟူသည့် စကားကို မာန်ပါပါ ပြောပြီးသည့်သကာလ ကယ်လီဖိုးနီးယား လက်ဖက်ရည်ဆိုင်အတွင်းသို့ ဝင်လာခဲ့သည့်နေ့မှစကာ စာပေလောကမှာ နေရာတစ်နေရာ ရသွားခဲ့တော့ပါ၏။ အနိုနှင့် ဝတ္ထုကဗျာ၊ အက်ဆေးခေါ် ရသအစမ်းစာ ဘယ်နေရာမှာမှ ခြေတစ်ရပ်စာမရခဲ့လေသော မဟာဝိဇ္ဇာအဝင်းသည် ချထည့်လိုက်ရသော အရသာကို တွေ့ရှိ၍သွားတော့ကာ ချထည့်လိုက်ပြီ စာပေအမျိုးအစားတို့ကို ဆက်၍ဆက်ကာ ရေးသား၍သာ နေတော့ချေသည် ဟူသတတ်။

(သုံး)

"ဟေ့-သည်တစ်ပတ်တော့ ဂျူးရဲ့ အမှတ်တရကို ကိုယ်ချထည့်လိုက်တယ်"

"ဒီမှာဟေ့ နုနုရည် (အင်းဝ) ရဲ့ ထဘီကလေးတစ်ထည်ကို ချထားတာ"

"ဖတ်ပြီးကြပြီလား... သည်တစ်ပတ် ဇေယျာလင်းရဲ့ L.P ကဗျာကို ချထားတာ"

"ဆရာ မောင်သာနိုးကိုတော့ ကိုယ်ချထည့်လိုက်ပြီကွာ"

"ရန်ကုန်သူမရှိ မိတ်ဆွေရှိဆိုတဲ့ ဆရာဒဂုန်တာရာရဲ့ အယူအဆကို ကိုယ်ချထားတာပေါ့"

အနို့နှင့် သစ္စာနီကိုချ၊ မောင်သင်းခိုင်ကိုချ၊ မြင့်သန်းကိုချ၊ ကြူးနှစ်ကိုချ၊ သုခမိန်လှိုင်ကိုချ၊ မင်းခိုက်စိုးစန်ကိုချနှင့် ချပြီးရင်းချ၍သာ နေတော့ချေသော အကြင်စာပေသမား မဟာဝိဇ္ဇာအဝင်းသည် ဘယ်သူ့ကို ချရပါ့မလဲ ဟူသော ကိစ္စများနှင့် အချိန်ကုန်ကာ ဘဇာအနုပညာကိုမှ မထုတ်လုပ်နိုင်ဘဲ မွန်းနှစ်၍ နေတော့ချေသည်ဟူသတတ်။

## (လေး)

တစ်နေ့သော် မဟာဝိဇ္ဇာအဝင်း ရန်ကုန်သို့ တက်သွား၏။ မြို့တော်၏ ယမကာဆိုင်ကလေး တစ်ဆိုင်တွင် မြို့တော်အခြေစိုက် အနုသုခုမသမားကလေးတချို့နှင့် ဝေရီမှုရသကို ခံစားကြရာ ညဥ့်အတော်ကလေးနက်သွား၏။ သို့နှင့် အပြန်၌ မည်သူကမှန်းမသိ ချထည့်လိုက်ရာ လမ်းနံဘေးမှာ မှောက်ခုံလဲလျက်နေပြီး နံနက်လင်းမှ ဆေးခန်းသို့ ပို့ရ၏။ ကျွန်ုပ်က...

''ကိုယ့်လူကို ဘယ်သူကများ ချထည့်လိုက်တာတုံး မဟာဝိဇ္ဇာအဝင်းရဲ့'' ဟုဆိုရာ သူက...

''ဘယ်သိမှာတဲ့တုံး ဆရာဂျက်ရ၊ သိလို့ကတော့များလား ဆောင်းပါးနဲ့ကိုရေးပြီး ချထည့်လိုက်မယ်မှတ်'' ဟူလို၏။

ပေါ်ပြူလာ၊ ၂၃-၃-၂၀၁၀

# ခက်ပါကလား သန္တာဝင်းဆိုသည့် ညီမကလေး ဒေါက်တာ

## (တစ်)

လက်ခံသည်တို့၊ လက်မခံသည်တို့၊ ကြိုက်သည်တို့၊ မကြိုက်သည်တို့ ဆိုသည်များကို အသာထား။ အကျွန်ုပ် ဂျက်ကွမ်းခြံကုန်း အပတ်စဉ် မပျက်မကွက် ဖတ်ရှုနေသည့် ဂျာနယ်စာစောင်ကလေးများထဲဝယ် တစ်ခုသော ဂျာနယ်မှာကား The Voice ဟူလို။ မြန်မာလိုကား အသံဗလံဟု ပြန်ဆိုရချေမည်လား မသိ။ ထား။

အဲသည့် အနှီ The Voice ၏ တစ်ခုသော အပတ်စဉ် March 22-28/ 2010 ထုတ် ဂျာနယ်တွင်ကား ဆောင်းပါးစာလွှာကလေးတစ်ပုဒ် ပါဝင်ခဲ့ပါ၏။ စာရေးသူမှာကား ဒေါက်တာ သန္တာဝင်းဟူသတတ်။ ဆောင်းပါးခေါင်းစဉ်မှာကား 'ဘတ်စ်ကားပေါ်မှ အတွေးများ' ဟူသတည်း။

ဩော်… မောင်ကြီးနှမအရွယ် စာရေးသူမိန်းကလေး ဖြစ်ပေအံ့လတ္တံ့ဟု ရည်သန်လျက် ညီမကလေးဟု အာလုပ်ပြုကာ ဤစာလွှာကို စီကုံးလိုက်ရပါပေကြောင်း ဒေါက်တာ သန္တာဝင်းငဲ့လေ။

စာနဒီစာအုပ်တိုက်

(နှစ်)

မဆွဦးဗွာ ဝန်ခံထားလိုသည်မှာကား အစ်ကို ဆရာဂျက်အနေနှင့် ညီမကလေး ဒေါက်တာသန္တာဝင်း၏ ဆောင်းပါးစာကလေးကို ဖတ်ရှု၍နေစဉ် လေးငါးခြောက်ခါထက်မနည်း တွန့်ခနဲ တွန့်ခနဲ ဖြစ်သွားရကြောင်းပင် ဖြစ်ပါ၏။ ဤမှန်သောသစ္စာစကားသာပါ ညီမကလေး။

ညီမလေးက ဘတ်စ်ကားစောင့်နေလေသတဲ့။ မှတ်တိုင်မှာက ဘတ်စ်ကားရောက်လာမယ့် အချိန်စာရင်းနဲ့ မြေပုံကို ကပ်ထားပါလေသတဲ့။ သွားလိုရာကို မလွဲအောင်ဟု ထင်ပ့ါ။

စကားမစပ် ကျွန်ုပ်တွေ့ကြုံသိရှိဖူးသည်ကလေး တင်ပြချင်ပါရဲ့။ ဆူးလေမှတ်တိုင်၌ ကျေးတောသူ အဒေါ်ကြီး တစ်ယောက်က မြောက်ဥက္ကလာ ဆေးတက္ကသိုလ် ၂ သွားချင်လို့ဟု ဘတ်စ်ကားစပယ်ယာကို လှမ်းပြော၏။ စပယ်ယာက ရောက်တယ်ဟုဆိုကာ တင်၏။ စင်စစ်အနီကားသည် ဆေးတက္ကသိုလ် ၂ သို့ တိုက်ရိုက်မရောက်သည့် သုဓမ္မာကား။ ခေမာသီကားမှသာ တိုက်ရိုက်ရောက်ပါ၏။ အန္တိုသော် ယင်း ၎င်းစပယ်ယာကား ခေမာသီကို စီးဟု လမ်းမညွှန်။ အဒေါ်ကြီးထံမှ ငွေ ၂၀၀ ကို အလွတ်မပေးလိုသူ ဖြစ်ဘိချေရာ ရောက်သည် ရောက်သည်ဟု ဟစ်ကြွေးပြီးသည့်သကာလ ဆွဲတင်၍ သွားတော့၏။ ခေမာသီနှင့် သုဓမ္မာတို့ လမ်းခွဲရာ အဝိုင်းကြီးမှတ်တိုင်မှာ ဆင်းပြီးသည့်သကာလ အနီအဒေါ်ကြီး ကားပြောင်းစီးပေရော့။ သွားလိုရာကို တိုက်ရိုက်မရောက်တော့ ဘဝအခက်အခဲတွေကို နားလည်လာလေမပေ့ါ။

ဒေါက်တာသန္တာဝင်းက ဘတ်စ်ကားကြီး ရောက်လာတဲ့အခါ လက်မှတ်ပြပြီး ဝင်ရုံပါတဲ့။ မြန်မြန်တက်ဆိုပြီး ဆွဲတင်မယ့် စပယ်ယာ မပါဘူးတဲ့။ မှတ်တိုင်ရောက်လို့ ဆင်းချင်တဲ့အခါမှာလည်း Bell ကလေးကို နှိပ်

လိုက်လေသည့်အခါ ညင်ညင်သာသာ ရပ်ပေးလေသတဲ့။ မြန်မြန်ဆင်းဟု ဆိုကာ တွန်းချမည့်သူ မရှိပါကြောင်းတဲ့။

ခက်ပါရော့လား သန္တာဝင်းဆိုသည့် ညီမကလေး ဒေါက်တာ။ ဦးဆရာအစ်ကိုဂျက် အတွေ့အကြုံကလေး တချို့ ပြောပါရစေလား။ တစ်ခါသော် ဘတ်စ်ကားနှစ်စီး ရှေ့နောက်အပြိုင်မောင်း လာ၏။ ထိုကားကို စီးမည့်သူတို့က နှစ်စီးတောင်လာပဟာဟုဆိုကာ ဝမ်းမြောက်ဝမ်းသာ လှုပ်နိုးသွား၏။ ဟုတ်ကဲ့။ တစ်စီးမှ မရပ်။ ကားချင်း ဖိုက်နေကြသည်ဖြစ်ရာ ခရီးသည်တို့ စောင့်စားနေသည်က သာမည။ တစ်စီးကို တစ်စီး ကျော်နိုင်ဖို့က အဓိက။

တစ်ခါတွင်ကား ထိုနည်းတူ ကားချင်းဖိုက် နေကြရာ ကလေးလူငယ် သက်ကြီးရွယ်အို မရှောင်... တက်တက်နှင့် ဆောင့်ဆွဲ၍တင်၊ ဆင်းဆင်းနှင့် အတင်းတွန်းချ လဲလဲပြိုပြို ခြေခေါက် လက်ထောက်။

တစ်ခါသော် ပြည့်သိပ်နေသည့် ဘတ်စ်ကားထဲမှ အတင်း တိုး၍ ထွက်နေရာ စဉ်းငယ်ခန့် ကြာသွားလေသဖြင့် အဆွေတို့ လူလို နားလည်ပါ၊ ကြိုထွက်ထားမှပေါ့ဗျ၊ ဘာညာအငေါက်ခံရပါ၏။

အနို့နှင့် အဆူခံရမည်ကို ကြောက်လေ၍ တစ်ခါသော် ရှေ့မှတ်တိုင် ဆင်းလေရန် ကြိုတင်တိုးထွက်ခဲ့၏။ ရပ်သည်နှင့် ဆင်းရန် အဆင်သင့်။ အနို့သော် ကားက မှတ်တိုင်မဟုတ်သည့်နေရာ၌ တားစီးသော ခရီးသည်တို့ကိုတင်ရန် ရပ်လေရာ ကျွန်ုပ်အား ဘဇာကြောင့် အစောကြီးကြိုထွက်လာပါအံ့၊ အပေါက်ဝမှာ ရှုပ်ပေစွဟုဆိုကာ ဟိန်းဟောက်ပြန်ပါ၏။

တစ်ခါ၌မူ ကားက ခရီးဆုံးထိ အောင်ပင် သွားမနေပါလေတော့။ အပြန်မှတ်တိုင်တစ်ခု၌ ခရီးသည်တို့ စုပုံ နေရာ လောဘဇောတိုက်သွားပြီး ကားကို ဤနေရာမှပင် ပြန်ကွေ့တော့မည်ဖြစ်၍ ဆင်းကြရန် ခရီးသည် အားလုံးကို အမိန့်ပေးပါတော့၏။

စာနဒီစာအုပ်တိုက်

အဲသည် ဆောင်းပါးစာလွှာရှင်ကလေး ဒေါက်တာသန္တာဝင်းက ကား၌ ခုံပြည့်လောက်သောအခါ နောက်ထပ် တက်လာလတ္တံ့သော လူတို့ကို လက်မခံတော့တဲ့။ အဲသဟာ ရက်စက်ရာ မကျလွန်းဘူးလား ဒေါက်တာသန္တာဝင်းကလေးရယ်။ တို့များဆီမှာ အထူးကားဆိုသည်များပင် မတ်တတ်တွေကို ပြည့်သိပ်အောင်တင်ပြီး ကူညီနေကြမင့်ဟာရယ်။ အတွယ်အတာဆိုတာက ဘယ်နေရာလှမ်းကြည့်ကြည့် တွေ့နေရသမို့မင့်ဟာရယ်။

ကားကြီးတွေက ဖြည်းဖြည်းမှန်မှန်တဲ့။ အန္တရာယ်ကင်းဖို့ အဓိကတဲ့။ မျဉ်းကျား၌ လူတို့ဖြတ်ကူးနေလေသောအခါ ရပ်စောင့်နေလေသတဲ့။

အဲဗျ။ ဟိုတစ်နေ့က မျဉ်းကျားတစ်ခု၌ ဂျက်ကွမ်းခြံကုန်း ကူးဖြတ်နေစဉ် အရှိန်နှင့်မောင်းဝင်လာသော ကားတစ်စီးက သေချင်ပြီထင်တယ် ဟူ၏။ တစ်စီးက နင့်ကြီးဒေါ်လမ်း မှတ်နေသလောဟူ၏။ ချစ်စနိုးနှင့် လှမ်းဆိုကြချေရာ လမ်းကူးရသည်မှာ ရင်ခုန်ချင်စဖွယ် ဖြစ်ပါ၏။

ဟွန်းတီးစရာ မလိုချေဘူးတဲ့။ ကားကြီးတွေက ကားလေးတွေကို ဦးစားပေးသတဲ့။

ဩော… ဒေါက်တာ သန္တာဝင်းကလေးငဲ့လေ။ ကုန်တင်ကားကြီးက ဖိမ်ခံကားလှလှကလေးကို လမ်းချမပေးဘဲ မိုက်ရင်တိုက်ပေါ့ကွာ လုပ်ပုံကလေးတွေ၊ လမ်းပေါ်မှာ နောက်ကား ကျော်မရအောင် ဇွေဇွေစောင်းစောင်းရပ်လို့ လူတင်နေပုံတွေ ဘဝ၏ ရှုမျှော်ခင်းတွေပါလေ။

အနှီ ဒေါက်တာ သန္တာဝင်း၏ **Manchester မြို့တွင်းသွား ဘတ်စ်ကားပေါ်မှ အတွေးများ** ဆောင်းပါးကို ဖတ်ရှုပြီးသည့်သကာလ ယင်းရှင်းဆောင်ပါးရှင် ဒေါက်တာ သန္တာဝင်းနှင့် တွေ့ဆုံစကားစမြည် ပြောဖူးချင်ပါရဲ့ဗျာလေ။ သည်ညီမငယ်က တစ်ကမ္ဘာလုံးကို Manchester များ ထင်နေလေရော့သလားဟု စဉ်းစားမိပါကြောင်း ဟူလို။

ပေါ်ပြူလာ၊ ၂၇-၄-၂၀၁၀

# ကျွန်ုပ်နှင့် အတည်မပြုရသေးသော ရွှေပွတ်စိုးမြင့်

## (တစ်)

ပထမတစ်ပတ်။

ဝုန်းခနဲ ဆိုသလို ခုန်တက်၍ သွား၏။

ဒုတိယတစ်ပတ်။

ဝုန်းခနဲ ဆိုသလို ခုန်တက်၍ သွားပြန်ပါ၏။

အနို့နောက် တတိယတစ်ပတ်။

ဝုန်း–ဝုန်းဟု ဆိုကာ ခုန်၍ ခုန်၍ တက်သွားပြန်ပါ၏။

ထို့နောက်တွင်မူ–

ဝုန်းခနဲတွေက ဆက်တိုက်ကြီးဆိုသလို ဝုန်းခနဲ ဝုန်းခနဲနှင့်။

ဩော် 'ဘွာတေး' ဂျာနယ်ကို ဝုန်းခနဲဖြစ်အောင် လုပ်ဆောင်ပေးနေခဲ့သူမှာ ကျွန်ုပ်တို့၏ သပွတ်အူကျေးရွာသား ရန်ကုန်မြို့ရောက် ရွှေပွတ်စိုးမြင့်ဆိုပါ့ကလား။ ကျွန်ုပ်ကား 'ဘွာတေး' ဂျာနယ်နှင့် ရွှေပွတ်စိုးမြင့်တို့ ရပ်ကွက်ဘက်ဆီသို့ အနည်းငယ် နားစွင့်ခဲ့ရတော့သည်သာ။

စာနဒီစာအုပ်တိုက်

(နှစ်)

တစ်နေ့သ၌ ဂျာနယ်လစ် ရွှေပွတ်စိုးမြင့်သည် မထင်မှတ်ဘဲဟုဆိုသလို တည်းခိုခန်းတစ်ခု၏ရှေ့တွင် ရပ်နေသော စာရေးဆရာ ဒါရိုက်တာ မင်းခိုက်စိုးစန်ကို မိန်းမငယ်ကလေးတစ်ယောက်နှင့်အတူ သွားတွေ့၏။ လူပျိုလူလွတ်ဆိုသူကို အနို့ကလို တွေ့လိုက်ရာ လိုရမည်ရဟုဆိုသလို ဓာတ်ပုံတစ်ပုံ ဖျတ်ခနဲ ရိုက်ယူထားပြီးသည့်သကာလ အနီးစုံတွဲ၏ အနီးသို့ ကပ်သွားရာ ရှက်ပြုံးကိုယ်စီနှင့် နှစ်ယောက်သားအနက် တစ်ယောက်သား မင်းခိုက်စိုးစန်ကြီးက...

"ရွှေပွတ်ကြီး... လိုက်မဖွနဲ့နော်၊ ဒါက အငယ်"

"ဪ... အငယ်"

ရွှေပွတ်စိုးမြင့်ကား ဦးရမည် ထူးရမည်ဟူသော ဂျာနယ်လစ်တစ်ယောက်ပီပီ ဖျတ်ခနဲ ဆတ်ခနဲဆိုသလို နောက်ကြောင်းအတင်းပြန်လှည့်ကာ ဂျာနယ်တိုက်သို့ လျင်မြန်သော အဟုန်ဖြင့် ပြန်ပြေးပြီးသည့်သကာလ ဓာတ်ပုံနှင့်တကွ သတင်းဦးသတင်းထူးကို သို့ကလို ရေးထည့်လွှတ်လိုက်ပေတော့၏။

**'လူပျိုလူလွတ်ဆိုသော စာရေးဆရာ မင်းခိုက်စိုးစန် အငယ်အနှောင်း တစ်ယောက်နှင့် တည်းခိုခန်းမှ ထွက်လာ'**

သို့ကလို ခေါင်းတပ်ထားသည့် မျက်နှာဖုံးသတင်းကြီးနှင့် 'ဘွာတေး' ဂျာနယ်ထွက်ရှိလာရာ ထူးပါပေ့ ဖြစ်သွားသဖြင့် ဝုန်းခနဲ ဆောင့်တက်သွားတော့၏။ အနို့သော်တစ်မူ စာရေးဆရာ မင်းခိုက်စိုးစန်ရောက်ရှိလာကာ အနီးမိန်းကလေးမှာ အငယ်အနှောင်းမဟုတ်ကြောင်း၊ မိမိ၏ချစ်သူ အိမ်နာမည် 'အငယ်' ဟု ခေါ်သူသာဖြစ်ကြောင်း၊ တည်းခိုခန်းက ထွက်လာသည်မဟုတ်မူဘဲ လမ်းလျှောက်လာခြင်းသာဖြစ်ကြောင်း၊ မိမိ၌ အကြီးလည်းမရှိကြောင်း စသည် စသည်ဖြင့် ဒေါထန်၍ မြွက်ကြားလာတော့ရာ ရွှေပွတ်စိုးမြင့်က ဘွာတေးသတင်းကို တောင်းပန်ပါကြောင်း ရေးထည့်လိုက်ရပြန်ချေသည်တမုံ့။

(သုံး)

တစ်ခါသော် နိုင်ငံကျော် ရုပ်ရှင်မင်းသမီး အကယ်ဒမီ သိမ့်သိမ့် အော်ပီကျယ်သည် အာဖဂန်နစ္စတန်နိုင်ငံ၊ ကဘူးမြို့တွင် နေထိုင်ရာမှ အမိနိုင်ငံသို့ ပြန်လာ၏။ ဤတွင် ကြိုတင်သိထားသော သတင်းများအရ သတင်းထောက်တို့ လေဆိပ်၌ စုပြုံတိုးဝှေ့စောင့်ဆိုင်း ဓာတ်ပုံရိုက်ယူကြရာ ရွှေပွတ်စိုးမြင့်က သိုးသိုးသွက်သွက်နှင့် တစ်ခွန်းမေးလိုက်သည်မှာ...

"အော်ပီရေ... အမျိုးသားကော" ဟူ၏။

သိမ့်သိမ့်အော်ပီကျယ်ကား စကားမဆို။ ခေါင်းကိုခါ၏။ လက်ကိုကာ၏။ ဦးရမည် ထူးရမည် ရွှေပွတ်စိုးမြင့်ကား ဇွေ့ခနဲဆိုသလို 'ဘွာတေး' ဂျာနယ်သို့ ပြန်ရောက်လာ၊ သတင်းတစ်ပုဒ်ကို ဆတ်ခနဲ ကောက်ရေး။ ဤသို့တည်း။

**'သိမ့်သိမ့်အော်ပီကျယ် ခင်ပွန်းနှင့် လမ်းခွဲပြီ၊ အာဖဂန်နစ္စတန်မှ ပြန်လာ'**

ဂျာနယ်လည်းထွက် ပြဿနာလည်းတက်ခဲ့ချေသည်တမုံ့။ ခေတ္တပြန်လာသည်ကို ယောကျာ်းနှင့်ကွဲသည်ဟု မသေချာဘဲ ရေးလိုက်မိသည့်ကိစ္စ။ ဝုန်းခနဲ ဝုန်းခနဲ တက်လာသည့် 'ဘွာတေး' ဂျာနယ်။ တောင်းပန်သမှု ထည့်သွင်းရပြန်သည်သာ။

(လေး)

တစ်နေ့၌ ကူးတို့ မော်တော်ကလေးတစ်စင်း နစ်မြုပ်သည့် သတင်းရောက်လာ၏။ သပွတ်အူနှင့် မြို့ကြား ပြေးဆွဲနေသည့် ကူးတို့ မော်တော်။ သတင်းထောက် အသီးသီးတို့ကား သေချာသည့် သတင်းကိုရရန် သပွတ်အူအထိ ချီတက်ကြကုန်၏။ ရွှေပွတ်စိုးမြင့်ကား ဖုန်းဖြင့်လှမ်းမေးကာ အခြေ

အနေမကောင်းဘူး ဟူသော အဖြေကို ရသည်နှင့် သတင်းကို ဦးအောင် ရေးထည့်လိုက်တော့၏။

**'သပွတ်အူ ကူးတို့သင်္ဘော နစ်မြုပ်၊ ခရီးသည်အားလုံး အသက် ဆုံးရှုံး'** ဟူလို။

စင်စစ် တစ်ဦးမှ အသက်မသေသော နစ်မြုပ်မှုဖြစ်ရာ 'ဘွာတေး' ဂျာနယ်က တောင်းပန်သမှု ပြုရပြန်ချေ၏။ ခရီးသည်တစ်ဦးမှ ဘာမှမဖြစ် ဟု ပြင်ဆင်ဖတ်ရှုပါရန် အမှားပြင်ဆင်ချက်။ စောင်ရေကမူ ဝုန်းခနဲ။

အနို့နှင့် ယခုသော် ရွှေပွတ်စိုးမြင့်သည် သူ၏ 'ဘွာတေး' ဂျာနယ် တွင် သတင်းများကို နှစ်မျိုးခွဲခြားကာ ဖော်ပြလာ၏။ သူများထက် ဦးလျှင် ပြီးစတမ်း မှန်ချင်မှန် မမှန်ချင်နေ သတင်းများ၏ အောက်ခြေတွင် 'Not-အတည်' ဟူ၏။ အမှန်ပြန်ရေးသော သတင်းများအောက်တွင်ကား 'အတည်' ဟူ၏။

## (ငါး)

တစ်နေ့သ၌ ကျွန်ုပ်လည်း ဘွာတေးဂျာနယ်တစ်စောင်ကို ကောက် လှန်လိုက်ရာ ဂျာနယ်တစ်စောင်လုံးတွင် 'Not-အတည်' သတင်းတွေချည်း ဖြစ်၍နေသဖြင့် ရွှေပွတ်စိုးမြင့်အား ဖုန်းဆက်၍ မေးမြန်းရာ အတည်ကိုသိ လိုသော် တစ်ပတ်ကျော်ကို စောင့်ဆိုင်းဖတ်ရှုချေမှုပေါ့ဗျ ဟူချေတမုံ့တကား။

ပေါ်ပြူလာ၊ ၈-၆-၂၀၁၀

## ဆူးလေဘုရားလမ်းပေါ်က လူရိုင်းနှစ်ယောက်

### (တစ်)

အကျွန်ုပ်တို့ မှီတင်းနေထိုင်ကြရာ ဟောသည့် မဟာပထဝီမြေလွှာအထုကြီးပေါ်၌ အရိုင်းအယဉ်ဟူသည်မှာ အဘယ်သို့သော အရာများပေနည်း။ ရိုင်းမှု၊ ယဉ်မှုအစုစုတို့ကို မည်သို့သော နှုန်းစံစည်းကမ်းကလနားများပေါ်၌ အခြေခံကာ ခွဲခြားသတ်မှတ်ကြလေသနည်း။ မည်သို့ ပြုမူပြောဆိုဆက်ဆံသောသူက လူရိုင်းဖြစ်၍ မည်သို့ပြုမူပြောဆိုဆက်ဆံသောသူက လူယဉ်ဖြစ်ချေသနည်း။ နေရာဒေသ ကာလအလျောက် လူတစ်ယောက်နှင့် လူတစ်ယောက်၊ လူတစ်မျိုးနှင့် လူတစ်မျိုး၊ ကျေးရွာဇနပုဒ်တိုင်းပြည်နိုင်ငံ သူ့စံနှင့်သူ၊ သူ့ပေတံနှင့်သူ မူအမျိုးမျိုးရှိကြမည်မှာ ကေန်မုချ မလွဲမသွေပင်။

အနို့တစ်မူ ဖြစ်လင့်ကစားပေပေါ့။ အကြမ်းအားဖြင့်သော်ကား သားစိမ်းငါးစိမ်းတွေကိုစား၊ သစ်ရွက်သစ်ခက်တို့ကိုဝတ်ဆင်၊ ဂူများလိုဏ်များထဲ၌ နေထိုင်၊ စာပေမရှိ၊ စကားမရှိ၊ ဘုရားမရှိ၊ တရားမရှိ ထိုထိုသော ဝေတိတို့ ဝေတိမတို့ကို ကျွန်ုပ်တို့က လူရိုင်းဟုသတ်မှတ်ကာ မိမိတို့ကိုယ် မိမိတို့မူ လူယဉ်ကျေးများအဖြစ် ခံယူကြကုန်၏။ ထား။

ဤနေရာ၌ စကားမစပ်ဟု ဆိုသလို ကြားဖူးနားဝရှိခဲ့သည့် လူရိုင်း၊ လူယဉ် အငြင်းပွားမှုကလေးတစ်ခုကို ကျွန်ုပ် သတိရမိလိုက်ပါ၏။ တစ်နေ့သ၌ လူသားစားလူရိုင်းတစ်ယောက်နှင့် ယခုမျက်မှောက်ခေတ် လူယဉ်ကျေးဟုဆိုသူ လူတစ်ယောက်တို့ တောဟောဝန်ကြီးတစ်ခု၏အလယ်တွင် တွေ့ဆုံကြသည်ဟူသတတ်။ ဤ၌ မင်းက လူရိုင်း၊ ငါက လူယဉ် စသည်ဖြင့် အပြန်အလှန် စွပ်စွဲငြင်းခုံလျက် ရှိကြသောဟူ၏။

အသို့နှင့် ငြင်းခုံနေကြရင်း မျက်မှောက်လူက ရှေးဦးလူအား အသင်တို့က လူသတ်သည်ဟူ၍ စွဲချက်တင်လိုက်၏။ ထိုအခါ ရှေးဦးလူက လည်း မျက်မှောက်လူကို အသင်တို့ကကော လူမသတ်ချေသလောဟု ပြန်၍ မေးခွန်းထုတ်လိုက်ပါ၏။ မျက်မှောက်လူကား မငြင်းချေ။

ဤတွင်ဝယ် ရှေးဦးလူက မျက်မှောက်လူအား အသင်တို့သတ်ထားသော လူကို စားသလောဟု ထပ်ဆင့်ကာ မေးခွန်းထုတ်သည်ဟု ဆိုပါ၏။ မျက်မှောက်လူက မစားပါကြောင်း ရှင်းရချေသည်ဟူလို။

ဤ၌ ရှေးဦးလူက တဟားဟား ရယ်မောဟားတိုက်ကာ မိမိတို့က သတ်ပြီးသော် စားကြပါကြောင်း၊ အဆွေတို့ ခေတ်သစ်လူများက မစားဘဲနှင့် သတ်ကြကြောင်း၊ အနို့ဖြစ်ပါ၍ အဆွေတို့က ပိုမိုရိုင်းစိုင်းကြောင်း စွဲချက်တင်တော့လေရာ မျက်မှောက်လူသည် ဘဇာသို့သော စကားကိုမှ မပြောမဆိုနိုင်တော့ဘဲ နှုတ်ဆိတ်၍ နေလိုက်ရသောဟူ၏။

## (နှစ်)

အထက်ဖော်ပြပါ အငြင်းပွားပုံကလေးတစ်ချက်ကဲ့သို့ အခြား အခြားသော ပေတံစံနှုန်းများဖြင့် ဘယ်သူကလူယဉ်၊ ဘယ်ဝါကလူရိုင်း တိုင်းတာကြည့်ကြသည်များမှာကား အထွေအထွေအလီလီ ရှိကြလိမ့်မည်မှာ ဧကန်မုချပင်။

ကျွန်ုပ်ဆရာကြီး ဂျက်ကွမ်းခြံကုန်းအဖို့ရာမှာမူကား လူလူချင်း အပြန်

အလှန် လေးစားမှုမပြဘဲ တုံ့ပြန်ခြင်းမရှိသည့်လူများကို လူရိုင်းများဟု သတ်မှတ်လိုပါ၏။ ဥပမာ-သာဓကကလေး တစ်ခုလောက်ပေးခွင့်ပြုပါရန် အကျွန်ုပ်ကြားပါ၏။

တစ်နေ့သ၌ ကျွန်ုပ်၏မိတ်ဆွေ နှစ်ယောက်တို့သည် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းမ တစ်နေရာဝယ် အမှတ်မထင်ဆိုသလို ပြန်လည်တွေ့ဆုံမိကြပါ၏။ နှစ်အတန်ကြာခန့်ဆိုသလို တစ်ယောက်နှင့်တစ်ယောက် မတွေ့မိကြဘဲ ရုတ်တရက် ရင်ဆိုင်တွေ့ကြခြင်းဖြစ်ရာ လိပ်စာတွေ အပြန်အလှန်ပေးကြ၊ သာကြောင်း မာကြောင်းတွေ အပြန်အလှန်စေ့ငုကြ၊ လုပ်ငန်းကိုင်ငန်းတွေ အပြန်အလှန်တီးခေါက်ကြနှင့် နောက်ဆုံးတွင်ကား အနီးပုဂ္ဂိုလ်နှစ်ဦးသားတို့သည် မိမိတို့လက်ထဲရှိ လက်ကိုင်ဖုန်းခေါ် Mobile Phone ခေါ် Hand Phone ကလေးများကို ကိုယ်စီ ကိုယ်စီ ငုံ့ကြည့်ကြပြီးသည့်သကာလ တစ်ယောက်၏ဖုန်းကို တစ်ယောက်က စမ်းသပ်ခေါ်ဆိုကြည့်ကြဘိပါလေတော့၏။

ပထမတစ်ယောက်က

"ဟောဗျာ… ကြည့်ပါဦး no answer တဲ့"

ဟုဆိုကာ သူ၏ဖုန်းကို ဒုတိယလူကို ထိုးပြ၏။ မှန်ပါသည်။ ဖုန်းမျက်နှာပြင်ပေါ်၌ no answer ဟူ၏။

တစ်ဖန် ဒုတိယလူက ပထမလူ၏ ဖုန်းကိုခေါ်ပြန်၏။ ဤတွင်လည်း…

"ဟောဗျာ… ဒါလည်း no answer တဲ့"

ဟုဆိုပြန်ကာ ဒုတိယလူက ပထမလူထံ သူ၏ဖုန်းကလေးကို ထိုးပြ၏။ မှန်ပါသည်။ no answer ဟူ၍ပင်။

ဤ၌ နှစ်ဦးလုံးနှင့် ရင်းနှီးနေသော ကျွန်ုပ်က သူတို့၏အပါးတွင် ရှိနေသည်နှင့် ကြုံကြိုက်နေပေရာ အောက်ဖော်ပြပါအတိုင်း ဝင်၍ မိန့်ကြားလိုက်မိပါ၏။

''အဆွေတို့က လူရိုင်းတွေပဲဗျာ၊ တစ်ယောက်က ဖုန်းခေါ်နေတာကို တစ်ယောက်က ပြန်မဖြေကြဘူး၊ လွန်စွာမယဉ်ကျေးသော လုပ်ရပ်ပေပ''

ဤတွင်၌ နှစ်ဦးစလုံးက ပြုံးကြ၏။

သို့ကလို ရိုင်းသူတွေ မည်ရွေ့မည်မျှရှိနေကြဘိဟူသည်ကို ကျွန်ုပ်မသိနိုင်တော့ပါပေပြီ တမုံ့တကား။

ပေါ်ပြူလာ၊ ၂၂-၆-၂၀၁၀

# ကျွန်ုပ်နှင့် လက်နှစ်ချောင်းထောင်နိုင်သော ဘဝ

## (တစ်)

ယနေ့လူငယ်၊ နောင်ဝယ်လူကြီးဟူသည့် ဆိုရိုးစကားကို အဘယ်ပညာရှိသုခမိန်က စတင်၍ မြွက်ဟလိုက်သည်မသိ။ အလွန်မှန်သော အဆိုအမိန့်ဟု အသိအမှတ်ပြုကြပါပေကုန်၏။ အခု လူငယ်လူရွယ်ဆိုသော ပုဂ္ဂိုလ်တို့သည် နောင်သော် လူကြီးတွေ ဖြစ်လာကြအံ့လတ္တံ့ဟူသတည်း။ မှန်လိုက်လေ အဖဘုရားသခင်။

အချို့ကမူ အနီးသို့ မဟုတ်။ ကလေးလူငယ်တို့သည် အနာဂတ်၏ ခေါင်းဆောင်ကလေးများ ဖြစ်ဘိချေသည်ဟူသတည်း။ အဟန့်အခန့်ကြီးစွချေသော အဆိုအမိန့်တစ်ရပ်ပါပေ။ မှန်ပါ၏။ ယခုနှပ်ချေးတွဲလဲနှင့် အိမ်ရှေ့ရေမြောင်းထဲ ကုန်းကုန်းနှိုက်နေသော သကောင့်သားလေးကို နောင်အခါဆယ်အိမ်ခေါင်းမင်း ဖြစ်မလာဘူးဟု မည်သူမှ အတပ်မပြောရဲချေ။

ကျွန်ုပ်ကား ကလေးတို့ကို အလွန်ချစ်သူဖြစ်ပါ၏။ ဗီယက်နမ် အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်းပြီးလျှင် ကလေးချစ်တတ်သူမှာ ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းဖြစ်ပုံရပါ၏။ သပွတ်အူကျေးရွာတစ်လှည့် ရန်ကုန်မြို့ကြီးတွင်တစ်လှည့် နေနားထွေပြားလေ့ရှိသူ ကျွန်ုပ်ဂျက်ကွမ်းခြံကုန်း၏ ရန်ကုန်မြို့

အိမ်ဂေဟာအရှေ့ မြေကွက်လပ်ကြီးတွင် ညောင်ပင်ကြီးတစ်ပင် အရိပ်ဝေဝေ ဆာဆာနှင့်ရှိရာ ကလေးတို့ စုစု စုစု ကစားခုန်စားလုပ်လေ့ရှိရာနေရာလည်း ဖြစ်ပါ၏။ အထူးသဖြင့် ဆန်းမားဘကေးရှင် (summer vacation) ခေါ် နွေရာသီကျောင်းပိတ်ရက်ရှည်များတွင် ယင်းဋ္ဌင်းအနီး အနာဂတ်၏ ခေါင်း ဆောင်ကလေးတို့သည် အိမ်သို့ပြန်သည်ဟု မရှိသလောက်ဖြစ်ပြီး ထိုအနီး ညောင်ပင်ရိပ်ဝယ် ကစားကြနှားကြနှင့် စုစုရုံးရုံး အုန်းအုန်းခြိမ့်ခြိမ့် သိမ့်သိမ့် သဲသဲပါပေတမုံ့တကား။

## (နှစ်)

ပူပြင်းသော နွေရာသီ၏ နေ့လယ်ခင်း တစ်ခုတွင် ဖြစ်ပါ၏။ ကလေး တို့ကား ပြေးလွှားခုန်ပေါက် တောက်တောက် တောက်တောက်နှင့် အတော် ကလေးမောသွားကြပြီး ဖြစ်ဘိချေရာ အေးဆေးသက်သာထိုင်ရင်း တောင်ပြော မြောက်ပြော၊ ပြောနေကြရာမှ အတန်ငယ်ခန့် အချိန်လင့်သည်ရှိသော် စကား နိုင်လုသောဘက်သို့ ရောက်ရှိသွားကြကာ အုပ်စုသဏ္ဌာန်မှနေ၍ ကလေး (၂)ယောက် စကားနိုင်လုနေသည်ကို ကျန်သောကလေးတို့က ဝိုင်းဝန်းနား ထောင်နေသော အနေအထားသို့ ရောက်ရှိ၍ သွားဘိပေချေသတည်း။

ဟုတ်၏။ ကျွန်ုပ်သည်လည်း နားသောတဆင်၍ နေရသူတစ်ဦးပင်။ လိုအပ်သည့်အပိုင်းကို ဖြတ်တောက်၍ တင်ဆက်ရသော် အောက်တွင် ဖော်ပြ လတ္တံ့သည့်အတိုင်းပင် ဟူလို။

## (သုံး)

ပထမကလေး - ငါတို့အိမ်မှာTV နှစ်လုံးရှိတယ်။ မင်းတို့အိမ်မှာ ရှိလား။ ငါတို့က အပေါ်ထပ်မှာတစ်လုံး၊ အောက်ထပ်မှာတစ်လုံး ထားတာမှတ်ထား။

ဒုတိယကလေး- ဘာကွ၊ မရှိဘဲနေမလား။ ကဲ မင်းတို့မှာ ကွန်ပျူတာ ရှိလား။ နှစ်လုံးကွ နှစ်လုံး။ ငါဂိမ်းကစားတာက တစ်လုံး၊ ငါ့ဖေကြီး စာရိုက်တာ တစ်လုံး။

ပထမကလေး - ဒါဆို အဝတ်လျှော်စက်ကွာ။

ဒုတိယကလေး- နှစ်လုံးပဲကွ မှတ်လိုက်။

ပထမကလေး - တို့အိမ်လည်း နှစ်လုံးပဲကိုယ့်လူ... ဒါဖြင့် မင်းတို့အိမ်မှာ ကားရှိလား။

ဒုတိယကလေး- နှစ်စီးလေကွာ... မင်း မမြင်ဘူးလား။

ပထမကလေး - ငါ့ဖေကြီးမှာလည်း နှစ်စီးကွ။

ဒုတိယကလေး- နေဦး... မင်းဖေကြီးက ဘွဲ့ရလား ကဲဖြေ။

ပထမကလေး - ဟောကောင် ငါ့ဖေဖေက ဘွဲ့နှစ်ခုရထားတာကွ။ မင်း ဓာတ်ပုံ လာကြည့်။

ဒုတိယကလေး- အေးပါ၊ ငါ့ဖေကြီးလည်း ဘွဲ့တွေ အများကြီး ယူထား တာပါ။

ပထမကလေး - ဟုတ်ပြီ၊ မင်းမှာ အမေဘယ်နှယောက်ရှိလဲပြော၊ ပြော လေ... ငါ့ဖေဖေက မိန်းမနှစ်ယောက်ကွ... မှတ်။

ဤနေရာတွင် အနိုင်စကားဆိုသူကလေးငယ်က လက်နှစ်ချောင်းကိုပင် ထောင်ပြနေသေးချေတော့ရာ စကားဝိုင်းသည် တိတ်ဆိတ်၍သွား၏။ သမုဒ္ဒရာ ဝမ်းတစ်ထွာဆိုသည့် စကားအတိုင်း တစ်ဝမ်းတစ်ခါးသည် ခက်၏။ ထို့ထက် မူ တူနှစ်ကိုယ်က ပို၍ခက်၏။ ၎င်းထက်မူ တစ်အိုးတစ်အိမ်က ပို၍ခက်၏။ သို့စင်လျက် နှစ်အိုးနှစ်အိမ်ဟူသည်မှာကား ပို၍ပင် ခက်ခဲဘိတုံ၏။ ၎င်းအနေ အထားကို တည်ဆောက်ထားနိုင်သည်ဆိုခြင်းမှာကား အံ့ဖွယ်ကိစ္စဖြစ်ဘိတော့ ချေရာ အားကျစဖွယ်ပင်ဖြစ်ပါ၏။ တစ်အိုးတစ်အိမ်ကိုပင်လျှင် ဟောဟဲ

ဟောဟဲနှင့် ပုဆိုးမနိုင်ဘာမနိုင်ဖြစ်နေသော ကျွန်ုပ်တို့သည် လက်နှစ်ချောင်း ထောင်ပြနိုင်သည့် မဟာပုရိသ ယောကျ်ားကောင်း ယောကျ်ားမြတ်ဘ၀ကို တောင့်တအပ်သည်သာ တမုံ့တကား။

Phoenix-၂၀-၃-၂၀၀၉

# လုလင်ဟု ဖတ်တော်မူကြပါရန်

## (တစ်)

ကျွန်ုပ်က ပရုဖ်ဟုစကားစလိုက်သည့်အခါတိုင်း အဟတ် အဟတ်နှင့် ကန္တာရနယ် သွေ့သွေ့ခြောက်ခြောက်ကြီး ရယ်မောကာ မလိုချေပါဂျက်ဆရာဟု ပြန်လည်တုန့်ပြန်၍ ခွန်းတုံ့ပြန်လေ့ရှိသူ ရမ်းကားတင်ယုသည်ကား ဤယနေ့ညနေခင်း အလုပ်စားပွဲသိမ်းလုလုအချိန် ကျွန်ုပ်က ပရုဖ်စကားစလိုက်ချေသည့်အခါတွင်လည်း အဟတ် အဟတ်နှင့် မခန့်လေး မခန့်စား ရယ်မော၍ နေတော့ပြန်ချေသည်တကား။

ကျွန်ုပ်ကား ရမ်းကားတင်ယုနှင့် ပတ်သက်၍ ဘယ်နံရောအခါကာလတွင်မှ ပရုဖ်အကြောင်း စကားမစတော့ဟု ဆုံးဖြတ်ထားခဲ့သော်လည်း ယနေ့တွင်ကား ပရုပ်ဖ်နှင့်ပတ်သက်၍ ကျွန်ုပ်၏ မဂ္ဂဇင်းတိုက်သို့ လူအဝင်အထွက်များပြားလွန်းသွားသောကြောင့် မဖြစ်မနေပြောလိုက်မိခြင်းဖြစ်ရာ အနီးသူကပေါ့ပြက်ပြက် ရယ်မြဲနေခဲ့သည်ကြောင့် ကျွန်ုပ်ရင်ထဲ နည်းနည်းကလေးအောင့်သွားမိသည်ကိုကား ဝန်ခံရမည် ဖြစ်ပါ၏။

ပရုဖ်။

ဟုတ်ကဲ့။ Proof ပရုဖ်။

စာနဒီစာအုပ်တိုက်

မဂ္ဂဇင်း ဂျာနယ် ဘုတ်အုပ်စသည်တို့ ရိုက်နှိပ်သောအခါ တကယ် မရိုက်မီ စာလုံးပေါင်းသတ်ပုံ အမှန်အမှား စစ်ဆေးသမှုပြုသောအလုပ်ကို ပရုဖ်ဖတ်သည်ဟု ဆိုကြပါ၏။

ဟိုးအတိတ်ကို ပြန်လည်၍ စောင်းငဲ့ကြည့်သော် ခဲစာလုံးတို့စီထားပြီး ယင်းတို့ကို စက္ကူဖြင့်ရိုက်နှိပ်လျက် မဆွဦးစွာ အမှားအမှန်စစ်ခြင်းကို ဂယ်လီ ပရုဖ်ဟု ခေါ်တွင်ကြပါကုန်၏။ အနို့နောက် စာဖောင်များဖွဲ့ပြီးနောက် စက္ကူ တွင်ဖိနှိပ်လျက် အမှားအမှန် တစ်ဖန်စစ်ပြန်သည်ကို ဖောင်ပရုဖ်ဖတ်သည်ဟု ဆိုပါ၏။ ယင်းမှတစ်မူ စက်ပေါ်သို့ တင်ပြီးသည့်သကာလ ဂျောင်းခနဲ တစ် ချက်ရိုက်ပြီးသော် စစ်ဆေးလင့်သော်ကား စက်ပရုဖ်ဟူသတည်း။ သို့ကလို ပရုဖ်အကြိမ်ကြိမ်ဖတ်သည်ကြောင့် ရှေးက ဘုတ်အုပ်တို့သည် အမှားကင်း စင်၏။ တစ်နည်း ပရုဖ်စင်၏။

ဟံသာဝတီ၊ ပုဂံ၊ ခွဲ၊ သင့်၊ နံ့သာ ယင်းငှင်းတိုက်ထုတ်စာအုပ်များ အမှားကင်းသည်မှာ ဂုဏ်တစ်ရပ်ပင်။ အနို့အပြင် ရှေးက ပေဖူးလွှာမဂ္ဂဇင်း ဘုတ်အုပ်၊ ချယ်ရီမဂ္ဂဇင်းဘုတ်အုပ်၊ စန္ဒာမဂ္ဂဇင်းဘုတ်အုပ်တို့သည် ပရုဖ် ဖတ်သူသာမက ပရုဖ်လီဒါ (Proof Leader) များကိုပါ လစာအသေအချာ ပေး၍ ထုတ်လုပ်ရာ အမှားကင်းလွန်းပါပေ့ဟု ဦးညွှတ်ခဲ့ကြရသည်ပင်။

ဟော ယခု ကျွန်ုပ်အယ်ဒီတာလုပ်နေသည့် ''လုလင်'' မဂ္ဂဇင်း။ ပိုင်ရှင်က မောင်မောင်တင်ယု၊ အနို့ကြောင့် ရမ်းကားတင်ယု(Younger Tin Yu)။ သူ့မဂ္ဂဇင်း၌ ပရုဖ်ဖတ်သူမရှိချေ။

''အယ်... တောင်လှန် မြောက်လှန် အမြင်မတော်သော်... ကောက် ပြင်လိုက်ကြပေါ့... အမှားပါသည့်တိုင် စာဖတ်သူက ပြင်ဖတ်ကြချေပေါ့''

ဤစကားကို လက်ကိုင်ထားလျက် ရမ်းကားတင်ယုချီတက်လာခဲ့ ရာ မကြာခဏဆိုသလို စာရေးသူတို့နှင့် ထိပ်တိုက်တိုးလေ့ရှိ၏။ တာဝန်ခံ

တောင်းပန်ရသည်က ကျွန်ုပ်အယ်ဒီတာရိုးရိုးဂျက်။ သူ့ဇနီးသည် အယ်ဒီတာ အချုပ်က သူနှင့်မဆိုင်သလို တုဏှိဘာဝေတကား။

(နှစ်)

အနီနေ့သည်ကား မဂ္ဂဇင်းဘုတ်အုပ်ထွက်ခါစ ပရဖ်ကိစ္စ အဖြေရှင်း ရဆုံးနေ့ပင်တည်း။

ဦးစွာရောက်ရှိ၍ လာသူမှာ ဂီတဆောင်းပါးရှင် ဖြစ်ပါ၏။ သူက သူ ရေးသော အဆိုတော်ကြီး တွံတေးသိန်းတန်အကြောင်း ဆောင်းပါးတစ်ပုဒ် လုံး၌ ''တံတွေးသိန်းတန်၊ တံတွေးသိန်းတန်'' တောက်လျှောက်မှားနေ သည်ကို ထောက်ပြပါ၏။ ကျွန်ုပ်က ခွင့်လွှတ်ပါရန်နှင့် နောက်ဆင်ခြင်မည့် အကြောင်း တောင်းပန်ရပါ၏။

အနီနောက် ရောက်လာသူက ရူပဗေဒဆောင်းပါးရှင်တစ်ဦး။ ၎င်းလူက အလင်းအကြောင်းရေးသူဖြစ်ရာ အလင်းသည် အမှုန်သဘာဝဆောင်သဖြင့် အမှုန်ကို အလီလီရေးရ၏။ အမှု၏သဘာဝ၊ အမှု၏ဖြစ်ပေါ်လာပုံ၊ ရွေ့လျား နေသောအမှု စသည်ဖြင့် မှားယွင်းနေပေရာ ဆောင်းပါးရှင်က ဘဝင်မကျ။ တောင်းပန်ရသူက ကျွန်ုပ်။

ဘာသာရေးဝတ္ထုတိုဆရာကမူ တော်တော့်ကို ဒေါသထွက်နေခဲ့ပါ၏။ သူက ဝတ္ထု၏ နောက်ဆုံးဝါကျကို ဤသို့ရေး၏။ အဓမ္မသမားတို့ကား ကျဆုံးရမြဲပေတည်းဟူ၍။ ကျွန်ုပ်တို့မဂ္ဂဇင်း ဘုတ်အုပ်တွင်ကား ''အ'' ပြုတ်ကျန်ခဲ့ကာ ''ဓမ္မသမားတို့ကား ကျဆုံးရမြဲပေတည်း'' ဟု ဖြစ်သွား တော့ရာ စာရေးသူမှာ ဒေါသပုန်ထ၍နေပါ၏။ ကျွန်ုပ်ကား နောင်ဆင်ခြင် မည့်အကြောင်း စာလုံးပေါင်းရချေသည်။

ရှေးစာဆိုအကြောင်း ဆောင်းပါးတစ်ပုဒ်တွင် ''မယ်ခွေ'' နေရာတိုင်း

၌ ''မယ်ခွေး'' ဖြစ်နေ၏။ ယုတ်စွအဆုံး ယနေ့ကဗျာဆရာ ''နေစိမ့်''က ''ဓနစိမ့်'' ဖြစ်နေ၏။ ''အောင်ဘညို'' က ''အောင်ဘသိ'' ဖြစ်နေ၏။

ပရုဖ်မဖတ်ဘဲ သူ့ဇာတ်သူကနေခဲ့ရာ ကျွန်ုပ်က ပြောသော်လည်း လက်ခံသမှု အလျှင်းမပြုချေ။

''ငွေ အပိုကုန်ပါဘိဗျာ လူတွေ ပြင်ပြီးဖတ်ပါလိမ့်မည်'' ဟူသတတ်။

## (သုံး)

အန္တိမ့်နှင့် တစ်နေ့သ၌ ခေါင်တွင်မီးစွဲ၏။ ''လုလင်'' မဂ္ဂဇင်းတွင် ရမ်းကားတင်ယု၏ဇနီးက အယ်ဒီတာအချုပ်ဖြစ်ရာ လစဉ် အယ်ဒီတာစကား ရေး၏။ သူမ၏ အမည်ကား ထိပ်ထားဖြစ်ရာ ယင်းကို သူတို့ပိုင်မဂ္ဂဇင်း ဘုတ်အုပ်နှင့်တွဲကာ ''ထိပ်ထား(လုလင်)'' ဟု အမြဲဖော်ပြ၏။ ထိုလကမူ ဘယ့်နှယ် မျက်စိလျှံသွားသည် မသိ။

ထိပ်ထား(လင်လု)ဟု ဖြစ်နေဘိရာ ဘုတ်အုပ်လောကတစ်ခုလုံး ဝူးဝူး ဝေါဝေါဖြစ်သွားခဲ့ရပါ၏။ ရမ်းကားတင်ယုကား လက်သီးတဆုပ်ဆုပ်။ မတတ်နိုင်။ လူတွေ ပြင်ပြီးဖတ်ကြပေရန်သာတမုံ့တကား။

Phoenix-၂၄-၄-၂၀၀၉

# ကျွန်ုပ်နှင့် ရတနာပုံငယ်ချစ်ဦး

## (တစ်)

ရှင်းရှင်းနှင့် ဘွင်းဘွင်းကြီးသာလျှင် ကျွန်ုပ်က ဖြောင့်ချက်ပေးလိုက်ချင်တော့ပါပေ၏။ ငယ်ကချစ်တော့ အနှစ်တစ်ရာ မမေ့သာဟူသည့် စကားအတိုင်း ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းဟူသည့် စာရေးဆရာကြီးတွင်လည်း ငယ်ချစ်ဟူ၍ ရှိခဲ့သည်သာဖြစ်ပါ၏။ အလွမ်းအဆွေးကဲသော တေးဂီတသံများကြားရသည့်အခါတိုင်း၌ မျက်နှာတစ်ခုလုံး ညှိုးရော်၍သွားကာ ဆွေးရိပ်ရီဝေသော ငယ်ချစ်ကလေးရှိရမည်ဆိုသည်မှာ မုချဧကန်ပင်မဟုတ်ပါလား။

ဟုတ်၏။

သူကား မန်းသူလေးပါတည်း။

ရွှေခြေချင်းလေးနှင့် စိန်ဘီးနှင့် သနပ်ခါးလူးကာ ကျွန်တော် ကျွန်တော်နှင့် မြွက်ဟတတ်သော ရတနာပုံ မြို့ရွှေမန္တလေးက အညာသူလေးပါတည်း။

ဟုတ်၏။ ဘုတ်အုပ်စာပေဖတ်ရှုရေးသားခြင်းအမှုလည်း သင်းကလေးဝါသနာထုံတော်မူပြန်ပါ၏။

(နှစ်)

"ကျွန်တော့်ကို ချစ်ရင် တစ်နေ့ကို စာတစ်စောင် ရောက်အောင် ပို့ပါ... ဒါပဲ"

ကလေးဆန်လွန်းသူ အမိုက်ကလေးဖြစ်ဘိတော့ချေရာ သူ့ဆန္ဒစေရာကို ဖွတ်ပင်တောင်းဆိုလာပါ၏။ စာတတ်ပေတတ်မကလေးပေမို့လား မသိ။ အမေလူထုဒေါ်အမာရေးသော ယော်က ကျွမ်းတဲ့ ခင်ပွန်းသည်သို့ ဘုတ်အုပ်ကြီး ဖွင့်ပြကာ တစ်နေရာတွင် လက်ညှိုးထောက်ပြထားပြီးသည့် သကာလ "ဦးဂျက်ကိုကို ဖတ်ကြည့်ပါ" ဟုလည်း ဆိုလာပြန်ပါ၏။ သြော်... ဖတ်ရတော့ပြန်သည်သာ။

လူထုဦးလှကို သိပ္ပံမောင်ဝက "ကိုလူရေး" ဟု ခေါ်သတတ်။ အကြောင်းမှာကား မေတ္တာစာလွှာရေးလွန်းပါသောကြောင့်။ ရန်ကုန်မြို့နေ လူထုဦးလှနှင့် မန္တလေးမြို့နေ လူထုဒေါ်အမာတို့ ယော်သူတို့ ဘာသာဘာဝ တူနှစ်ကိုယ် မေတ္တာမျှလျက်ရှိကြစဉ် လူထုဦးလှက နေ့စဉ် စာ(၁)စောင် ရေးသား ပေးပို့သည်ဟူသတတ်။ ၁၉၃၉ တွင် လက်ထပ်ကြသည်ဆိုသမင့်ဟာ ချစ်သူတို့ဘာသာဘာဝကာလသည် လွတ်လပ်ရေးမရမီ သူ့ကျွန်ခေတ်ကြီးပေသာပ။

လူထုဦးလှကား နံနက်အစောကြီးထကာ အနီစာကိုရေးပြီးသကာလ နီးရာစာတိုက်ပုံးထဲသို့ သွားအထည့်ခိုင်းသည်ဟူသတတ်။ ယင်းငင်းစာသည် ညနေ(၄)နာရီ သို့တည်းမဟုတ် (၅)နာရီခန့်တွင် ထွက်ခွာသော ရထားနှင့် ပါသွားတော့ကာ နောက်တစ်နေ့ နံနက်ခင်းတွင် မန္တလေးဘူတာသို့ ရောက်ရှိ (၈)နာရီ သို့မဟုတ် (၉)နာရီ စာဝေရာ လူထုဒေါ်အမာထံသို့ နံနက် (၉)နာရီ ဝန်းကျင်တွင် ရောက်ရှိ၍လာ။ ၎င်းကား ပထမစာ။

လူထုဦးလှကား နောက်ထပ်တစ်ဖန် စာတစ်စောင်ကို ည(၇)နာရီခန့်တွင် ထည့်ပြန်သည်ဟူသတတ်။ ရိုးရိုးစာပို့ခ (၁)ပဲ၊ နောက်ကြကြေး (၂)ပြား၊

စာနဒီစာအုပ်တိုက်

ပေါင်း(၆)ပြားဖိုး တံဆိပ်ခေါင်းကပ်ကာ ပို့ထည့်ပြန်တော့လေရာ နောက်ရထားနှင့်ပါသွားသည့် ချစ်မေတ္တာစာလွှာလေးသည် အမေလူထုဒေါ်အမာထံ ညနေ(၇)နာရီခန့်၌ ဆိုက်ရောက်ပြန်သည်သာ။

တစ်ရက်လည်းမဟုတ်။ နှစ်ရက်လည်းမဟုတ်။ တစ်လလည်းမဟုတ်။ နှစ်လလည်းမဟုတ်။ နှစ်တွေနှစ်တွေနှင့်ချီကာ အချစ်တွေ အဖြစ်တွေကိုပဲ ရေးနိုင်လွန်းပေသဗျာ။

မန္တလေးသူကြီးကလည်း စာရောက်ချိန် နာရီပိုင်းကလေးမျှ နောက်ကျသည်ကိုပင် ဟိုဟိုသည်သည် အကြောင်းကြားသည် ဟူသတတ်။ ဟိုဟိုသည်သည်ကလည်း တောင်းပန်မှုပြုသည် ဟူသတတ်။

''ဦးဂျက်ကိုကို... ကျွန်တော့်ကို အလိုမပြည့်နိုင်ဘူး မဟုတ်လား''

မန္တလေးသူ ယော်ချစ်ဦးက သို့နှယ်ဆိုးနွဲ့လာချေဘိတော့ရာ နုစဉ်က ဂျက်မှာ ခြေမကိုင်မိ လက်မကိုင်မိ ဟန်ချက်ပျက်သွားခဲ့ရသည်မှာ အမှန်ကေန်ဖြစ်ပါ၏။ မန္တလာသူ ယော်ချစ်ဦးကို ကျွန်ုပ် လက်လွှတ်မခံနိုင်။

''ကလေးရယ်... ကလေးတောင်းဆိုတာ မျှတပါတယ်ကွယ်... ဦးဂျက်ကိုကို တစ်နေ့တစ်စောင် ရေးနိုင်ပါတယ၊ လူထုဦးလှပင် တစ်နေ့နှစ်စောင် အရောက်ပို့ခဲ့သမို့ဟာရယ်''

မန္တလာသူလေး၏ ခိုးခိုးခစ်ခစ်ရယ်သံမှာ လွင်လှပါ၏။ ကတိမတည် လျှင် အသိဟူ၍ အနက်အဓိပ္ပာယ်ဖွင့်နိုင်သော လက်သီးဆုပ်ဖွဖွမှာ ကျွန်ုပ်၏ ကိုယ်ပေါ်၌ ရွရွကလေးသာ ဖြစ်ပါ၏။

အော်... ဝေးခဲ့ရသူ ယော်ချစ်ဦး။

## (သုံး)

ယခုတစ်မူ ယော်ချစ်ဦးနှင့် ကျွန်ုပ်ဝေးကွာခဲ့ကြသည်မှာ ဆယ့်လေးငါးနှစ် အနှစ်နှစ်ဆယ်တန်သည်ဖြင့် ရှိရော့မည်။ သူ့ထံသို့ စာမှန်မှန်မရေး

ဟူသော အချက်ဖြင့် အပြစ်တင်ကာ ကလေးဆန်စွာ စိတ်ကောက်ရာက တစ်စတစ်စ ပြတ်တောက်သွားကြခြင်းဖြစ်ပါ၏။ ဦးဂျက်ကိုကို တစ်နေ့ တစ်စောင် မှန်မှန်ရေးပို့ခဲ့ပါကြောင်း သစ္စာပြုတိုင်တည်သည်ကိုလည်း ကလေး က လက်မခံပြန်။

တစ်ခါတလေ တစ်ပတ်လုံးနေသည့်တိုင် ကျွန်ုပ်၏စာက တစ်စောင် မျှမရောက်။ တစ်ခါတလေ တစ်ရက်တည်း လေးငါးစောင် စုပြုံရောက်လာ၊ စိတ်ဓာတ်မတည်ငြိမ်သူ ဦးဂျက်ကိုကိုဟုဆိုကာ စွဲချက်တင်ခဲ့သူ ငယ်ချစ်ဦး။ အင်း...ကလေးဆန်လွန်းလှပါဘိ။

ဩော်... လွမ်းအတိတ်ကို ပြန်တွေးတိုင်း လူထုဦးလှတို့၊ အမေဒေါ် အမာတို့ကို ရှိစမ်းစေချင်ပါဘိ။ ချစ်သူနှစ်ယောက် ပြဿနာ ရှင်းပြီးရင်းရှင်း ဖြစ်နေကြအံ့ဟူသည်ကို မန္တလာသူ ငယ်ချစ်ဦးကို ရင်ဖွင့်လိုက်ချင်မိတော့ ပါကြောင်း။

Phoenix-၁-၅-၂၀၀၉

# မတော်တဆ ရှည်ခဲ့ရသောအသက်

## (တစ်)

တိမ်ပြာသော နေ့တစ်နေ့၌ ကျွန်ုပ် ဆရာကြီး ဂျက်ကွမ်းခြံကုန်းထံသို့ ရောက်ရှိ၍လာလတ်သော ပုဂ္ဂိုလ်မှာကား ကဗျာဆရာတစ်ယောက်ပေတည်း။ အရပ်မြင့်မြင့်ဖွင့်ဖွင့်။ အမူအရာက အေးဆေးတည်ငြိမ်။ အပြောအဆိုက နူးညံ့သိမ်မွေ့။ အမည်နာမမှာမူကား မည်သူ့ကိုမှ မသိစေချင်ပါဘူးဟု ဆိုလာသူ ကဗျာဆရာ ကိုအောင်ဇင်မင်းပေတည်း။

ကျွန်ုပ်၏ မိတ်ဆွေကဗျာဆရာကား အတော့်ကို စေ့စပ်သေချာသူဖြစ်ပါ၏။ လူတွေ အဖြစ်တွေ နှစ်လတွေ အတော့်ကိုမှတ်မိသည်သာမက စေ့စပ်သေချာလှသောသူတစ်ဦးလည်း ဖြစ်ဘိမူပါ၏။

ထိုနေ့ကမူ လောကပါလ သာသနာစောင့်နတ်တို့ စောင့်ကြပ်ကြကုန်သည်ဖြစ်၍ နေချင်စရာအကောင်းဆုံးဖြစ်သော ကျွန်ုပ်တို့၏ မြန်မာနိုင်ငံက စာရေးဆရာ ကဗျာဆရာ သတင်းစာဆရာကြီးများ၏ အသက်နှင့်ပတ်သက်၍ လာရောက်ဆွေးနွေးခြင်းဖြစ်ပါ၏။ အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလတွင် အာယု၏ကိစ္စ။

စာနဒီစာအုပ်တိုက်

(နှစ်)

"ဆရာ ဒဂုန်တာရာကဖြင့် ကျန်းမာရေးကောင်းတုန်းဗျ... မျက်လုံးကလေးတစ်ချက်ပဲ"

"အနို့နေပါဦး၊ ကိုအောင်ဇင်မင်းရဲ့၊ မေ(၁၀)ဆို ဆရာ့မွေးနေ့တောင်ရောက်ချေတော့မယ်၊ သဟာနဲ့ ဆရာ့အသက်က"

ကျွန်ုပ် အမေးပုစ္ဆာပြုသည့်အနေနှင့် စကားကို တန်းလန်းထားလိုက်ချေရာ ကဗျာဆရာက သူ့ကာရိုက်တာအတိုင်း ခပ်ယဲ့ယဲ့ပြုံး၏။

"နိုင်တီး နိုင်တီး (၁၉၁၉) လေဗျာ အသက်(၉၀)ပြည့်ချေပေါ့"

ကဗျာဆရာက ဒဂုန်တာရာ၏ မွေးနှစ်ကို ဒေါက်ခနဲရွတ်ပြကာ အသက်ကိုပါ တွက်ချင့်၍ပြရာ ကျွန်ုပ်မှာ အံ့သြဝမ်းသာဖြစ်ရပါ၏။

"အေးဗျာ... ဆရာ အသက်ရာကျော်ပါစေကြောင်း ဆုတောင်းရပါရဲ့၊ သဟာနဲ့ အမေမာတုံးကကောဗျာ"

"အမေမာကလည်း အသက်ရှည်တာပဲဗျ ဂျက်ဆရာငဲ့၊ ၁၉၁၅ မှာမွေးပြီး ၂၀၀၈ မှာဆုံးရှာတာဆိုတော့ (၉၂)နှစ်ကျော်ကျော် (၉၃)နှစ်နီးနီးနေသွားသမင့်ဟာ"

တိုင်းကျိုးပြည်ဆောင် စာပေအနုပညာသမားတို့ အသက်ရှည်ရှည်နေသွားကြသည်ဆိုလျှင် ကျွန်ုပ်ရင်ထဲ အလွန်တရာ ချမ်းမြေ့ပီတိဖြစ်ရသည်မှာကား အမှန်မသွေ ဖြစ်ပါ၏။

ဆရာမင်းသုဝဏ်သည် ၁၉၀၉-၂၀၀၄ ဖြစ်၏။ အနို့ကြောင့် အသက်(၉၅)နှစ် နေသွား၏။ ဆရာဇော်ဂျီသည် ၁၉၀၇-၁၉၉၀ ဖြစ်၏။ အနို့ကြောင့်(၈၃)နှစ် နေသွား၏။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ၁၈၇၆-၁၉၆၄ဖြစ်၏။ အနို့ကြောင့် (၈၈)နှစ် နေသွား၏။

ကျွန်ုပ်မိတ်ဆွေ ကဗျာဆရာ ကိုအောင်ဇင်မင်းသည်ကား ကျွန်ုပ်တို့

ချစ်သည့် စာဆိုကြီးတို့ အသက်ရှည်နေသည်ကို ကြည်နူးပီတိဖြစ်နေသည့်ဟန်ဖြင့် ခပ်ယဲ့ယဲ့ပြုံးနေပြီးသည့်သကာလ ဆရာဇန်းမော်တင်အောင်၊ ဆရာမြသန်းတင့်၊ ဆရာဂျာနယ်ကျော် ဦးချစ်မောင် စသည် စသည်တို့၏ အကြောင်း ဆီသို့ စကားရောက်သွားသည့်အခါတိုင်း တစ်မူကား စဉ်းငယ်ခန့် မျက်နှာ ညှိုးရော်၍သွား၏။ အားရပါးရ အသက်မရှည်သွားသည်ကို အားမလို အားမရ ဖြစ်ဟန်တူပါ၏။

အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ ဆိုသည့်ကိစ္စကလည်း အတော့်ကို ခက်သော ကိစ္စဖြစ်ပါ၏။ ဦးသာစု၏သားကြီး စာရေးဆရာ ဒါရိုက်တာ မောင်ဝဏ္ဏက သူတို့မိသားစုတွင် မဆွဦးစွာ သားတစ်ယောက် စ၍မွေးရာ အသက်ရှည်ပါစေကြောင်းရည်သန်လျက် အာယုဟု မှည့်ခေါ်ခဲ့သည်ဆိုပါ၏။ အနို့သော် ငယ်ငယ်ကလေးနှင့်ဆုံးသွားကြောင်း မိန့်ဖူး၏။ အနို့နောက် သူ့ကို ထပ်၍ မွေးပြန်ရာ ရုပ်အဆင်းလှပရန်ရည်သန်လျက် ဝဏ္ဏဟု မှည့်ခေါ်ခဲ့သည်ဆိုပါ၏။ အနို့သော် ကိုယ့်အခွက်ကို မောင်ရင်တို့ ကြည့်ကြပေကုန်တော့ကွာဟု ကြေကွဲ၏။ အင်း ဘယ့်နှာတတ်နိုင်ပေမတုံး အစ်ကိုမောင်ဝဏ္ဏရယ်။ ဗလခေါ် အစ်ကိုသုမောင်ကလည်း ခပ်ညှက်ညှက်ပါဗျာရယ်။ ကိုမင်းလူတစ်ယောက်ပဲ ရုပ်ထွက်ကလေးလှ ထင်ပါရဲ့။ ထား။

အနို့ဖြစ်ဘိချေတော့ရာ အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ ဟူသည့်ကိစ္စမှာ မိမိအလိုကျဖြစ်ပေါ်တတ်သည်မှ မဟုတ်ဘိချေရာ ကဗျာဆရာ ကိုအောင်ဇင်မင်းအနေနှင့် စာဆိုတိုင်း ဘယ့်နှာကြောင့် အသက်ရှည်စေချင်နေရသနည်း။

''လောဘကြီးသည်ဟု ဆိုချင်ဆို ကိုယ်ကတော့ ကလောင်သမားမှန်သမျှ အသက်ရာကျော်ထောင်ကျော် ဖြစ်စေချင့်သဗျ''

သြော်... ကိုအောင်ဇင်မင်း ဟုသာ ကျွန်ုပ်မှာ ရေရွတ်ရချေသည် တမုံ့။

စာနဒီစာအုပ်တိုက်

(သုံး)

အနို့နှင့် တစ်နေ့သော် ကဗျာဆရာကိုအောင်ဇင်မင်း ကျွန်ုပ်ထံသို့ အူယားဖားယားနှင့် ရောက်လာ၏။ အားရဝမ်းသာ။ သူ၏လက်ထဲတွင်ကား ဘုတ်အုပ်တစ်အုပ်။ အနှစ်စွရောက်ပြီးကြကုန်သော မြန်မာစာရေးဆရာကြီးများ၏ အတ္ထုပ္ပတ္တိများကို စုစည်းထားသော ဘုတ်အုပ်။

"ကြည့်လိုက်စမ်းပါ ဂျက်ဆရာရယ် ရှေးက ဆရာကြီးများ အသက်ရှည်လိုက်ကြတာ"

မိတ်ဆွေကဗျာဆရာ လက်ညှိုးထောက်ပြထားသည့် စာမျက်နှာသို့ ကျွန်ုပ် စေ့ငုလိုက်ရာ ကွယ်လွန်သူ ဘာသာပြန်ဆရာကြီးကို အနို့ကလို ဖော်ပြထားပါ၏။

၁၂၈၇-၁၉၈၂ ဟူလို။

"အသက် (၆၉၅)နှစ်တောင် နေသွားပါလား"

"သိပ်ကုသိုလ်ထူးတဲ့ ဆရာကြီးဗျာ"

ဤနေရာ၌ ကျွန်ုပ်မှာ ရှားလော့ဟုမ်းဆန်သူဖြစ်ရာ ခေတ္တတွေးတောလိုက်သည်နှင့် လင်းခနဲလက်သွား၏။

မွေးသောနှစ်က မြန်မာနှစ်။ ကွယ်လွန်သောနှစ်က အင်္ဂလိပ်နှစ်။ အသက် (၆၉၅)နှစ် ဖြစ်တော့ချေမပေါ့။

၁၂၈၇-၁၉၈၂ မဟုတ်မှုဘဲ

၁၈၉၅-၁၉၈၂ ဟုဆိုသော် ယင်းငှင်းဆရာကြီး၏ အသက်သည် (၈၇)နှစ်။

ပသို့ဆိုစေ နောင်လာလတ္တံ့သော စာဖတ်သူတို့က သို့ကလို အတ္ထုပ္ပတ္တိစာအုပ်မျိုးကို ကောက်ဖတ်လိုက်သည်ရှိသော် မြန်မာစာရေးဆရာကြီးတို့ အသက် (၅၀၀၊ ၆၀၀၊ ၇၀၀) စသည်ဖြင့် နေထိုင်သွားခဲ့ကြောင်း ကောက်ချက်တွေ လွဲချော်သွားနိုင်ပါ၏။

စာနဒီစာအုပ်တိုက်

မြန်မာတစ်ဝက် အင်္ဂလိပ်တစ်ဝက် မွေးသေနှစ်တို့ကို ဖော်ပြကြပါမှ ဟစ်ထရီအော့ဖ် မြန်မာလစ်ထရေးချား (History of Myanmar) အတွက် ကမောက်ကမ ဖြစ်စရာပါပေတမုံ့တကား။

Phoenix-၈-၅-၂၀၀၉

# ဂန္ထဝင်တို့ ချစ်သုဝေတို့ရေ လန်းသတဲ့

## (တစ်)

ကျွန်ုပ် ဆရာကြီးဂျက်ကွမ်းခြံကုန်းအနေနှင့် ယခုအခါ ရုပ်မြင်သံကြား ကို ဖြတ်သွားဖြတ်လာ လှမ်း၍ကြည့်သည်မှအပ စိမ်ပြေနပြေထိုင်၍ ကြည့် နေခြင်းမျိုး မရှိတော့သည်မှာ ကြာခဲ့ပြီဖြစ်ကြောင်း ဝန်ခံလိုပါသည်။

အနို့သော် တစ်မှုပေါ့၊ လွန်ခဲ့သော လေးငါးဆယ်ရက်ခန့်ကဟု ထင်ပါ၏။ ကျွန်ုပ်လည်း ဖျင်းဖျင်းရှိသည်နှင့် MRTV-4 ကို ဖွင့်လှစ်ပြီးသည့် သကာလ ငေးငေးငိုင်ငိုင်ကြီး ထိုင်မိထိုင်ရာ ထိုင်ကြည့်၍ နေခဲ့ရာတွင် ရုတ်တရက် ဆတ်ခနဲဆိုသလို "လန်း" သွားခဲ့ပါကြောင်း ဝန်ခံလိုပါသည်။

သြော်... ချစ်သုဝေနှင့် ဂန္ထဝင်တို့ကြောင့်သာလျှင် ဖြစ်ဘိပါတော့ချေ သည်တမုံ့တကား။

## (နှစ်)

ယခုအခါ MRTV-4 က Fashion Music Festival ဟူသော အစီအစဉ်တစ်ခု တင်ဆက်နေခဲ့ရာ လူကြိုက်တော်တော်များပါ၏။ ထိုနေ့က ကျွန်ုပ်နှင့် တည့်တည့်တိုးသည်မှာ အနီအစီအစဉ်ဖြစ်ပါ၏။

ဤသို့ ချစ်သုဝေနှင့် ဂန္တဝင်တို့ စကားစမြည်ပြောဆိုနေခဲ့ကြရာ မည်ကဲ့သို့သော Fashion ကို ကြိုက်ပါသနည်းဟု ချစ်သုဝေက မေး၏။ ဤတွင် ဂန္တဝင်က Fashion သည် အသက်အရွယ်နှင့်ဆိုင်ကြောင်း ဖြေ၏။ အသက်လေးငါးဆယ်ဝန်းကျင် လူများအဖို့ ယခုမျက်မှောက်လူငယ်တို့၏ Fashion ကို မကြိုက်နိုင်ကြောင်း၊ ထဘီနှင့် ရင်ဖုံးအင်္ကျီ၊ ဆံထုံးနှင့် Fashion မျိုးကိုမှသာ "လန်း" နိုင်ကြောင်း ဖြေဆိုခဲ့ရာ ဦးဂျက် လက်မခံနိုင်ပါလေ။ အခုခေတ် Fashion ကိုလည်း ဦးဆရာအန်ကယ်ဂျက်တို့က လန်းပါသောကောလား ချစ်သုဝေနဲ့ ဂန္တဝင်တို့ရယ်။ လန်းသည်ဆိုခြင်းက အသက်နှင့်မှ မဆိုင်တာပေပ တူမကြီးတို့ရယ်။

## (သုံး)

ယခုခေတ်သည်ကား လှည်းခေတ်၊ လှေခေတ်မဟုတ်တော့။ မောင်းထောင်း၊ ဆန်ပြာ လသာမိုင်းငင်ခေတ်လည်း မဟုတ်တော့။ ထမ်းစင်နဲ့ဝေါ၊ ထီးကျိုင်းအုပ်၍ သွားကြသောခေတ်လည်း မဟုတ်တော့။ သူ့ခေတ်နှင့် သူ့ဖက်ရှင် လန်းသည်ဟု ကျွန်ုပ်ထင်သည်ပင်။

တစ်နေ့က ရွှေရောင်အမွေးနှင့် ကလျာဖူးစသစ်စကလေးတစ်ယောက်ကားပေါ်တက်လာ၏။ ကြည့်စမ်း ဆံပင်ကိုမှမဟုတ် မျက်ခုံး၊ မျက်တောင်၊ ချိုင်းကြားတွင် ပုန်းနေသည့် အမွေးကိုမှမရှောင် ရွှေရောင်အဖျော့ကလေးဆိုးထားလိုက်တာ။ ဦးဂျက် လန်းတယ် ဂန္တဝင်ရယ်။

အဲ... ဟိုးတမြန်နေ့ဆီက(၂)ယောက်၊ ဖျတ်ခနဲ ဖျတ်ခနဲဟုဆိုသလို ဆူးလေမှတ်တိုင်ကနေ ပြေးတက်လာလိုက်ကြတာ။ သွက်လက်ပ့ါ။ လျင်မြန်ပ့ါ။ ဘောင်းဘီရှည် ကျပ်ကျပ်ခဲခဲလေးတွေနဲ့။ ဘတ်စ်ကား လက်ကိုင်တန်းကို လှမ်းဆွဲလိုက်သည့်အခါ လန်းတာပါပဲ ချစ်သုဝေရယ်။ အနီနေ့က ဦးဂျက်

မြို့ထဲ၌ ထမင်းဝယ်စားသောအခါ ခနုပြူးဒေါ်စောရီမှာ ငါးဒန်(ငါးတန်) ဗိုက်သားနဲ့ စားသကွဲ့။ မနက်စာကလေးက လန်းသပေါ့ သမီးတို့ရယ်။

တစ်ခါ လွန်ခဲ့တဲ့ လေးငါးရက်လောက်စီကတော့ ကျွန်ုပ် ဦးဂျက်ဆူးလေဘုရားလမ်းမတစ်နေရာက မျဉ်းကျားမှာ လမ်းကူး၍နေခဲ့ရာ ဘောင်းဘီအတိုလေး(၃)ယောက်။ အခြေခိုင်သူကလေးတွေဗျာရယ်။ စီရော်နယ်လ်ဒိုကြွက်သားလေးတွေလိုပါပဲ။ ခေတ်နဲ့အညီ ရှန်းကန်ပြေးလွှား လန်းတယ်လို့ခံစားရပါသော်ကောဗျာရယ်။

အနို့နှင့် လန်းသည့်အထဲမှာ အကွဲကလေးတွေလည်း ပါသပေကွယ်။ ဂျီစီဘီအေအကွဲ၊ ဖဆပလအကွဲ၊ ဒို့ဗမာအစည်းအရုံးအကွဲ၊ အကွဲတကာ့အကွဲ၌ ယနေ့တင့်လှပေဟန်ကလေးတို့ ခွဲကြကွဲကြသည်မှာ ခေတ်နှင့်အလျော်ညီဆုံးပင်။ ဘတ်စ်ကား အဆင်းအတက်မှာကွဲ၊ လေ့ကားအဆင်းအတက်မှာကွဲ၊ မျဉ်းကျားက ဖြတ်ကူးနေစဉ်မှာကွဲ၊ လမ်းဘေးက ခွေးခြေအပုဆိုင်ကလေးမှာကွဲ။ ဒါကိုလည်း လန်းတယ်လို့ ခံစားမိတာပါပဲ အဆွေစာရှုသူ။

တစ်ဖန် စကားမစပ် ယနေ့ခေတ်စားနေသည့် ကြိုးပျောက်ခေါ်သလားဘာခေါ်သလား၊ ထဘီရင်ရှားသလို အဝတ်အစားကလည်း ဂျက်ရင်ကို လန်းစေပါသဗျ။ အနို့အပြင် စွပ်ကျယ်ချိုင်းပြတ်၊ တစ်ခါက အမျိုးကောင်းသားတို့ ဝတ်ဆင်ခဲ့ကြသော စွပ်ကျယ်ချိုင်းပြတ်။ ယခု ကမ္ဘာကြီးက ပူလာပြီဖြစ်ရာ အမျိုးကောင်းသမီးကလေးတို့ကလည်း အိုက်စပ်စပ်ကမ္ဘာ၌ စွပ်ကျယ်ချိုင်းပြတ်ကို ဖက်ရှင်လုပ်၍လာတော့ရာ လန်းသည်ပဲဖြစ်ပါ၏။ ထား။

ကျွန်ုပ်တစ်ဦးတည်း၏ သဘောထားနှင့် လန်းသည်ဟု ကောက်ချက်ချရုံနှင့်တော့ မလုံလောက်။ အနို့နှင့် တစ်နေ့သော် (၄၀)တန်း၊ (၅၀)တန်း၊ (၆၀)တန်း ရိုးရာလက်ဖွဲ့သမားများ ဖြစ်ချေသည့် ဆရာချစ်ဦးညို၊ ဆရာဟိန်းလတ်၊ ကိုနေဝင်းမြင့်၊ ကိုအော်ပီကျယ်၊ အစ်ကိုမြေဇာ၊ အစ်ကိုငွေကြည်စသည် စသည်တို့ကို ကျွန်ုပ်က မေးမြန်းကြည့်မိပါ၏။ ယခုခေတ် Fash-

ion များကို လန်း/မလန်း။ အားလုံးကား မေးစေ့ကို လက်ဝါးဖြင့် အတန်ကြာ ပွတ်၍နေပြီးသော် အဖြေကို ပြိုင်တူပေး၏။

''လန်းတယ် ဂျက်ရဲ့ အသက်နဲ့ မဆိုင်ဘူး'' ဟူသတတ်။

ကဲ... လန်းပါသတဲ့ ဂန္ထဝင်တို့၊ ချစ်သူဝေတို့ ဟူလို။

Phoenix-၁၅-၅-၂၀၀၉

# မဟာဆန်သူ အလိုမရှိ

## (တစ်)

ကျွန်ုပ်တို့ တေးဂီတမြတ်နိုးသူ လူအထိုထိုတို့က ကိုတိုးကြီး ကိုတိုးကြီးနှင့် ချစ်စနိုးခေါ်ဆိုအပ်သော အဆိုတော်တစ်ယောက် ရှိ၏။ ယင်းကား ကိုခင်မောင်တိုးပေတည်း။ အဆိုတော် ကိုခင်မောင်တိုး၏ ကျော်ကြားလှသော တေးသီချင်းများစွာအနက် ကျွန်ုပ်၏ နှလုံးသားနုနုသို့ လာရောက်ထုနက်သော တေးတစ်ပုဒ်မှာကား **မဟာဆန်သူ** ပေတည်း။ လူတိုင်းက လိုက်ပါ ညည်းကြလေ့ရှိသော အနီမဟာဆန်သူ သီချင်းကို ရေးဖွဲ့ကြသူများမှာကား ကိုနေဝင်း၊ ကိုမောင်မောင်၊ ကိုရဲလွင် စသူတို့ ဟူချေသတည်း။

ဤကမ္ဘာမြေရှင် မြန်မာအမျိုးသမီးတစ်ယောက်၏ တည်ငြိမ်ရင့်ကျက်သော အလှကို ဖွဲ့စပ်ထားသည့် သီချင်းတစ်ပုဒ်ဖြစ်ချေတော့မင့်ဟာ ကျွန်ုပ်အကြိုက် ပိုဘိ လိုက်ဆိုခဲ့သည်မှာ ဘဇာမှမဆန်းချေ။ အနို့နှင့် ကြာသော် ဆရာကြီးရွှေဥဒေါင်း၏ စကားနှင့်ဆိုရပါက အနီမဟာဆန်သူသည် ကျွန်ုပ်၏စံဒေဝီ ဖြစ်လာ၏။ ကျွန်ုပ် အိမ်ထောင်တစ်ခုပြုသည်ရှိသော် မဟာဆန်သူကိုသာ ရွေးချယ်အံ့ဟု ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုကို ချမိ၏။

ဩော်... တစ်ခါက ကျွန်ုပ်၏ ရူးသွပ်ခဲ့ပုံများ။

## (နှစ်)

စိတ်ဆောင်လျှင် အောင်တတ်သည်ဟူသော ရှေးလူကြီးသူမတို့၏ စကားသည် မှန်များမှန်နေလေရော့သလားမသိ။ ကျွန်ုပ်သည် မဟာဆန်သူ တစ်ဦးနှင့် ချစ်ကြိုးသွယ်မိခဲ့သည်ကို ဝန်ခံလိုပါ၏။ ပုလဲငုပ်သမားတစ်ယောက် ပုလဲနက်တစ်လုံးကို ရှားရှားပါးပါး တွေ့ရှိလိုက်သည့်ပမာ အညာမြို့ကလေး တစ်မြို့သို့ ကျွန်ုပ်ရောက်ရှိသည့်အခိုက် မဟာဆန်သူနှင့် တွေ့လိုက်ရခြင်းပင်။ ခြေတစ်လှမ်း ကုဋေတစ်သန်း။ ဆင်မယဉ်သာ။ ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့။ နတ်သွင်ယိုးမှား ဝိုးဝါးတွေးချွတ် စိတ်လုံးညွတ်။ အနို့နှင့် နှောင်သော် ကျွန်ုပ် နှင့် ချစ်ကျွမ်းဝင်မိခဲ့ကြကြောင်း ဝန်ခံလိုပါ၏။

နန်းဆန်လိုက်ပါဘိတော့ မိန်းကလေးရယ်။

## (သုံး)

အနို့နှင့် ခရီးလမ်းပန်းသင့်သော တစ်ခေါက်တွင် ကျွန်ုပ်၏ မဟာဆန် သူ ရန်ကုန်မြို့သို့ ရောက်လာ၏။ လက်ချင်းချိတ်တွဲလျက် ရယ်ပွဲဖွဲ့ကာ ခြေရာချင်းထပ် သွားလာခဲ့ပုံများကို ဗိစီဒီရိုက်ကာ ပြလိုက်ချင်စမ်းပါဘိ။ အနို့သော်...

ယင်းအနို့သော်က အတန်အသင့်ဖော်...

တစ်နေ့သ၌ ကျွန်ုပ်တို့သည် လမ်းဖြတ်ကူးရန်အလို့ငှာ မျဉ်းကျား တစ်ခုဆီသို့ ရောက်၏။ ခြေလှမ်းလေးငါးလှမ်းမျှသာ လှမ်းရုံရှိသေး မော်တော် ကားတစ်စီးက ဒရောသောပါးမောင်းဝင်လာ၏။ ကျွန်ုပ်က ဆတ်ခနဲ နောက် ကိုပြန်ခုန်လိုက်သော်လည်း မဟာဆန်သူက ရှေ့၌ တန်းလန်းကြီးကျန်ရစ်ခဲ့

ရာ ကျွန်ုပ်က သူ့လက်ကို ဆောင့်ဆွဲလိုက်တော့မှ နောက်သို့ ကော့လန် ကော့လန်နှင့်ပါလာနေစဉ် ကျွန်ုပ်တို့ နောက်ဆုတ်လိုက်သည့် ယာဉ်ကြော အတိုင်း ကားတွေက ဒရောသောပါး ဝင်လာပြန်သည်ဖြစ်၍ ရှေ့သို့ ဖားခုန် သလို သုံးလေးခုန်မျှခုန်လိုက်ရာ လွတ်သွားသော်လည်း ကျွန်ုပ်တို့နှင့် ပွတ်သီ ကပ်သီအနေအထားမှ သွားနေသော ကားတို့ရှိနေပြန်သဖြင့် ကားခေါင်းနှင့် လွတ်သည်ဆိုရုံကလေး ခါးကိုစကောဝိုင်းသလို ဝိုင်းလိုက်ဘိတော့ကာ အသက် ကိုအောင့်လျက် ခဏရပ်ရ၏။ အနို့နှင့် ရှေ့တိုးနောက်ဆုတ် ခါးကို ကော့ကာ ဝိုက်ကာ ကိုယ်လုံးကို လိမ်ချည် ဖယ်ချည် ပန်းဖွားခုန် ဖားခုန်လုပ်ရင်း လမ်းတစ်ဘက်သို့ ရောက်သည်ရှိသော် မဟာဆန်သူမှာ စဉ်းငယ်ခန့် ဣန္ဒြေ ပျက်၏။

အနို့နှင့် တစ်နေ့သော် CNG ခေါ် ဓာတ်ငွေ့ဖြင့်မောင်းနှင်သော မော် တော်ဘတ်(စ်)ကားကြီး တစ်စီးပေါ်သို့ ရောက်၏။ ဓာတ်ငွေ့ဘူးကြီးများကို ကားဘေးဝဲယာ၌ ထားသည်ဖြစ်ရာ ထိုင်ခုံများမှာ ဘေးတိုက်အနေအထား ဖြစ်ပြီး အတော်ကလေးမြင့်၏။ အနို့ကြောင့် အများစုမှာ ခုန်၍ ခုန်၍ တက်ကြ ရ၏။ ဤ၌ ကျွန်ုပ်၏မဟာဆန်သူ ဒုက္ခဖြစ်ပြီ။ လူက ထိုင်ခုံကိုကျောပေး ကာ ဆတ်ခနဲ ခုန်တက်ရသည်ဖြစ်ရာ နန်းဆန်နေ၍ ရသည့်ကိစ္စမျိုး မဟုတ် ချေ။ တစ်ခါခုန်၏ မရ။ နှစ်ခါခုန်၏ မရ။ သုံးခါအခုန်၌ရသွားသော်လည်း တင်ပါးအဖျားကလေးနှင့်သာမိသည်ဖြစ်၍ လျှောကျ၏။ ကျွန်ုပ်ကား စိတ် မရှည်နိုင်တော့။ လာလေရော့လဟယ်ဟူသော စိတ်ဖြင့် ပွေ့ချီကာ အပေါ်သို့ တင်ပေးလိုက်မိတော့ချေ၏။ မဟာဆန်သူ၏ ရှက်သွေးလွှမ်းသွားသော မျက်နှာ ကြီးကိုကြည့်ကာ ဘတ်(စ်)ကားတစ်စီးလုံးမှာ ပြုံးစိစိ။

စကားလက်စနှင့် မော်တော်ဘတ်(စ်)ကားအကြောင်းကိုပဲ စကားဆက် ချင်ပါသေး။ ဒရောသောပါး မောင်းဝင်လာခဲ့ရာ မှတ်တိုင်ရှိလူတို့ကို

တင်လိုသော်လည်း ရပ်ပေး လိုပုံကားမရချေ။ ဘဇာကြောင့်ဆိုသော် နောက်က ဘတ်(စ်)ကားတစ်စီး လိုက်ပါလာသည်ဖြစ်ရာ သူ့ကို အကျော်မခံလို၍ဖြစ်၏။ သို့ကြောင့် စပယ်ယာက အဆင်းအတက် လက်ကိုင်တန်းကို ပုတ်ပြကာ ဆွဲတက်မယ် ဆွဲတက်မယ်နှင့် အော်လာရင်း ကားကိုလည်း လိုမ့်မောင်းကလေး မောင်းထား၏။ လူတို့က တန်းကို ဆတ်ခနဲလှမ်းဆွဲကာ ဖျတ်ခနဲ တက်,တက်သွားကြရခြင်း ဖြစ်ပါ၏။ မဟာဆန်သူကား ခေတ်နှင့် မယဉ်ပါးသူ ဖြစ်ဘိရာ တန်းကို လှမ်းကိုင်မိသော်လည်း သွားနေသော ကားပေါ်သို့ မတက် တတ်သည်ဖြစ်၍ ကားနှင့် အပြိုင်ပြေးနေခဲ့တော့ရာ နောက်ဆုံး ကားကို ရပ်ပေးလိုက်ရချေ၏။ ကားဆရာ၏ ပွစိပွစိနှင့် ဒေါသခိုးလျှံသော အကြည့်က မဟာဆန်သူအပေါ်သို့ ကွက်တိ။

တစ်နေ့သားဆီက အဖြစ်အပျက်တစ်ခုကမူ ကားပေါ်က ဆင်းခြင်း ဖြစ်ပါ၏။ ထုံးစံအတိုင်း ကားနှစ်စင်း ဖိုက်လာကြခြင်းဖြစ်ချေရာ တတ်နိုင် လျှင် မှတ်တိုင်မှာမရပ်လို။ အနို့သော် ဆင်းမည့်ခရီးသည်တွေကလည်း ပါလာ ဘိတော့ချေရာ စပယ်ယာက ထွက်ထားမယ် ထွက်ထားမယ်နှင့် အော်ပြီးရင်း အော်လို့သာနေခဲ့ပြီး ကားကို ရပ်သည်ဆိုရုံကလေး ရပ်ပြီးသည့်သကာလ ခရီးသည်တို့ကို ကျောမှနေ၍ တွန်းတွန်းပြီး အိမ်ပေါ်ကနင်ချသည့်နှယ် ဆင်း ဆင်းနှင့် တွန်းချနေခဲ့ရာ မဟာဆန်သူအဆင်း၌ ရှေ့သို့ဟပ်ထိုးလဲမလို ဖြစ် သွားရာ ကျွန်ုပ်ဖမ်းတားထားလိုက်၍သာ အကျိုးမနည်းသွားခြင်းဖြစ်ပါ၏။

## (လေး)

အခုတော့ နှစ်ပရိစ္ဆေဒတွေလည်း အတန်အသင့် ကြာညောင်းခဲ့ပါပြီ။ ကားခနဲခုန်တက်၊ လွှားခနဲခုန်ဆင်း၊ ဆတ်ခနဲလှမ်းဆွဲ၊ ဗွေ့ခနဲရှေ့တိုး၊ ဖျတ်ခနဲနောက်ဆုတ်၊ ခါးကော့၍ အရှေ့ကိုဝိုက်၊ ဖင်လိမ်ကာ နောက်သို့ငွေ့၊

ကိုယ်လုံးကို ကွေးကာကောက်ကာ လိမ်ကာကျစ်ကာ ပွတ်သီးပွတ်သပ် အငွေ့အဝိုက် အလိုက်အထိုက် မကျွမ်းရှာသော အနီမဟာဆန်သူနှင့် ကျွန်ုပ်တို့လည်း ဝေးကွာသွားခဲ့ကြပါပြီ။

အများသုံး ဘတ်(စ်)ကားများနှင့် နိစ္စဓူဝ နယ်နမ်းလုံးနေရသော ကျွန်ုပ်၏ဘဝနှင့် အနီကလို မဟာဆန်သူတစ်ယောက်မှာ ဘယ်နှာမှ မအပ်စပ်နိုင်ပါပေတမုံ့တကား။

Phoenix-၅-၆-၂၀၀၉

# ကျွန်ုပ်၏အခန်းနှင့် ကပ်လျက်မှ "ဇီဝက"

## (တစ်)

ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းသည်ကား မွေး၍သာနေ သပွတ်အူကျေးရွာတွင် နေလိုက်၊ ရန်ကုန်မြို့သို့ တက်လာလိုက်နှင့် ဘဝကို ကျင်လည်နေသူဖြစ်သည် ကို အများအသိပင်ဖြစ်ပါ၏။ သပွတ်အူကျေးရွာသည်ကား တောရွာဟူသည့် ဝိသေသနှင့်အညီ ဘဇာမှ ဖွံ့ဖွံ့ဖြိုးဖြိုး မရှိလှသည်မှာ ဆန်းကြယ်လှသောကိစ္စ မဟုတ်ပေ။ အနို့သော် ရန်ကုန်ဆိုရာတွင်ကား ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းအဖို့ ရွှေတောင်ကြား၊ အင်းလျားလမ်း၊ ဝင်ဒါမီယာ အစရှိကုန်သည့် ချမ်းမြေ့ရိပ် မြုံများတွင် နေထိုင်နိုင်သည်မဟုတ်ဘဲ မြို့စွန်လက်နား ဆင်ခြေဖုံးရပ်ကွက် ကလေးများ၌သာ နေထိုင်နိုင်သည့်ဘဝဖြစ်ချေရာ အညတရ ဂျက်ကွမ်းခြံကုန်း ဘဝဟုဆိုသော် ရနိုင်ကောင်းပါ၏။

ကျွန်ုပ်ကား မိတ်ဆွေအများအပြားတို့နှင့် အကျွမ်းတဝင်နေလေ့ရှိသူ ဖြစ်ရာ အနှီ အထိုထိုသော မိတ်ဆွေများထဲတွင် ဆရာဝန်များသည်လည်း အပါအဝင်ဖြစ်ပါသည်တမုံ့။

နာမည်ကျော် စာရေးဆရာမ ဂျူးသည်ကား ဒေါက်တာတင်တင်ဝင်း ဖြစ်၏။ စာရေးဆရာ မင်းခိုက်စိုးစန်သည်ကား ဒေါက်တာကျော်စိုးဖြစ်၏။

စာရေးဆရာကိုတာကား ဒေါက်တာသန့်လွင်မောင်ဖြစ်၏။ အနီးအပြင် ဂျိုဇော်၊ ကျော်စွာထက်၊ အောင်သစ်ဝေ၊ ညီမင်းညို၊ ယဉ်မင်းဦး၊ ခင်ပန်နှင်း၊ ပြေလင်း၊ နိုင်ဇော်၊ အောင်၊ ဒေါက်တာဇော်သန်း စသည်ဖြင့် ရေတွက်ကြည့်ကြစတမ်း ဟုဆိုသော် ဆေးပညာစခန်း၌ သူ့ပန်းနှင့်သူ ပွင့်ကြသူတွေချည်းပင်။

အနီး အထိုထိုသော ပုဂ္ဂိုလ်တို့ကား အလျှိုအလျှိုဟုဆိုသလို ကျွန်ုပ်ထံ သွားလာဝင်ထွက်ဖူးသူများဖြစ်ဘိကြချေရာ ကြာသော် ခေါင်းငိုက်စိုက်ချ၍သာ သွားကြမြဲဖြစ်ပါ၏။ သူတို့၏ ပညာမာနကို ချိုးနှိမ်လိုက်သည်မှာ ''ဇီဝက''။ ဟုတ်ပါသည် ဇီဝက။ ကျွန်ုပ်၏အခန်းနှင့်ကပ်လျက်မှ ''ဇီဝက''။

(နှစ်)

ဇီဝကသည်ကား ဆေးဆိုင်ကလေးတစ်ဆိုင်မျှသာ ဖြစ်ပါသည်။ အနီးသော် ဆင်ခြေဖုံးရပ်ကွက်ကလေး တစ်ခုမို့လားမသိ။ လူဝင်လူထွက် မပြတ်လှ။ ဆေးရောင်းနေသူတွေက ပန်းတနော်ဘက်ကလား၊ မအူပင်ဘက်ကလား မသိ။ ကျေးတောနေ လင်ကိုယ်မယားနှစ်ယောက်။ သူတို့၏ ရှစ်တန်းအရွယ်လောက် သမီးကတစ်ယောက်၊ ဆယ်တန်းအရွယ်လောက် သမီးကတစ်ယောက်။ ကျောင်းနေသူများမူ မဟုတ်ကြ။ မိသားစုလေးယောက် တစ်ယောက်တစ်လှည့် ထိုင်ရောင်းသည့် ဇီဝကဆေးဆိုင်ကလေး။

''ဆီးချိုရှိတယ် ထင်တယ် သမီးရေ၊ ဂလုကိုးမီးတားကြီး အမေ့ပေးစမ်း၊ ဒီမှာ တိုင်းပေးမလို့''

ဆီးချိုတိုင်းသည့် Gluocometer ကို လှမ်းတောင်းသည့်အသံ၊ မိန်းမ တစ်ယောက်၏ နာမှာလားဟု မေးနေသည့်အသံ၊ ထို့နောက် လက်ထိပ်ကို ဖောက်ကာ သွေးစက်ကို Gluocometer ပေါ်သို့တင်၍ တိုင်းနေသည့်ဟန် ဖြင့် အတန်ငယ်တိတ်ဆိတ်၍ သွားပြန်၏။

"အဲတော့ ၄၀၀ တောင်မှပါလား ဆီးချိုက၊ ရော့ မက်ဖော်မင် (Metformin) တစ်နေ့ တစ်လုံးသောက်၊ ဘာရယ် ခေါင်းမူးလို့... နေဦး ဘီစစ် (B6) နဲ့ စတက်မစ်တေး (stemetil) ယူသွားဦး ခေါင်းမူးလာရင် သောက်ထည့်လိုက်"

အနီးသည်ကား အိမ်ရှင်မိန်းမကြီး၏ ဆေးကုသချက်အသံနှင့်ဌာန်။

"ဘာဖြစ်လို့လဲ အဒေါ်၊ ခေါင်းမူးလို့လာပြန်ပြီလား၊ မုန့်ဟင်းခါး စားမိလို့၊ ဩော် အဒေါ်ရယ် အဲဒါ သွေးတိုးပေါ့ မစားရဘူး၊ ဒီမှာ နဖယ် ဒီပင်း (nefidipine) တစ်ခါသောက်တစ်လုံး တစ်နေ့ နှစ်ကြိမ်သောက်၊ ဒံပေါက်တွေ ဘာတွေ မစားနဲ့နော်။ အဒေါ်တို့က ပါးစပ်ကို အလိုလိုက် တာကိုး"

အကြီးမကြီး၏ ဆေးလာဝယ်သူကို ငေါက်နေခြောက်နေပုံမှာ တကယ့် ဝါရင့်သမားတော်ကြီးအတိုင်း။

"သားလေးလာစမ်း၊ မေမေက ဆေးဝယ်ခိုင်းလိုက်တယ်လို့၊ အီအီး တွေ ပါပြန်ပြီ၊ သရက်သီးမှည့်တွေ စားလို့နေမှာပေါ့၊ ခက်လိုက်တာ ရော့... နော်ဘက်တင် (Norbactin) ဆေးပေးလိုက်တယ်လို့၊ တစ်နေ့ နှစ်ခါသောက် လို့၊ သေချာမှတ်သွားနော်... လမ်းမှာ ကျဦးမယ်"

အနီကမူ အငယ်မကလေး၏ ကုထုံးကုဟန်။ သို့ကလို အနို့ကလို တို့လို အသံဗလံများသည် နိစ္စဓူဝ အဲဗရီးဒေးနေ့စဉ်ဆိုသလို ကြားနေရတတ် သည့် ဇီဝကဆေးဆိုင်ကလေး၏ အသံဗလံများဖြစ်တော့ဘိချေရာ ကျွန်ုပ်ထံ သို့ ရောက်ရောက်လာသည့် မိတ်ဆွေဆရာဝန်ကလေးတို့မှာ တွန့်၍တွန့်၍ သွားကြကုန်၏။

"ခါးကိုက်လို့လား၊ အာလူးကို ခပ်ပါးပါးလှီး ခါးပတ်လည်မှာကပ် အဝတ်နဲ့စည်းထား ခဏပေါ့ ယူပစ်သလိုကို ပျောက်တာ"

ကျွန်ုပ်ကား ဇီဝကဖခင်ကြီးပြောသော စကားသံကိုကြားလိုက်ရာ ဆရာဝန်ဘွဲ့ရပြီးပါလျက် ဘွဲ့လွန်ထပ်တက်ပြီးမှ အရိုးအထူးကုဘဝကို ခံယူသော ကိုတာခေါ် ဒေါက်တာသန့်လွင်မောင်ကို သနားကရုဏာပို့သွားမိ၏။

ဤစာစု အစပိုင်းတွင် ကျွန်ုပ် ဖော်ပြထားခဲ့သော မိတ်ဆွေဆရာဝန်တို့သည် ဘယ့်နှာကြောင့် ခြောက်နှစ်၊ ခုနစ်နှစ် ဆယ်မိုးဆယ်နွေ ဘုတ်အုပ်ကြီးတွေဖတ်၊ လက်တွေ့တွေဆင်းနှင့် ဒုက္ခခံဘိကြပါသနည်း။ ဆေးပညာ၏အနှစ်ကို မဖမ်းမိလို့သာဖြစ်တန်ရာပါ၏။ ဉာဏ်အခံကြီးသည့် ဇီဝကဆေးဆိုင်က မိသားစုလိုလူတွေအဖို့မှု ခေါင်းမူးတယ်ဆို ဘာဆေးသောက်၊ ကိုယ်ပူတယ်ဆို ဘာဆေးသောက်၊ ဝမ်းသွားတယ်ဆို ဘာဆေးသောက်၊ ချောင်းဆိုးတယ်ဆို ဘာဆေးသောက်နှင့် ဒက်ခနဲ၊ ဒက်ခနဲ ပြောချနေလိုက်ကြပုံများမှာ သွက်လက်လှပါပေ့။

ဩော်... မွေးကတည်းက နတ်ဆေးတုံးကြီးကိုင်ကာ မွေးလာဘိသော မဟော်သဓာသတို့သားနှယ် လူပုဂ္ဂိုလ်များအတွက် ဆေးကုသမှုဟူသည်မှာ ဘာမှအပန်းမကြီးသောကိစ္စဖြစ်ပေရာ အားရပါးရ နေမကောင်းဖြစ်ချင်စရာ လောကပါပေတမုံ့တကား။

Phoenix-၁၉-၆-၂၀၀၉

# တဖုန်းဖုန်းနဲ့ အမျိုးကောင်းသား

## (တစ်)

ယောကျ်ားတို့ဘုန်း လက်ရုံး၊ မိန်းမတို့ဘုန်း ဆံထုံးဟူသည့် ဆိုရိုးစကားကို အသင်တို့ ကြားဖူးကြပါလေအံ့မဟုတ်တုံသလော။ ဤစကား မှန်၏။ အထူးသဖြင့် ဟိုးအတိတ်တေအတိတ်တ်များဆီက ပို၍မှန်၏။ သားကောင်ကို ကျောက်တုံးနှင့် ထုသတ်ကာစားကြရ၊ တစ်နေရာမှ တစ်နေရာသို့သွားလိုသော် သစ်တုံးလှေဖြင့် လှော်ကာသွားကြရ၊ ကျောက်ဂူကြီးများထဲတွင် နားကြရသည့် အရိုင်းဆန်သောခေတ်က ယောကျ်ားသားတစ်ယောက်အဖို့ ဗလသည် အဓိကဖြစ်ပါ၏။ ရင်အုပ်ကြီးတွေက ကားမှကား၊ လက်မောင်းသားကြီးတွေက ထွားမှထွား၊ သို့ကလို ပုရိသယောကျ်ားသားတို့၏ အနီး၌ မိန်းမသားတို့ ဝိုင်းဝိုင်းလည်နေခဲ့ကြမည်ဆိုသည်မှာ မုချဧကန်ပင်။ တကယ်ရှန်းမည့် ပျို့မောင်ကြီးဟူသော အယူအဆ။

ယင်းငုံးအယူအဆသည် သမိုင်းရာဇဝင်အဆက်ဆက်၌ တော်တော်ကို အမြစ်တွယ်နေခဲ့သော အယူအဆဖြစ်ပုံရပါ၏။ လက်လှမ်းမီရာ ပုံပမာတစ်ခုကို ပြပါငဲ့ဟု ဆိုလတ္တံ့။ မဟာရာမဝတ္ထုတော်ကြီး ရှိသည် မဟုတ်သလော။ ထိုအနှီဝတ္ထုထဲ၌ သီတာဒေဝီ၏ ဘဝကြင်ဖော်ကိုရွေးချယ်ရာတွင်

မည်သည့်စာမေးပွဲဖြင့် စစ်ဆေးခဲ့သနည်းဟူသည်ကို အများအသိပင်ဖြစ်ပါ၏။ ဗလတောင့်၏ မတောင့်၏ဟူသော စာမေးပွဲပင် မဟုတ်ပါတုံသလော။ သီတာကိုလိုလျှင် လေးတော်ကို ရအောင်တင်ဟူသည့် စာမေးပွဲ။

မင်းတစ်ရာ့တစ်ပါးတို့ လားလားမှ မတင်နိုင်သောလေးကြီးကို ရာမမင်းသားက ထက်ပိုင်းကျိုးသည်အထိ တင်လိုက်သောကြောင့် သီတာ၏ အချစ်ကို အနှီ ရာမ ပိုင်ခွင့်ရသွားခဲ့ခြင်း ဖြစ်ပါ၏။ ထို့ကြောင့် အချစ်သည် ဗလ။

အနှီနောက် နှစ်ကာလအတော်များများတွင်လည်း ရုပ်ရှင်မင်းသားကြီးတို့က ရင်အုပ်ကားကားကြီးတွေကို ဖွင့်ပြကြ၊ လက်မောင်းသားကြီးတွေကို ညှစ်ပြကြနှင့် ကျွန်ုပ်တို့ခေတ်က လူငယ်တိုင်းလိုလိုတို့သည်လည်း ဒိုက်တွေထိုးကြ ဝိတ်တွေမကြနှင့် မိန်းမလှတို့က မျက်စိကျရန်အလို့ငှာ အားထုတ်ခဲ့ကြရပါ၏။

ထို့နောက် တစ်မူ ခေတ်တွေ ပြောင်းသွားပါ၏။ ဗလသည် ရှေ့တန်းမှ မရှိတော့။ သွားမပါလျှင်နေ ကားပါဖို့ လိုသည်ဟူသောစကားကို ကြည့်ရုံနှင့် ကားသည် ယောကျ်ားတို့၏ ဘုန်းလက်ရုံး ဖြစ်လာသည် မဟုတ်တုံသလော။ အနှီနောက် ခါးတွင်ချိတ်ထားသည့် ဖုန်းက အရေးပါလာပြန်ပါ၏။ မိန်းမတို့၏ အထင်ကြီးမှုကား ဖုန်းရှိယောကျ်ားတို့ထံ ရောက်သွားပြန်ပါဘိချေသတည်း။

## (နှစ်)

ဤနေရာ၌ ဆင်ခြေဖုံးနေ မိန်းကလေးတစ်ဦးသည် သူ့သကောင့်သားအပေါ် အထင်ကြီးမိကြောင်း သူငယ်ချင်းတစ်ဦးထံ ရင်ဖွင့်နေပုံမှာကား ဤသို့ပေတည့်။ မဆွကမူ အနှီသကောင့်သားနှင့် မိန်းကလေးတို့သည် ခင်မင်ရုံမျှ ဖြစ်သည်ဟုဆိုပါ၏။ ထိုစဉ်က သကောင့်သားက မိန်းကလေးထံ ပေးသော

ဖုန်းမှာ နံပါတ်တစ်ခု ဖြစ်ပါ၏။ ပမာဆိုရသော် ၀၉-၁၂၃၄၅၆၇၈ ဟူလို။ ဂဏန်းဆယ်လုံးနှင့်ကဒ်ဖုန်း။

ထို့နောက် တစ်လခန့်ကြာသည်ရှိလေသော် သကောင့်သားက မိန်းကလေးကို မေတ္တာစကားဆို၏။ အဖြေတောင်း၏။ ဖုန်းဆက်ရန် နံပါတ်တစ်ခုပေးပြန်ရာ ပမာဆိုရသော် ဤသို့ဖြစ်ပါ၏။ ၀၉-၁၁၂၂၃၃၄၄ ဟူလို။

အသို့နှင့် နောက်ထပ် တစ်လခန့်ကြာသည်ရှိလေသော် ထိုသကောင့်သားသည် သူ၏အချစ်ကို ထပ်ထပ်၍ တစ်ဖန်တောင်းဆိုတော်မူပြန်ပါ၏။

ဤဒွိ သူနှင့်ဆက်သွယ်ရန်ဖုန်းမှာ...

၀၉-၈၇၉၆၅၄၃၂၁ ဟူလို။

အချုပ်ကိုဆိုရသော် နောက်ဆုံး၌ မိန်းကလေးနှင့် သကောင့်သားတို့သည် ချစ်သူကြင်သူတို့ဘ၀သို့ ဆိုက်ရောက်၏။ ဟိုသွားသည်လာ ချိန်းဆိုတာကလေးတွေလည်း လုပ်ကြ၏။

၀၉-၈၅၇၅၉၅၅၅ သို့ ဆက်သွယ်ပါ။

၀၉-၁၈၇၁၆၁၅၁ သို့ ဆက်သွယ်ပါ။

၀၉-၈၂၇၂၆၂၅၂ သို့ ဆက်သွယ်ပါ။

စသည် စသည် စသည်။

အနို့နှင့် နောင်သော် သူငယ်ချင်းအပေါင်းအသင်းများက၊ ဆွေမျိုးနီးစပ်များက သကောင့်သား၏ အခြေအနေနှင့် ပတ်သက်၍ မိန်းကလေးကို စေ့င၏။ ဘ၀အနေအထား အခြေအနေအားဖြင့် ပသို့ ရှိပါစ ဟူသည်ကိုလည်း မေးမြန်း၏။

မိန်းကလေးဖြေဆိုပုံမှာ...

"ထိုလူက တော်တော်လေး ချမ်းသာပုံရတယ်၊ ဖုန်းကို အမျိုးမျိုးလဲကိုင်နေတာ တစ်လကို ဖုန်းအသစ်တစ်လုံးလဲသတဲ့၊ နံပါတ်တွေက အမျိုးမျိုး၊ ထပ်တယ်လို့ မရှိဘူး" ဟူသတတ်။

စာနဒီစာအုပ်တိုက်

ဖုန်းရှိသော ယောက်ျားတို့ထက်ပို၍ ဖုန်းများသော သခင်ယောက်ျား၊ တစ်လုံးပြီးတစ်လုံး တဖုန်းပြီးတဖုန်းနှင့် ယောက်ျားဟူ၍ မိန်းကလေးက သူ့သကောင့်သားကို အထင်ကြီးအားကိုး အချစ်တိုး၍နေပုံရပါကြောင်းဟူလို။

Phoenix-၁၂-၆-၂၀၀၉

# အာခေါင်ကို လုံစူးမှာကြောက်လို့

## (တစ်)

အခုတစ်လောဌ် ကျွန်ုပ်တစ်ယောက်တည်း အကြိမ်ကြိမ် အမေး အဖြေ လုပ်နေမိသော ပုစ္ဆာတစ်ပုဒ်သည် ရှိ၏။ ယင်းမှာ ဆရာ ဟူသည် အဘယ်နည်း။ ကျွန်ုပ်အား ဆရာခေါ်သူများ ရှိပါ၏။ ကျွန်ုပ် ဆရာခေါ်ရသူများလည်း ရှိပါ၏။

ထို့ပြင်တစ်ဝ ကျွန်ုပ်တို့၏လောကသည် ဆရာ့ဆရာများဖြင့် ထူထပ် ကျပ်ညပ်လှသည့် လောကဖြစ်ချေရာ ဆရာနှင့်ကင်းသောနေရာ မရှိချေ။ ကား ဆရာ၊ ဆိုက္ကားဆရာ၊ သမ္မာန်ဆရာ၊ စက်ဆရာ၊ ဆံသဆရာ၊ ဓာတ်ပုံဆရာ၊ အပ်ချုပ်ဆရာ၊ စာရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်းဆရာ၊ ပန်းချီဆရာ၊ တေးရေးဆရာ၊ ဓာတ်ညွှန်းဆရာ၊ ဗိန္ဒောဆရာ၊ ဗေဒင်ဆရာ၊ လှေဆရာ၊ လှည်းဆရာ၊ နတ်ဆရာ၊ ဓာတ်ဆရာ ဆရာ့ဆရာများဖြင့် များ့များများသော လောကပေတည့်။

လက်ဖက်ရည်ဖျော်သည့် မဟာပုရိသကို အဖျော်ဆရာဟု ခေါ်ကြရ ပါ၏။ နံပြားရိုက် အီကြာကွေးကြော် ပလာတာလုပ်သူ လူကြီးလူကောင်းကို မုန့်ဆရာဟု ခေါ်ကြပါ၏။ စားသောက်ဆိုင် အနောက်ခန်းထဲတွင် တရှဲရှဲနှင့်

အလုပ်လုပ်နေသူကို အကြော်ဆရာဟု ခေါ်ကြရပါ၏။ နွားကို သားသမီးမရအောင် စီမံဆောင်ရွက်သူကို နွားဇေးသင်းဆရာဟု ခေါ်ကြရပါ၏။ လျှပ်စစ်မီးသွယ်ပေးသူက မီးဆရာ၊ ဖင်ထိုင်ခုံအကျိုးကို ပြန်ရိုက်ပေးသူက လက်သမားဆရာ၊ ဘယ်နေရာမှာမှ ဆရာနှင့် မကင်းနိုင်ချေ။

တရုတ်တို့သည်ကား စာပေသင်ကြားပေးသည့် လူပုဂ္ဂိုလ်တစ်မျိုးတည်းကိုသာ "ဆရာ" ဟူသည့် ဝေါဟာရနှင့် တွဲစပ်ခေါ်ဝေါ်၏။ ကျန်အသက်မွေးဝမ်းကျောင်းမှန်သမျှ ဆရာ မမည်။

အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ
သိပ္ပမချန်၊ ဘေးရန်ဆီးကာ
သင့်ရာအပ်ပို့၊ ဆရာတို့
ကျင့်ဖို့ဝတ်ငါးဖြာ။

ယင်းကား ဆရာ၏အနက်ကို ဖွင့်သည့် ဝတ္တရားငါးပါး။ အနှီဝတ္တရားငါးပါးနှင့် ညီညွတ်မှသာ ဆရာဟူလို၏။

အနို့အပြင် ကျွန်ုပ်တို့သည် ဆရာကို အလွန်ပင်တန်ဖိုးထားတတ်ကြသူများဖြစ်ချေရာ သင်ဆရာကိုသာမက မြင်ဆရာ၊ ကြားဆရာတို့ကိုပင် ဆရာဟု တန်ဖိုးထားကြပါ၏။ ငါးတို့ကို မိုးပေါ်သို့မြှောက်ပြီးမှ စားလေ့ရှိသည့် ဗျိုင်းငှက်ကို ဆရာဟု အသိအမှတ်မပြုသဖြင့် လုလင်တစ်ယောက် အာခေါင်လုံ့စူးကာ အသက်ဆုံးရှုံးခဲ့ရဖူးသည် မဟုတ်တုံသလော။

## (နှစ်)

ကျွန်ုပ်ကား ဗျိုင်းငှက်၏ကျေးဇူးကို မျက်ကွယ်ပြုကာ ကျွန်ုပ်တွင်ဆရာမရှိဟုဆိုခဲ့သဖြင့် အာခေါင်တွင်လုံ့စိုက်ကာ အနိစ္စရောက်ခဲ့ရသည့် လုလင်၏အဖြစ်မျိုးကို အလိုမရှိသူဖြစ်ရာ ဘယ်အရာကိုမှ ဆရာခေါ်ရန် ဝန်မလေးချေ။

"ကဲ ဆရာ ပြန်ဦးမယ်ကွာ"

စာနဒီစာအုပ်တိုက်

"ကားခ ဆရာပေးလိုက်ပြီဟော့"

"နေနေ… ဆရာ့လက်ဖက်ရည်ဖိုး မရှင်းလိုက်နဲ့"

"ဆရာ ညက နည်းနည်းများသွားတယ်"

"ဆရာ့မှာလည်း ယေ်ချစ်ဦးရှိခဲ့သပေါ့"

စသည်ဖြင့် စသည်ဖြင့် ဘတ်စ်ကားပေါ်၊ လက်ဖက်ရည်ဆိုင်ထဲ၊ အလုပ်စားပွဲ၊ ပလက်ဖောင်းတစ်နေရာရာတွင် တွေ့ဆုံမိသူတစ်ဦးဦးက ကျွန်ုပ်ကို စကားစမြည်လာပြောသည်မျိုးရှိပါ၏။ အနှိပ္ပဂ္ဂိုလ်မျိုးကိုလည်း ကျွန်ုပ်က ဆရာခေါ်ပစ်လိုက်ပါ၏။

ကျွန်ုပ်၏ ကဗျာတစ်ပုဒ်ကို ရိုက်နှိပ်ဖော်ပြခဲ့သည့် မဂ္ဂဇင်းအယ်ဒီတာ အဟောင်းတစ်ဦးကလည်း လက်ဖက်ရည်ဆိုင်၌ မြိန့်မြိန့်အိန့်အိန့်ကြီးထိုင်ကာ 'ဂျက်ကွမ်းခြံကုန်းတို့ ဘာတို့ ဆိုတာတွေက ဆရာ့တပည့်တွေပေါ၊ အခု ကဗျာဆရာတော်တော်များများက ဆရာ့ဆီက သွားကြတာများပါတယ်' ဟု ဆိုနေကြောင်း သတင်းသဲ့သဲ့ကြားလိုက်ရာ ကျွန်ုပ်လည်း ထိုအနှိပ္ပဂ္ဂိုလ်နှင့် တွေ့လိုက်သည်နှင့် ဆရာဟု အကျယ်ကြီးခေါ်ကာ နှုတ်ဆက်ပစ်လိုက်၏။ သူကား ခန့်ခန့်ကြီးပြုံးကာ ကြိုးစားပေါ့ကွာ ဟူ၏။

ကျွန်ုပ် မုန့်ဟင်းခါးချက်နေစဉ် 'ငှက်ပျောအူကို ဒီအတိုင်းပစ်ထည့်ရင် မည်းမည်းကြီးဖြစ်နေတတ်သကွ၊ ပါးပါးလှီးပြီး နန္ဒင်းမှုန့်ဖျော်ထားတဲ့ ရေထဲမှာ ခဏစိမ်ထားရသေးတာ၊ သဟာမှ ငှက်ပျောအူက အရောင်လှတာ' ဟု လမ်းပြသောသူတစ်ဦး ရှိခဲ့ဖူးပါ၏။ ထိုသူ့ကိုလည်း ကျွန်ုပ်က ဆရာဟု ခေါ်ပါ၏။

တစ်နေ့ ကားမှတ်တိုင်တစ်ခု၌ ကျွန်ုပ် ယောင်ချာချာဖြစ်နေစဉ် လူတစ်ယောက်က 'သုံးဆယ့်ကိုးစီးပြီး သဃ်န်းကျွန်း စံပြဈေးမှာဆင်းလိုက်၊ အဲဒီမှာ မြောက်ဒဂုံကားတွေ အများကြီး' ဟု သင်ကြားပြန်ပါ၏။ ထိုသူ့ကိုလည်း ကျွန်ုပ်က ဆရာဟု သတ်မှတ်ပါ၏။

တယ်လီဖုန်းဘီလ် သွားဆောင်စဉ်က တန်းစီရပေရာ ဘယ်နေရာဝင် စီရမည်မှန်းမသိသည့် ကျွန်ုပ်အား 'ဟိုဟာကကြိုးဖုန်း၊ သည်ဟာက GSM ဖုန်း၊ ဟိုဘက်က FEC၊ သည်ဘက်က မြန်မာငွေ' စသည်ဖြင့် လမ်းညွှန်သွန်သင်သည့် အမျိုးကောင်းသားသည်လည်း ကျွန်ုပ်၏ဆရာပင် ဖြစ်ပါ၏။

'ဒါကြိုတင်လက်မှတ်ရောင်းတဲ့နေရာ မဟုတ်ဘူး။ ဟိုဘက်မှာ' ဟု ဆိုကာ ဝေါက်ငမ်းလိုက်သည့် လက်မှတ်ရောင်းသည်လည်း ကျွန်ုပ်၏ဆရာ ပင် ဖြစ်ပါ၏။

မသိ၊ မတတ်၊ နားမလည်၊ မကျွမ်းကျင်သော အရာမှန်သမျှ ပြောပြ ရှင်းပြသည့်ပုဂ္ဂိုလ်တို့မှာ ဆရာတွေချည်းဖြစ်ကြရာ ကျွန်ုပ်မှာ ဆရာပြီးရင်း ဆရာ၍သာနေခဲ့မိသူဖြစ်ရာ ဘယ်နံရောအခါကာလတွင်မှ အာခေါင်လှံ့ရှူးမည့် သူ မဟုတ်ရပါပေတမုံ့တကား။

Phoenix-၃-၇-၂၀၀၉

# ကိုယ့်လူ လက်ကြောတင်းပါသလော

## (တစ်)

အလုပ် ဟူသည် အဘယ်နည်း။

လူတို့ အဘယ်ကြောင့် အလုပ် လုပ်ကြသနည်း။

ယင်းဂုဏ်မေးခွန်းသည် ယခုပစ္စက္ခ၌ ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းကို စိုးမိုး ထားသော မေးခွန်းများပင်ဖြစ်ဘိပါချေသည်တမုံ့။

ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်တို့ လက်ထပ်တော့မည် ဆိုပါစို့။ နို့ ကောင်လေးက ဘာလုပ်သတဲ့တုံး။ သို့ကလို မေးခွန်းမျိုးကို အရပ်ထဲ၌ ကျွန်ုပ်တို့ ကြားကြရစမြဲပင် ဖြစ်ပါ၏။ ကျွန်ုပ်တို့၏ ကိုယ်ရေးမှတ်တမ်း၊ ကျွန်ုပ်တို့၏ ကျောင်းဝင်ခွင့်၊ ကျွန်ုပ်တို့၏ မှတ်ပုံတင် စသည် စသည်ဖြင့် လုပ်ငန်းဆောင်တာ မှန်သမျှတို့တွင်လည်း ဖခင်အမည်နှင့် အတူ အလုပ်အကိုင်ကို ထည့်သွင်းဖော်ပြကြစမြဲပင် မဟုတ်ချေသလော။

အလုပ်ဟူသည် ဘာဇာနည်းဟူသည့်အဖြေကို ကျွန်ုပ်တို့ သိသိ၊ မသိသိ ကမ္ဘာဦးကသည် ယနေ့ထိတိုင်အောင် ကျွန်ုပ်တို့ အလုပ်လုပ်ခဲ့ကြရပေ၏။ သားကောင်ကို ကျောက်တုံးနှင့် လှမ်းထုခြင်းသည် အလုပ်၊ သမန်းဆီတက်

နေသော လယ်ကွင်းထဲ စပါးဆင်းစိုက်ခြင်းသည်လည်း အလုပ်၊ ဟစ်တလာ၏ အမိန့်တော်မြတ်အရ ဂျူးတွေကို သတ်ခြင်းသည်လည်း အလုပ်၊ နွားကြီး၏ငယ်ထိပ်ကိုထုကာ အမဲသားဖြစ်အောင် လုပ်ရသည်ကလည်း အလုပ်၊ ဝက်ထီးကြီးကို ကြိုးတစ်ချောင်းနှင့်ဆွဲကာ လျှောက်သွားနေသည်ကလည်း အလုပ်၊ နှမ်းထဲကို ကျောက်စရစ်ခဲရောတာလည်း အလုပ်၊ သွေးဆေးနဲ့ အုတ်နီခဲမှုန့်ရောတာလည်း အလုပ်၊ ဝီစကီပုလင်းအဖုံးကို packing ပျက်မသွားရအောင် စူးချွန်နှင့် ထိုးဖွင့်ခြင်းသည်လည်း အလုပ် စသည် စသည်ဖြင့် တစ်ဝမ်းတစ်ခါး စားဖို့ ဝတ်ဖို့ အနေ့အပြင် နေဖို့လုပ်ဆောင်သမျှသည် အလုပ်ပင် မဟုတ်သလော။

အလုပ်ဟူသမျှ ဂုဏ်ရှိ၏ဆိုသော စကားအရ ဘာလုပ်လုပ် ဂုဏ်ရှိပေကြောင်းဟူလို။ အနို့သော် သမ္မာအာဇီဝခေါ် ကောင်းစွာအသက်မွေးခြင်းဟူသည့် မဂ္ဂင်ရှစ်ပါးလာ တရားမြတ်တစ်ခုကလည်း ရှိနေပေသေးသည်ဖြစ်ချေရာ အလုပ်ဓမ္မက ရှုပ်ပွနေတော့သည်သာတမုံ့တကား။

(နှစ်)

ကွယ်လွန်သူ ကျွန်ုပ်၏မိတ်ဆွေ ပန်းချီဆရာတစ်ယောက်ကို သတိရမိပါ၏။ သူ၏ ဖခင်ကလည်း ပန်းချီဆရာကြီးတစ်ဦးပင် ဖြစ်ပါ၏။ သူကား ဘွဲ့ရပြီးသော် ပန်းချီဆရာဘဝဖြင့် အသက်မွေး၏။ စာနယ်ဇင်းသရုပ်ဖော် ဘုတ်အုပ်အဖုံး ရေးဆွဲမှုလုပ်ငန်း၊ သူက ရေကုန်ရေခမ်းဆိုသလို ဆေးပေါ့လိပ်တစ်တိုနှင့် ဟိုတွေး သည်တွေး ဟိုငေး သည်ငေး။ စိတ်ပါတော့မှ ပန်းချီထရေး။ သဟာကို သူ၏ယောက္ခမက ဘဝင်မကျ။

"စဉ်းစားကြည့် ဂျက်ဆရာရယ်၊ နင့်ယောက်ျားကို အလုပ်ကလေး ဘာလေး လုပ်ဖို့လည်း တိုက်တွန်းဦး ကလေးတစ်ယောက်ရနေပြီဟ... အကျွန့်မိန်းမကို ပြောလေသတဲ့"

အနှီမိန်းမကြီး၏အမြင်၌ သူ့သမက် ကျွန်ုပ်မိတ်ဆွေကို အလုပ်လုပ်သည်ဟုမမြင်။ အရုပ်တွေလျှောက်ရေးနေသည့် ကလေကလွင့်နေသူဟူလို။

ကျွန်ုပ်၏ဘဝတွင် ထုတ်ဝေသူ ဆရာဝန်ကလေးတစ်ယောက်လည်း ရှိခဲ့ဖူးပါ၏။ သူကား ဆေးမကု။ မဂ္ဂဇင်းဘုတ်အုပ် ထုတ်ဝေ၏။ သူ့ချစ်သူ ဆရာဝန်မလေးက သူ့ကို အလုပ်လုပ်ပါဟု မကြာခဏ တိုက်တွန်း၏။ အနှီနှင့် ကြာသော် အလုပ်မလုပ်သော ဆရာဝန်ကလေးကို စိတ်မရှည်နိုင်ဗွာ ဖြင့် အလုပ်လုပ်သော တွင်ခုံဆရာတစ်ယောက်နှင့် လက်ဆက်သွားတော့ ကြောင်းဟူလို။ အချို့အမြင်၌ မဂ္ဂဇင်းဘုတ်အုပ် ထုတ်ဝေသောလုပ်ငန်းမျိုး ဟူသည် အလုပ်မဟုတ် ဟူလို။

## (သုံး)

ကျွန်ုပ်ကိုယ်တိုင် ဘယ့်နှာသို့ ဖြေရမှန်းမသိသည့် အလုပ်မေးခွန်း တစ်ခုကို တစ်ခါက ကျွန်ုပ် ကြုံခဲ့ရဖူးပါ၏။

ထိုစဉ်က ကျွန်ုပ်သည် တက္ကသိုလ်တွင် ကျူတာခေါ် နည်းပြဆရာ ပေါက်စနကလေးတစ်ယောက် ဖြစ်ပါ၏။ တစ်နေ့သ၌ အခြားဘာသာရပ်တစ်ခုမှ ဘဝတူနည်းပြဆရာကလေးနှင့် ဆုံ၏။ သူက ကျွန်ုပ်အား အသက်မွေး ဝမ်းကျောင်းအလုပ် ဘာလုပ်ပါသလဲဟုမေးရာ ကျွန်ုပ် ကြောင်သွားမိပါ၏။

ထိုအနှီ ဆရာကား ထိုစဉ် (လွန်ခဲ့သော အနှစ် ၂၀ ကျော်)က ရန်ကုန်မြို့လယ်၌ အထူးကုဆေးခန်းကလေးတစ်ခု ဖွင့်ထားသူဖြစ်ရာ ကျွန်ုပ်ကို ထိုစဉ်က သူကြည့်ခဲ့သည့်မျက်လုံးအား အဓိပ္ပာယ်ဖော်ရသော် အလုပ်အကိုင် မည်မည်ရရမရှိသည့် ဆရာသမားတစ်ယောက်ပါကလား ဟူလို။

အနှီဖြစ်ရာ ရောင်းဟယ်ချဟယ်၊ ထုဟယ်ထောင်းဟယ်၊ ထမ်းဟယ် ပိုးဟယ်၊ ထုပ်ဟယ်ပိုးဟယ်လုပ်မှ အလုပ်၊ အချိန်နှင့်အမျှ ငွေပေးငွေယူ စာရင်းရှင်းနေမှ အလုပ်ဟု အချို့ အချို့တို့က ထင်မှတ်ထားဘိကြချေသည်

ဖြစ်တော့ချေရာ မပဟာတ္တမဂန္ဓီတို့၊ ချေဂွေဗားရားတို့၊ အဲဘာတ်အိုင်းစတိုင်းတို့၊ နယူတန်တို့၊ ဂယ်လီလီယိုတို့၊ မာသာထရီဆာတို့၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့၊ ဗန်းမော်တင်အောင်၊ မြသန်းတင့်၊ ဒဂုန်တာရာ အစစအထိုထို လူပုဂ္ဂိုလ်ဟူသမျှတို့သည် လက်ကြောမတင်းသည့် လူပျင်းကြီးများပင် ဖြစ်တန်ကြပေတော့သည် တမုံ့တကား။

Phoenix-၁၇-၇-၂၀၀၉

# နောက်ဘဝကျတော့လည်း နေလို့ ကောင်းသွားမှာပါပဲ

## (တစ်)

ဦးလေးကိုကြွက်သိုးက သူ၏နားသယ်အနီးသို့ သူ၏လက်ညှိုးနှင့် ထောက်ပြီးသည့်သကာလ 'ဂျက်ကွမ်းခြံကုန်းက ဒါသမားကွ'ဟု ပထမဦးဆုံး ပြောခါစကမူ သပွတ်အူကျေးလက်က လူထုက ကျွန်ုပ်ကို ခေါင်းသိပ်မ ကောင်းဘူးဟု ထင်မှတ်သွားခဲ့ကြပါသေး၏။ နောက် အချိန်ကလေးကလည်း အတန်အသင့်ကြာညောင်းလာ။ ဦးလေးကိုကြွက်သိုး ကိုယ်တိုင်ကလည်း သူဆိုလိုသည်မှာ ဆရာကြီးဂျက် ခေါင်းကောင်းသည်ကိုသာ ဆိုလိုကြောင်း အလျဉ်းသင့်သလို ရှင်းပြလိုက်တော့မှ တစ်ရွာလုံးက ကျွန်ုပ်အား လေးစား သမှုပြုလာကြခြင်း ဖြစ်ပါပေသည်တမုံ့။

ပညာဉာဏ်နုံနည်းသော ကျေးတောသူ ကျေးတောသားတို့၏သဘာဝ ယုံလျှင်လုံးလုံး မယုံလျှင်လုံးလုံး တစ်လက်ကိုင် တဇောက်ကန်း အရမ်းကြီး ဆိုသည့်လူများ ဖြစ်ကြဘိတော့ချေရာ နောင်အခါကျပြန်တော့လည်း အာစရိ ဂျက်ဆိုမှ အာစရိဂျက် ဘဇာတေ်ဘက်ကိုမှ အထင်မကြီးတော့သော သပွတ်အူ ဖြစ်သွားဘိတော့ချေသည်။

"ဆရာကြီးဂျက် နော်လီ (Knowledge) ကောင်းသဗျ၊ ဘာမေးမေး အကုန်သိသမင့်ဟာ"

"ဘုတ်အုပ်တွေ အကုန်လျှောက်ဖတ်နေမှတော့ ဂျက်ခေါင်းထဲမှာ လုံးဝဥဿုံ ပြည့်လျှံနေရော့ပေါ့"

"သပွတ်အူ မွေးရပ်မြေမှာ ဂျက်တစ်ခေါင်းနဲ့ပင် လုံလောက်ပါချေ ရဲ့ဗျာ"

နော်လီ ဆိုဆိုက်ယက်တီ (Knowledge Society)။ ပညာဗဟုသုတ လူ့အဖွဲ့အစည်း မှန်ပါ၏။ အကြားအမြင်များခြင်းသည် မင်္ဂလာရှိပါပေ၏ဟု ဆိုရာ အထူးသဖြင့် ကျန်းမာရေးနှင့်ဆက်စပ်ရာ အထွေထွေဗဟုသုတတို့ကို ကျွန်ုပ်က ပြောသော် အလွန်အားရဝမ်းသာဖြစ်ကြကုန်ပါ၏။

"တည်းသီးက အန္တရာယ်ရှိတယ်နော် ဒေါ်လေး မကုလားမ၊ ကျောက်ကပ်ကို တန်းထိတာ"

"အေး... ခင်ဗျားတို့ နာရီပေါင်းများစွာ မီးတိုက်ထားတဲ့ ဆီအိုးကြီးထဲက ဆယ်ဆယ်ပြီးချတဲ့ အကြော်တွေဟာ အလွန်အင်မတန် ဒုက္ခပေးတာပေါ့"

"ဘာရယ် ဆန်အဟောင်း ဟုတ်စ အဲဒီ ဆန်ဟောင်းမှာကပ်တဲ့ မှို ဖန်းဂပ်စ် (Fungus) အသင်တို့ရဲ့အသည်းကို ထိမဗျာ၊ နို့အပြင် ငရုတ် သီးခြောက်ရဲ့အစေ့မှာ ပါသောမှို... ဖန်းဂပ်စ်တွေနော်၊ ဟင်းဟင်း အသည်း ကင်ဆာဗျ၊ ဘာမှတ်နေသတုံး"

အနို့နှယ် သို့နှယ်ဖြင့် ကျွန်ုပ်က ကြုံတိုင်းကြုံတိုင်း ကျန်းမာသမှု အထွေထွေဗဟုသုတတို့ကိုပေးသည်ရှိသော် သပွတ်အူက ကျွန်ုပ်အား အသည်း ခိုက်၍သွားပုံမှာ...

"နားဆင်၍မဝနိုင်သည့် ဗဟုသုတတွေပါကလား ဂျက်ဆရာငယ် လေ... ယခုဘဝမှာသာမက နောက်ဘဝအဆက်ဆက် ကျန်းမာမှုအတွက် မြွက်ဟပေးပါရန်" ဟူသတည်း။

စာနဒီစာအုပ်တိုက်

(နှစ်)

မွေ့နှင့် မိုး ဆောင်း အဟောင်းအသစ် နှစ်အလီလီ ရာသီစက်ဝန်း အယွန်းကြီးကိုပင် ယွန်းရစ်ခဲ့ပါချေပြီ။

တစ်နေ့ မိုးတိမ်မြူလွှာ ဇာပဝါပါးတို့ လွှမ်းခြုံထားသည့် ထိပ်ထား စိုးမြင့်တို့ ရိပ်မြုံရှိရာသို့ ကျွန်ုပ် ရောက်သွား၏။ အနီဂေဟာ၌ လူတော်တော်စုံ သည့်နေ့လည်းဖြစ်ပါ၏။ ထိပ်ထားစိုးမြင့်၊ ဇာဇာဘသန်း၊ ဒေါ်လေးမကုလားမ၊ ဘကြီးကြွက်သိုး၊ အရိုးဘုတ်ဆုံ၊ ဒွေးလေးသိန်းပိုင်၊ ဒေဝီသုန် စသည် စသည်ဖြင့်။

ကျွန်ုပ်က ဦးဆောင်စွာ လက်ဖက်သတင်းကလေးကို ပေးလိုက်ပါ၏။

စားသောက်ကုန်များတွင် ဆိုးရသည့် Edible Dye ဆိုးဆေးကို မသုံး ဘဲ အဆနစ်ဆယ်ကျော်ဈေးသက်သာသည့် Chemical Dye ကို သုံးကြ ကြောင်း၊ အနီကြောင့် လက်ဖက်ထဲ၌ Auramin O ဓာတုပစ္စည်းပါဝင်နေ တော့ချေရာ ဆီးအိမ်၊ အူမကြီး၊ အသည်းတို့၌ ကင်ဆာဖြစ်နိုင်ကြောင်း ရှင်း ပြလိုက်ရာ ကြက်သေသေသွားကြတော့၏။

"ထိပ်ထားစိုးမြင့်တို့က တစ်သက်လုံး နေ့တိုင်းနေ့စဉ် အဲဒီ လက်ဖက်ကိုမှ စွဲစားခဲ့သည့်ကောလေ"

ကျွန်ုပ်ကား ထိပ်ထားစိုးမြင့်ကို ဘဇာမှ ဆက်ရှင်းကာမနေတော့။ ဆက်လက်ကာ ငါးပိသတင်းလေးကို မောင်းခတ်ရပြန်ပါပေသည်တမုံ့။ ငါးပိ ကိုလည်း သို့ကလို ချည်ထည်၊ ပိုးထည်၊ စက္ကူ၊ သားရေတို့ကိုဆိုးသည့် ဆိုးဆေးဖြင့် အရောင်တင်ထားချေရာ Rhodamine B ဓာတုပစ္စည်းပါဝင် နေသည်ဖြစ်၍ ကင်ဆာ အစရှိသည်တို့ ဖြစ်နိုင်ကြောင်း။

"အို့လေ့လေ... အရိုးဘုတ်ဆုံတို့ကလေ ရှောက်သီးသုပ်ရင်လည်း ငါးပိကလေးနဲ့မှ၊ မရန်းသီးသုပ်ရင်လည်း ငါးပိကလေးနဲ့မှ၊ ချဉ်ပေါင်ဟင်း

ဆိုသည့်တိုင် ငါးပိမီးကင်ကလေးခတ်မှ မဟုတ်လား၊ ငါးပိဆီဆမ်း၊ ငါးပိဆီကြော်... အလိုလေးတော်''

မျက်လုံးအဝိုင်းသား ပါးစပ်အဟောင်းသား ဖြစ်နေသူတို့ကို ကျွန်ုပ်က ဘာဇာမှ ထပ်၍မဆွေးနွေး။ ကျန်းမာရေးဗဟုသုတ ရှေ့ဆက်ရန် ရှိသမျှကိုသာ ထပ်၍ ထပ်ကာ ရှေ့သို့ ဆက်ရပါ၏။

ရေသန့်ဘူးတံဆိပ်အချို့ကို ရွတ်ဆိုပြကာ အာဆင်းနစ်များလွန်းနေ၍ ဆိုင်ရာက တားဆီးထားကြောင်း သတိပေးရပါ၏။ 'ဟယ် အဲဒီ တံဆိပ်တွေ တို့သောက်ခဲ့တာပေါ့'ဟူသည့် အသံတွေ ပွစိပွစိ ထွက်လာ၏။ ယင်းနောက်တစ်ဖန် ကလေးတိုင်းရင်းဆေးအချို့၌ ခဲဓာတ်များနေသဖြင့် ကလေးတို့ အသက်အန္တရာယ်ရှိကြောင်း ပြောဖြစ်ပြန်ပါ၏။ 'ဒီမှာရှိနေသည့် ကလေးအကုန်လုံး အဲသည့်ဆေးတွေ သောက်ဖူးသတော့'ဟု အသံထွက်လာပြန်ပါ၏။ အနီးနောက် မစားသင့်သည့် ဆီးထုပ်အမှတ်တံဆိပ်များ။ 'တို့အားလုံး အငမ်းမရစားသုံးခဲ့သည့် ဆီးထုပ်'ဟူသတတ်။ ၎င်းနောက် နို့မှုန့်၊ ၎င်းနောက် အိမ်သုံးဆေးဝါး၊ ၎င်းနောက် ၎င်းနောက်...။

## (သုံး)

အနီးနှင့် ကျွန်ုပ်က တော်တော်များများ ပြောပြီးသည်ရှိလေသော် ဘကြီးကြွက်သိုးပင်လျှင် စောဒကတက်လာခဲ့ခြင်း ဖြစ်ပါ၏။

''အိမ်း သဟာတွေကို အစက သိထားခဲ့ရင် အကောင်းသားပေါ့ ဂျက်ဆရာရယ်၊ အခု တမလွန် ကောင်းကင်ဘုံနန်း ရောက်ပြီးခါမှ အသင်ပညာလိုက်ပေးတော့ကော ဘာထူးမှာတဲ့တုံး''

ဘကြီးကြွက်သိုးက ရောဂါအသီးသီးနှင့် ကိစ္စပြတ်ကာ တစ်ဘဝပြောင်း တစ်ဘဝပြောင်းပြီးမှတော့ ပညာပေးမနေနဲ့တော့ဟူသည့်သဘော။

ကျွန်ုပ်ကလည်း အနှီ နောလိ (Knowledge) တို့ကို အခုမှသိခွင့်ရ၍ ကောင်းကင်ဘုံအရောက်လိုက်ပြီး ပညာပေးရသည့်အဖြစ်။

အို... ယခုဘဝဝယ် အသိနောက်ကျခဲ့သဖြင့် ကျန်းမာရေးကလည်း မကောင်း ဖြစ်ခဲ့ကြသည့်တိုင် နောက်ဘဝသံသရာအဆက်ဆက်၌ ကျွန်ုပ်ပေးသော အသိပညာဖြင့် ကျန်းမာလန်းဖြာကြသည်ရှိသော် ပညာပေးရ ကျိုးနပ် ပေလိမ့်မည် မဟုတ်သလော။

Phoenix-၁၀-၇-၂၀၀၉

## ကျွန်ုပ်တို့ပတ်ဝန်းကျင်က အဝယ်"တော်"များ

### (တစ်)

ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းသည်ကား ယောကျ်ားစင်စစ် ကေန်ဖြစ်ပါလျက် ဈေးနှင့် အတော့်ကို မကင်းနိုင်သောသူဖြစ်ပါ၏။ ဈေးဟူရာ၌ စူပါမားကတ် (Super Market)၊ ရှော့ပင်းမော (Shopping Mall) မှစကာ စည်ပင်သာယာဈေး၊ လမ်းဘေးဈေး၊ တွန်းလှည်းဆိုင်၊ အိမ်ဆိုင်၊ ကားဂိတ်၊ မော်တော်ဆိပ်၊ လှည်းဆိပ်၊ လှေဆိပ်ရှိ ဈေးဆိုင်ကလေးများပါမကျန် ရင်းနှီးဆက်ဆံ အကျွမ်းတဝင်နေလေ့ရှိသူပင်။

ဝယ်ရင်းခြမ်းရင်း၊ သွားရင်းလာရင်း မြင်ရတွေ့ရ ဈေးဝယ်ကြသည့်သူတို့၏ အရွှတ္တသရုပ်သဏ္ဌာန် အချို့အချို့တို့မှာကား လွန်စွာအော်ဂလီဆန်ချင်စရာ ကောင်းလှပါပေသည်တမုံ့။

လူ့မနော ဟူသည်ကို ဘယ့်နှာမှ အထူးလေ့လာဆန်းစစ်နေစရာ မလို။ ဈေးဝယ်ပုံကို ကြည့်လိုက်ရုံမျှနှင့် လုံးဝဥသုံ အလုံးစုံကို ခြုံငုံလေ့ကျက်ကွက်ကွက်ကွင်းကွင်း ဘွင်းဘွင်းကြီးဆိုသလို အကဲခတ်နိုင်ကြပေသည် မဟုတ်တုံသလော။

စာနဒီစာအုပ်တိုက်

(နှစ်)

တစ်နေ့သော် နံနက်ခင်းတစ်ခု၌ ဈေးထဲသို့ ကျွန်ုပ်ရောက်၏။ ဟိုငေးသည်ငေး လျှောက်သွားနေစဉ် ဘဲဥသည်အစ်မကြီး၏ ရှေ့သို့ ရောက်၏။ ဤ၌ ဘဲဥဝယ်သူမိန်းမကြီးက...

''အဲ... ဘဲဥတွေကလည်း သေးလိုက်တာ''

''ဟုတ်တယ် အဒေါ်... ကျွန်မ ဥထားတာ မဟုတ်ဘူး''

မှန်၏။ ဘဲဥရောင်းသူမှာ အပြစ်မရှိ၊ အနို့ဥကို သူ ဥခြင်း မဟုတ်။ အပြစ်ဆိုလိုက ဘဲမကြီးတို့ကိုသာ ဆိုထိုက်ပါ၏။

အနို့နှင့် ငါးပုစွန်ဆိုင်ရှေ့သို့ ရောက်လေသော် သို့နှယ် ခပ်ဆင်ဆင် စကားတို့ကို ကြားရပြန်ပါလေသည်တည့်။

''ဟဲ့... ညည်းပုစွန်ထုပ်က လက်မကြီးတွေ ကြီးလိုက်တာ''

''ကျွန်မ တပ်ထားတာမဟုတ်ဘူး အစ်မရဲ့''

ဟုတ်ပါသည်။ ပုစွန်လက်မကြီးများက မွေးရာပါပစ္စည်းများ ဖြစ်ပါသည်။ အာတီဖီရှယ် (Artifical) ခေါ် လူလုပ်ပစ္စည်းများ မဟုတ်ကြလေပါ။ ဘယ့်နှာကြောင့် သဘာဝကို အပြစ်တင်ဘိကြလေသနည်း။

တစ်ခါသားဆီကမူ ကျွန်ုပ်သည် အဝေးပြေးဘတ်စ်ကားဖြင့် ခရီးသွားရ၏။ နွေရာသီ ပူပြင်းအိုက်စပ်သောကာလဖြစ်သဖြင့် လမ်းတစ်နေရာ၌ ကားရပ်သော် ရေသန့်ဘူးဝယ်ကြ၏။ ယင်းတို့အနက် တစ်ယောက်မှာကား...

''ရေသန့်ဘူး ဘယ်လောက်လဲ''

''သုံးရာပါ''

''နှစ်ရာထားကွာ''

''မရလို့ပါဗျာ ရေခဲစိမ်ထားတာပါ''

''ဘူးမယူဘူးကွာ ရေပဲယူမယ် ရမလား''

တိတ်သွား၏။ အားလုံးတိတ်သွားဘိ၏။ ကဲ ဘယ့်နှယ်လုပ်မတုံး အရပ်ကတို့၊ အိုဗာတင်းကို အမှုန့်ပဲယူမည် ဘူးမယူဘူး။ ဝီစကီကို အရည်ပဲ ယူမည် ပုလင်းမယူဘူး။ ဒူးရင်းသီးကို အသားပဲယူမည် အခွံမယူဘူး။ ကျွန်ုပ်တို့ ဘယ့်နှာလုပ်ကြမတုံးဗျာတို့။

အလွန်ထူးဆန်းသော တစ်ခါကမူ တက္ကသိုလ်ကျောင်းတစ်ကျောင်း၏ စားသောက်ဆိုင်တန်းတစ်တန်း၌ ဖြစ်ပါ၏။

အကြင်ပုဂ္ဂိုလ် ဥတ္တမပုရိသယောကျ်ားမြတ်က သူထိုင်နေသောဆိုင်က ဆိုင်ရှင်ကို လှမ်းမေး၏။

"ထမင်း အဝစား ဘယ်လောက်လဲ"

"ထောင့်ငါးရာ"

အကြင်ပုဂ္ဂိုလ်ကား ကပ်လျက်ဆိုင်ကို လှမ်းအော်မေးပြန်၏။ ထပ်တူထပ်မျှ ထောင့်ငါးရာပင် ဖြစ်ပါ၏။ ဤ၌ ခေတ္တခဏစဉ်းစားတော်မူနေပြီးသည့်နောက် မူလဆိုင်ကို ဤသို့ မေး၏။

"ထမင်းချည်းပဲ အဝဆိုရင်ကော"

"လေးရာပါ"

ထိုသူကား တစ်ဖက်မှဆိုင်ကို သို့ကလို မေးပြန်ပါ၏။

"ဟေ့ မင်းတို့ဆိုင်က ဟင်းတစ်ပွဲ ဘယ်လောက်လဲ"

"ငါးရာပါ"

အကြင်ယောကျ်ားမြတ်က အလင်းရောင်ကို တွေ့သွားသည့် ကမ္ဘာဦးလူလို ဝင်းပသောမျက်နှာဖြင့်...

"ဟိုဘက်ဆိုင်က ဟင်းချ"

ဟူသတည်း။

ငါးပိရည်၊ တို့စရာ၊ ဟင်းချို၊ အရံဟင်း ဘာမှချစရာမလိုဟူသည့်သဘော။

ဘမင်းတစ်နပ်ကို ဆိုင်နှစ်ဆိုင် မှုမှာသည်။ အမောင်သကောင့်သား ကို အလေးပြုဖို့ ကောင်းပါဘိ။

ဈေးကွက်စီးပွားရေးလောက၌ စံပြအရောင်းသမားဟူသည့် စကား သည် ထင်ရှား၏။ သို့ကလို ထို့လို ကျွန်ုပ်ဖော်ပြခဲ့သမျှသော လူထိုထိုတို့ကို ကား စံပြအဝယ်သမား၊ သို့တည်းမဟုတ် စံပြစားသုံးသူဟု ဆိုရလေမလော မပြောတတ်ပါပေ။

ဘဝအချိုးအကွေ့များ၌ ခဏတိုးတွေ့ဆုံခဲ့ရသော စားသုံးသူအချို့ အချို့တို့မှာ မမေ့တဲ့နိုင်များပင် မဟုတ်ပါပေတမုံ့တကား။

Phoenix-၃၁-၇-၂၀၀၉

# အမျိုးကောင်းသား ဂျက်ဆရာ အကျွန်ုပ်

## (တစ်)

တစ်နေ့သ၌ စာနယ်ဇင်းသမားကလေးတစ်ဦးသည် ကျွန်ုပ်၏အိမ်ဂေဟာသို့ ဆိုက်ရောက်လာပြီးသည့်သကာလ ဆရာကြီးဂျက် ခင်ဗျား ဘယ့်နှာသော အရာတွေကို ကြိုက်သနည်းဟူသော မေးခွန်းကို မေးမြန်းသမှုပြု၍လာပါ၏။ မဆွက အနှီမေးခွန်းကို ကျွန်ုပ်အား အလွတ်သဘောမေးမြန်းလာသည်ဟု ကျွန်ုပ်က ထင်မှတ်ထားခဲ့ပါ၏။ သို့သော် နောက်မှ ဘုတ်အုပ်ဂျာနယ်၊ မဂ္ဂဇင်းများတွင် ရုပ်ရှင်သရုပ်ဆောင်၊ တေးဂီတသမား၊ မော်ဒယ်ယောကျ်ား မိန်းမတို့အား မေးမြန်းသမှုပြုသကဲ့သို့ ရိုက်နှိပ်ဖော်ပြန်ရန်အလို့ငှာ မေးမြန်းလာခြင်းဖြစ်ကြောင်း သိခဲ့ရပါ၏။

ဆရာကြီးဂျက် ဘာဂျာနယ်တွေ ကြိုက်သလဲ၊ ဘာမဂ္ဂဇင်းတွေ ဖတ်သလဲ၊ ဘယ်တေးဂီတအဖွဲ့တွေကို နားထောင်သလဲ၊ ဘာမုန့်တွေ စားသလဲ စသည် စသည်ဖြင့် အမေးတို့မှာ စုံစုံစေ့စေ့နိုင်လှပါ၏။ အနှီဂျာနယ်လစ် (Journalist) ကလေး၏မေးပုံ၊ ကျွန်ုပ်၏ ဖြေဆိုသမှုပြုပုံတို့ကို မှတ်မိသမျှ ကောက်နုတ်ဖော်ပြလိုက်ရပေချေသည်တမုံ့။

စာနဒီစာအုပ်တိုက်

(နှစ်)

**အမေး ။ ။** ဆရာကြီးဂျက် မြန်မာဂျာနယ်တွေကို ဖတ်ဖြစ်ပါသလော။

**အဖြေ ။ ။** သြော် ခက်ပါ့။ ဘယ့်နှာ မဖတ်ဘဲ ရှိမတုန်းမောင်ရယ်။ The Voice ဗျာ၊ 7 DAY ဗျာ၊ PHOENIX ဗျာ၊ WEEKLY ELEVEN ဗျာ၊ POPULAR NEWS ဗျာ မြန်မာဂျာနယ်တွေကို ကျွန်ုပ် စွဲစွဲမြဲမြဲ ဖတ်လာသည်မှာ ကာလအတန်ပင် လင့်ခဲ့ပါပကော အမောင်လုလင်။

**အမေး ။ ။** မဂ္ဂဇင်းဘုတ်အုပ်တွေထဲမှာကော ဆရာကြီးဂျက် ကြိုက်တာကလေးများ ညွှန်းပါလေဦး။

**အဖြေ ။ ။** Beauty ပေါ့ မောင်ရယ်။ Fashion ပေါ့ မောင်ရယ်။ Fashion Image ပေါ့ မောင်ရယ်။ Teen ပေါ့ မောင်ရယ်။ idea ပေါ့ မောင်ရယ်။ နောက် Perfect၊ The Wave၊ Life Style၊ Living colon Heart အများကြီးပ မောင်ရယ်။ မြန်မာမဂ္ဂဇင်း တော်တော်များများ ကျွန်ုပ် ကြိုက်ပါပေတယ်။

**အမေး ။ ။** အနို့… မြန်မာတေးဂီတအဖွဲ့တွေထဲမှာကော ဆရာကြီးဂျက် ကြိုက်တာလေးများရှိရင် သိပါရစေလား။

**အဖြေ ။ ။** အား I Love music ပါ အဆွေလုလင်။ ကျွန်ုပ် ဂီတချစ်သူပါ… IRON CROSS ခေါ် အိုင်စီ ကျွန်ုပ်ကြိုက်သဗျာ။ နောက် Emperor ၊ နောက် LAZY CLUB ၊ ကျွန်ုပ်တို့ငယ်ငယ်က play boy တို့၊ L.P.J ခေါ် Love peace and joy တို့၊ Aces တို့၊ E.Machine တို့ မြန်မာဂီတ အဖွဲ့တွေ တီးနိုင်ကြပါပေရဲ့ဗျာရယ်။

**အမေး ။ ။** ဆရာကြီးဂျက် အကြိုက်ဆုံးအစားအစာတွေကော ရှိလား ခင်ဗျာ။

စာနဒီစာအုပ်တိုက်

အဖြေ ။ ။ ချစ်တီးထမင်းတော့ အတော်ကြိုက်သဗျာ၊ မလေးရှားခေါက်ဆွဲကြော်လည်း ကြိုက်ပါရဲ့၊ ချာပါတီ၊ အာလူးပူရီ၊ ဟမ်ဘာဂါ မကြာမကြာ စားဖြစ်ပါတယ်။

ကျွန်ုပ်တို့ အနို့ကလို စကားပြောဆို ဆွေးနွေးသမှုပြုနေကြသည့် အခိုက်တွင် ကျွန်ုပ်၏ တူ၊ တူမတစ်သိုက်တို့သည် ဂူးဂူးဝါးဝါးအော်ကာ အိမ်ပေါ်သို့ တက်လာကြတော့ပါ၏။ ကျောင်းပိတ်ပြီဆိုသည်နှင့် ကျွန်ုပ်၏ အိမ်သို့ ရောက်လာတတ်ကြကာ စားကြသောက်ကြ ဆော့ကစားကြနှင့် လာရောက်လည်ပတ်နေကျ တူ တူမကလေးတို့ပင်။ ကျွန်ုပ်ကား ဧည့်သည် စာနယ်ဇင်းသမားကလေးကို တူ တူမကလေးတို့နှင့် မိတ်ဆက်ပေးရသည်သာ။

''ဟောသဟာက တူမအကြီး ဆာရာ (Sarah) တဲ့၊ ဟောဒါက တော့ တူမအလတ် အဲလစ် (Alice)၊ သည်ဘက်က တူပအငယ် ဂျနီဖာ (Jennifer)၊ ဒါက တူပေါ့ ရစ်ချတ် (Richard) တဲ့၊ သည့်ကောင်က သောမတ်စ် (Thomas)၊ ဒီကောင်ကတော့ မိုက်ခယ် (Michael)''

''ဆရာကြီးဂျက်ရဲ့ တူတွေ တူမတွေက သပွတ်အူကျေးလက်မှာ မွေးတာတွေပဲပေါ့''

''ဒါပေါ့… ကျောင်းနေဖို့ ရန်ကုန် ပြောင်းလာကြသူတွေမင့်ဟာ၊ ကဲ ကဲ ကလေးတို့ သွားဆော့ကစားကြချေဦး''

အနို့နှင့် စကားစမြည် အတန်အသင့် ပြောကြားပြီးသည်၏သကာလ နောက်ဝယ် အနို စာနယ်ဇင်းသမားကလေးသည် မြန်မာစာရေးဆရာကြီး ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းကို နှုတ်ဆက်သမှုပြုကာ ပြန်လည်၍ ထွက်ခွာသွားခဲ့ဘိချေသည် တမုံ့တကား။

Phoenix-၇-၈-၂၀၀၉

# အကုန်လုံး အားတစ် (Artist)

## (၁)

အကျွန်ုပ်တို့ စာရေးဆရာ၊ ကဗျာဆရာများတွင် ကြီးမားသော ဒုက္ခတစ်ခုသည်ရှိ၏။ ယင်းမှာကား လူသူလေးပါးတို့နှင့် မကြာခဏ မိတ်ဆက်အပေးခံရခြင်းပင်ဖြစ်ပါ၏။ သို့ကလို မိတ်ဆက်သမှု အပြုခံရသည့်အခါတိုင်း အခါတိုင်း၌လည်း အကြိမ် (၁၀၀) ၌ (၉၉) ကြိမ်ဆိုသလို စိတ်အနှောင့်အယှက်ဖြစ်ရခြင်းနှင့် ကြုံ၏။

ဆိုကြပါစို့။ ဆရာဝန်တစ်ယောက်ကို အခြားသူများနှင့် မိတ်ဆက်ပေးသည့်အခါ ဒါကတော့ ဒေါက်တာမောင်မောင်အေးပါ။ ဒေါက်တာတင်တင်ဝင်းပါ။ ဒေါက်တာယဉ်မင်းဦးပါ စသည် စသည်ဖြင့် မိတ်ဆက်ပေးသည် ဆိုပါတော့။ ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်ခင်ဗျာ၊ ရှင် စသည်ဖြင့် ပြန်လည်၍ နှုတ်ခွန်းဆက်ကြစမြဲသာ။

အနို့အတူ ကျောင်းဆရာတစ်ဦးဦးနှင့် မိတ်ဆက်ပေးသည် ဆိုပါစို့။ ဟောသဟာက ရူပဗေဒဌာနက ကထိက ဘယ်သူပါခင်ဗျာ၊ ဟောသဟာကတော့ အင်္ဂလိပ်စာပြ အထက်တန်းဆရာမ ဘယ်သူပါရှင်ဟု မိတ်ဆက်ပေး

ကြည့်ပါလေ။ တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ/ရှင်မှတစ်ပါး အခြား မည်သည့်စကား ဖြစ်နိုင်ပါအံ့နည်း။

စကားကိုချုပ်ရသော် ဤသည်ကဖြင့် ရာပြည့်စာအုပ်တိုက်က ဘယ်သူ ဘယ်ဝါပါ၊ ဤသည်ကတော့ အောင်ထိုက်တန်ဆားစက်က ဘယ်သူဘယ်ဝါ ပါ၊ ဟောသဟာက မြေစာရင်းဌာနက အဘယ်သူ၊ ဟောသဟာက တရား ရေးဌာနက ဘယ်ဝါ၊ အနီးလူက ဆက်သွယ်ရေးရုံးက၊ ဤလူက အခွန်ဦးစီး က၊ သည်လူက စည်ပင်သာယာက စသည် စသည်ဖြင့် မိတ်ဆက်ကြသည့် အခါတိုင်း အခါတိုင်းဝယ် ထိုနည်းလည်းကောင်း၊ ထိုနည်းလည်းကောင်း ဟူသကဲ့သို့ တွေ့ရတာ ဝမ်းသာပါတယ် စကားကိုသာ ဆိုကြစမြဲပါပေတမုံ့ တကား။

(၂)

အနို့ဖြင့် အထက်တစ်နေရာ၌ အကျွန်ုပ် ဖော်ပြခဲ့သည့်နှယ် စာရေး ဆရာ၊ ကဗျာဆရာများနှင့် အခြားအခြားသော လူပုဂ္ဂိုလ်အထိုထိုတို့အား မိတ်ဆက်ပေးသည်ရှိသော် အဘယ်သို့ ကြုံရလေ့ရှိသနည်း။

ဥပမာအချို့ကို ရှုပါစို့။

တစ်နေ့သော် ကြက်သွန်ပွဲရုံက ကုန်သည်ကြီးတစ်ဦးနှင့် ကျွန်ုပ်၏ မိတ်ဆွေ စာရေးဆရာကြူးနှစ်ကို မိတ်ဆက်ပေးမိပါ၏။

"သဲဟာက ဝတ္ထုတိုဆရာကြူးနှစ်ပါ"

"အာ... လေးစားတယ်ဗျာ၊ ကျွန်တော်က စာပေဝါသနာသိပ်ပါတာ ဗျ၊ ငယ်ငယ်က ဝတ္ထုတွေရေးခဲ့ဖူးသေးတာ၊ စာရေးဆရာ သိပ်ဖြစ်ချင်တာ။ ခုတော့ ပွဲရုံအလုပ်တွေနဲ့ အင်း... ဆရာတို့ကို အားကျတယ်ဗျာ"

စာရေးဆရာ ကြူးနှစ်ကား ငူငူငေါင်ငေါင်ကြီးထိုင်လျက်။ စာပေ ဝါသနာရှင် ကြက်သွန်ပွဲစားကြီးကို ငေးမျှော်လျက်။

အခြားသော တစ်နေ့သား၌မူ ကဗျာဆရာ အောင်ဘညိုကလေးကို ညွှန်ကြားရေးမှူးတစ်ဦးနှင့် မိတ်ဆက်ပေးမိပြန်ပါ၏။

''ကဗျာဆရာကလေးပါ အောင်ဘညိုတဲ့''

''ကဗျာ... ကဗျာ... ကျွန်တော် သိပ်ချစ်ခဲ့တယ်ဗျာ၊ ကျောင်းသားဘဝက ကဗျာတွေ အတော်ရေးခဲ့တာပေါ့။ ပြိုင်ပွဲဆိုလည်း ပထမပဲရခဲ့တာ။ ကဗျာဆရာ ဖြစ်ချင်ပေမယ့် သိတယ်မဟုတ်လား။ တာဝန်တွေနဲ့ အစည်းအဝေးတွေနဲ့ ခရီးထွက်ရတာနဲ့ စာတောင် မဖတ်နိုင်သလောက်ပါပဲဗျာ။ ဒါပေမဲ့ ကဗျာကိုတော့ ဘာချစ်သလဲ မမေးနဲ့''

ဆုံလည်ကုထားထိုင်ကြီးကို ဝဲသို့လှည့်လိုက်၊ ယာသို့လှည့်လိုက် စီးတော်မူကာ ကဗျာအရေးကြီးပုံနှင့် ကဗျာသည် သူ၏နှလုံးသည်းပွတ်၊ ကျောက်ကပ်၊ အူမကြီး၊ ကလီစာဖြစ်ပုံတို့ကို အာပေါင်အာရင်းသန်သန် ပြောနေသော ညွှန်မှူးကိုကြည့်ကာ အောင်ဘညိုမည်သော ကဗျာဆရာကလေးသည် ငေးငိုင်မျှော်တော့၍ နေတော့သည်တဲ့။

ထို့နောက် ကျွန်ုပ် မိတ်ဆက်ပေးမိသူကလေးတစ်ဦးမှာကား ပန်းချီဆရာကလေးပေတမုံ့။ ဆံပင်ရှည် စုတ်တိစုတ်ဖွားနှင့် ပါးချောင်နားချောင်ကျနေသည့် ပန်းချီဆရာ မောင်နီး။ သူနှင့်မိတ်ဆက်ပေးမိသူက အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းရှင်တစ်ဦး။

''ဝမ်းသာတယ်ဗျာ၊ ကျုပ်လည်း ငယ်ငယ်က ပန်းချီဆွဲခဲ့သပေါ့။ ပန်းချီဆရာတွေဆိုလည်း သိပ်ကိုလေးစားတာ။ ရေဆေး၊ ဆီဆေး အကုန်ကိုဆွဲခဲ့တာ။ ကျောင်းက ပန်းချီပြိုင်ပွဲမှာ အမြဲပထမပေါ့။ ဆွဲပါဗျာ၊ ပန်းချီကိုချစ်တဲ့စိတ်ဟာ သိပ်မြင့်မြတ်ပါတယ်။ ကျုပ်တို့ကတော့ စိတ်ပဲရှိတော့တာ မဆွဲအားတော့ဘူး''

ပန်းချီမောင်နီးကား ငေါင်စင်းစင်း။ ခြေတံရှည်ဖျိုင်းကြီးနှယ် လည်ပင်းကြီးလိမ်လျက်။

(၃)

အထက်၌ ကျွန်ုပ် ဥပမာပေးခဲ့သလို မကြာခဏ မိတ်ဆက်အပေးခံရသည့် အနုပညာရှင်တို့သည် သူတို့ထက်ပို၍ အနုပညာချစ်ပါသည်ဆိုသော သူများနှင့် ဆုံတွေ့ရလေသောကြောင့်လားမသိ။ မြင့်ဦးဦးမြင့်ဆိုသော ကဗျာဆရာတစ်ဦးသည် တစ်နေ့သ၌ လုပ်ငန်းရှင် သုံးလေးဦးနှင့်ဆုံ၏။ ထုံးစံအတိုင်း ကြားလူက မိတ်ဆက်ပေး၏။ မြင့်ဦးဦးမြင့်ကား ပါးနပ်သူဖြစ်ရာ ထိုလူသုံးလေးဦးတို့က မိမိတို့သည်လည်း ကဗျာဝါသနာပါလှပေသည်ဟု ပါးစပ်ဟမည် မကြံသေး သူက ဦးအောင်ပြောချလိုက်သည်မှာ...။

"ကျွန်တော် ကဗျာ ဝါသနာမပါဘူးခင်ဗျ၊ ကျွန်တော် ကဗျာ ဝါသနာ မပါဘူးခင်ဗျ" ဟူလို။

Phoenix-၁၄-၈-၂၀၀၉

## စိတ်မကောင်းဖွယ်ရာ လူစုံသော နေ့တစ်နေ့

### (တစ်)

ဟုတ်ပ ဟုတ်ပ။ အဲ့သည့်နေ့ကဖြင့် တော်တော့ကို လူစုံသောနေ့ ရယ်ပါ။ ဘယ်... ခန်းမကြီးတစ်ခုလုံး လူတွေနဲ့ ပြည့်လျှံနေသောနေ့မင့် ဥစ္စာ။ ဟိုနား မိုးတိုးမတ်တတ်၊ သည်နား မိုးတိုးမတ်တတ်တွေကလည်း မနည်းမနောလေ။

ဝတ္ထုတိုဆရာကလေး ဝင်လာသည့်အခါ မဂ္ဂဇင်းအယ်ဒီတာက ထ လာသဗျ။ ဟေ့လူ စာမူက အဘယ်နေ့ ရမှာတုံးဗျတဲ့။ ဝတ္ထုတိုဆရာက မန်းဒေးကျမှ နှစ်ပုဒ်ယူပေါ့လားဗျာတဲ့။ အခုရက်ထဲ မဟေသီနဲ့ ရတီအတွက် နှစ်ပုဒ်ရေးစရာရှိနေသောကြောင့်ရယ်ပါတဲ့။ စာမူကိစ္စတွေ ပြောဆိုဆွေးနွေး မဆုံးနိုင်ကြတော့။

တစ်နေရာမှာကတော့ ကဗျာဆရာသုံးလေးယောက် စုစု စုစုနဲ့။ မနေ့က ကိုယ့်လူတို့ ဘယ်ရောက်သွားကြတာလဲ။ ကိုယ်တို့က ပန်းဆိုးတန်းဘက် ချီတက်သွားကြတာ။ အဲသမှာ ကိုသျှိုတို့အုပ်စုနဲ့ သွားတိုးပြီး လူစုံသွားတာ။ များကုန်တာပေါ့ အစ်ကိုရယ်။ အိမ်ပြန်ရောက်တော့ သန်းခေါင်ကျော်နေမင့်

ဥစ္စာ။ ညနေစောင့်မယ်လေ စသည် စသည်။ နွေးနွေးထွေးထွေး ပြောမဆုံးနိုင်ကြ။

အဲ... အဲ ခန်းမထောင့်တစ်နေရာမှာက ဗာတ်ညွှန်းဆရာတစ်ယောက်နဲ့ လူငယ်ဒါရိုက်တာတစ်ယောက် တွတ်တွတ်တွတ်တွတ်နဲ့။ ပြင်ဦးလွင်ကိုကားရိုက်တက်ရင် လိုက်မလိုက်။ ဗာတ်ညွှန်းဆရာက မုတ်ဆိတ်မွေး တောင်တစ်ပင် မြောက်တစ်ပင်ကို လက်နဲ့ပွတ်လို့။ မလိုက်နိုင်ဘူး ဘရားသား (brother) ဆိုလို့လား။ နေကာမျက်မှန် မည်းမည်းတူးတူးကြီးတပ်ထားတဲ့ ဒါရိုက်တာက ခင်ဗျားပါတော့ ပိုကောင်းတာပေါ့ ဟူလို။

ကုလားထိုင်မှာ ထိုင်နေကြတဲ့ အမျိုးသမီးခပ်လတ်လတ်နှစ်ဦးကမူ ရင်သွေးသည်းချာတို့၏ အနာဂတ်အရေး ပညာ၏အရည်အသွေးတို့ကို ဂရုဓမ္မပြုကြသော မွေးမာတာတို့ပင် ဖြစ်ကြပုံရပေ၏။ တစ်ဦးက သူ့ကလေးကို ဘီစီ British council ၌ ထားကြောင်းဆိုရာ တစ်ဦးက အေစီ American centre ပို၍မကောင်းသလောဟု စောကြော၏။ အနို့နောက် ILBC တွေ၊ GCE တွေ၊ LCCI တွေနှင့် စကားဝိုင်းမှာ တွတ်ထိုးလျက်နေပြန်၏။

အန်ကယ်လ် အကြီးစားကြီးနှစ်ဦးကမူ အနို့ကလို မဟုတ်။ ငယ်ပေါင်းရောင်းရင်းများကို အတော့်ကိုပင် တွယ်တာသမှုပြုကြပုံရပါ၏။ ထွန်းအောင်ကျော်ကြီးက သွားနိုင် လာနိုင်တုန်း ကိုယ့်လူရဲ့။ အောင်ကိုဇော်က အငယ်ကလေးရဲ့အိမ်မှာပဲ နေတော့တာ။ မြသောင်းကြီးကတော့ ဟိုတလောက ကိုယ်တစ်ခြမ်း လေဖြန်းသွားသေးတယ်ဆိုလား။ တို့ ချစ်စိန်ကြီးတစ်ယောက်ကတော့ သာသနာ့ဘောင် ဝင်သွားကတည်းက မတွေ့တော့တာပမောင်ရယ် စသည့်။

ဟောဗျ အဲသဟာကတော့ ပန်းချီဆရာလေးပေါ့။ လူက ပါးချောင်တွေကျလို့။ ဆံပင်ရှည်ကြီးကလည်း ပခုံးပါးမှာ ဝဲဖြာကျနေဘိတော့မင့်ဥစ္စာ။ လူကလည်း ပါးပါးလှီလှီ။ သူက လွယ်အိတ်ထဲ၌ အသင့်ပါလာဘိခဲ့ချေသော

စက္ကူလိပ်ကြီးကို ထုတ်ကာ ထုတ်ဝေသူတစ်ယောက်ကို ပေးနေပြန်လေရဲ့။ ထုတ်ဝေသူကလည်း အနီစက္ကူလိပ်ကြီးကိုဖြန့်ကာ သရုပ်ဖော်ပုံကို သဘောအကျကြီးကျနေပုံနဲ့ ခေါင်းတဆတ်ဆတ်ညိတ်လို့။ အစ်ကို ကျွန်တော် ပိုက်ဆံနည်းနည်းထပ်ယူသွားဦးမယ်ဗျာ။ အေး ယူသွားလေကွာ ညီလေးရာ။

အမျိုးသမီးငယ်တစ်ယောက်ကမူ ယခုမှဝင်လာသည့် အမျိုးသမီးငယ်တစ်ဦး၏ အင်္ကျီစကို လှမ်းဆွဲ၏။ ဟိတ်- ကြားပြီးပလား။ အေး ငါလည်း နင့်ကိုလာပြောမလို့၊ သူ့ယောကျ်ား မဆုံးခင်ကတည်းကဟဲ့။ အေးဟယ် ခုတော့ ရှင်းရှင်းလင်းလင်း ဖြစ်သွားတာပေါ့။ အေး စာအုပ်တိုက်ကိုယ်ပိုင်ရှိသွားတော့ လုံးချင်းတွေ ဆက်တိုက်ထွက်လို့။

လူတွေ လူတွေ စုံလင်လိုက်ကြတာ။ တွေ့နိုက်ဆုံနိုက် ပြောလိုက်ကြတဲ့ စကားတွေ။ လုပ်လိုက်ကြတဲ့ အလုပ်တွေ။

## (နှစ်)

အနီနှင့် ငိုသံကလေး အနည်းငယ်မျှ ထွက်ပေါ်လာပြီးသည့်သကာလ လေးစားရသော စာရေးဆရာကြီး၏ ဈာပနမီးသင်္ဂြိုဟ်ရန် အချိန်သို့ ကျရောက်လာဘိရာ ဧည့်ပရိသတ်အပေါင်းတို့သည် ပြောလက်စ လုပ်လက်စ အဝဝတို့ကို တန့်ခနဲရပ်ဆိုင်းလိုက်ကြ၏။ စာရေးဆရာကြီး၏ ရုပ်ကလာပ် မီးသင်္ဂြိုဟ်စက်တွင်းသို့ ထည့်သွင်းပြီးသည့်သကာလ မီးခိုးလူလူတို့ အူတက်လာရုံရှိသေး တွေ့ကြဦးစို့ရဲ့၊ တွေ့ကြဦးစို့ရဲ့ဟူသော စကားသံများသည် ပွက်ညံသွား၏။ နောက်ထပ်တစ်ခါ ဈာပနပွဲတစ်ခု အမြန်ဖြစ်ပေါ်ကာ ပြောလက်စ ဆိုလက်စ လုပ်လက်စ ကိုင်လက်စအလုပ်များကို ဆက်လက်လုပ်ကိုင်နိုင်ကြပါစေသော်။

Phoenix-၂၁-၈-၂၀၀၉

# နောင် ဘယ်တော့မှ မရှုံးစေနဲ့

## (တစ်)

ကဲ-ဘယ့်နှာသို့ လုပ်ကြမတုံးဟူသာ ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းက မေးခွန်းထုတ်လိုက်ချင်ပါဘိတော့။ ဟုတ်ပါရဲ့၊ ခွက်ခွက်လန်အောင်ကို အခုတော့ဖြင့် ရှုံးခဲ့ကြရချေပြီ မဟုတ်ပါလော အဆွေစာရှုသူ။

နယ်လ်ဆင်မင်ဒဲလားတို့၏ တောင်အာဖရိက မြေပေါ်၌ ဝှဲချီး၍ ကျင်းပခဲ့ကြလေကုန်သော Foot ball ခေါ် ခြေထောက်ဖြင့်ကန်သည့် ၂၀၁၀ ကမ္ဘာ့ဖလားပွဲကြီးသည်ကား ပြီးခဲ့ပါလေပြီ။ ၁၁-၆-၂၀၁၀ မှသည် ၁၂-၇-၂၀၁၀ အထိ တစ်လနှင့် တစ်ရက်တိတိ၊ အို…ကြည့်မကောင်း ရှုမကောင်း ပွဲကြီးပေပ အရပ်ကတို့ငဲ့လေ။

ရှုံးသူမှာ မျက်ရည်စတွေနှင့်ဟု ဆိုဘိသလို မထင်မှတ်သူတို့ ရှုံးသည့်ပွဲ၌ ကျွန်ုပ်သည်လည်း မျက်ရည်ဝဲမိရကြောင်းပါ။ ကြည့်စမ်း ပြင်သစ်။ World cup ရခဲ့ဖူးသည် မှန်ပါလျက် စောစီးစွာကပင် အုပ်စုမှ ရှုံးနိမ့်ထွက်ခွာခဲ့ရချေကပြီ။ ၎င်းအသင်းကို ပြင်သစ်အစိုးရက စစ်ဆေးမည်ဆိုလား။ ထို့အတူ အင်္ဂလန်။ ဝိန်းရွန်နီလည်း ဘယ့်နှာမှ မတတ်နိုင်ပါတော့။ ပေါ်တူဂီ

လည်း ထွက်ခဲ့ရပါ၏။ စီရော်နယ်ဒိုလည်း လက်မှိုင်ချ၍နေခဲ့ရလေရှာ။ ဘောလုံးဘိုးအေကြီး ဘရာဇီးတဲ့။ ထွက်တော်မူနန်းကခွာလေ။ အနို့တူ အာဂျင်တီးနား။ အရှုံးကြီး ရှုံးပေါ့ဗျာရယ်။

အချုပ်ကိုဆိုရသော် အောင်စေလိုသူတို့ အရှုံးကြီး ရှုံးခဲ့ရချေပြီး၊ ပြင်သစ်၊ အင်္ဂလန်၊ ပေါ်တူဂီ၊ ဘရာဇီး၊ အာဂျင်တီးနား အားလုံး ထိတ်ထိတ်ကြဲ တွေချည့်။

(နှစ်)

ကမ္ဘာ့ဖလားကြီး စတင်၍ ကန်ကတည်းက သူသူကိုယ်ကိုယ် ဘယ်သူ့ကို နိုင်စေလိုသလဲဟူသည်ကတော့ ရှိကြစမြဲပါလေ။ ပြင်သစ်မှ၊ အင်္ဂလန်မှ၊ ပေါ်တူဂီမှ၊ ဘရာဇီးမှ ဆိုသည်မျိုးပေပင့်လေ။

ကျွန်ုပ်ကား ကျွန်ုပ်နှင့် နီးစပ်သည့် စာရေးဆရာမကလေးများ ဖြစ်ကြဘိကုန်သော သင်းသင်းသာတို့၊ ရာသက်ပန်တို့ကို မေးရပါ၏။ ဘယ်သူ့ကို နိုင်စေချင်သတုံး ညီမကလေးတို့ရယ်ဟူလို။ ကြည့်စမ်း အာဂျင်တီးနား တဲ့။ မဆိုင်းမတွ။ ဘယ့်နှာကြောင့်တုံးဟု မေးသော် သတင်းတစ်ပုဒ်ကို လက်နှင့်ထောက်ပြ၏။ ဩော် ဟုတ်ပါ့။

အာဂျင်တီးနားအသင်း ဗိုလ်စွဲခဲ့သော် နည်းပြကြီး မာရာဒိုနာက ကိုယ်လုံးတီးချွတ်ကာ မြို့တော် ဗြူနိုအေရီးစ်အနှံ့ လမ်းလျှောက်ပြမယ်ဆိုမှကိုး။ ညီမကလေးတို့ရယ်၊ စိတ်ခိုင်ခိုင်သာထား၊ အာဂျင်တီးနား ရှုံးပြီကွဲ့။ ညည်းတို့ မျှော်မှန်းသမျှ သဲထဲရေသွန် အကုန်ဖြစ်ခဲ့ရပေါ့။

အနို့နှင့် ကျွန်ုပ်လည်း ကျွန်ုပ်၏ အနုသုခုမ မိတ်ဆွေတချို့ကို စေ့ငုရပြန်ပါ၏။ နောင်ကြီး ချစ်ဦးညို၊ ပေါ်ပြူလာ ကိုဟိန်းလတ်၊ 7 Day ကိုချမ်းငြိမ်း၊ မဟေသီ မောင်ဝင်းသူရ၊ ရန့်သစ် ဆရာလေးကိုတင်၊ ကိုမင်းလူ၊ ရတီ သျှီသူအောင်၊ ကာတွန်း အော်ပီကျယ်၊ ဒါရိုက်တာ ချိုတူးဇော်၊ ဒါရိုက်တာ

ကြည်စိုးထွန်း၊ စိတ်ကူးချိုချို ကိုစန်းဦး စသည် စသည်ဖြင့် တော်တော့် ကို လူစုံအောင် ကျွန်ုပ်က စေ့ငုခြင်းဖြစ်ပါ၏။ ဘယ်သူ့ကို နိုင်စေ့ချင်သလဲ ရောင်းရင်းတို့ ဟူလို။

ကဲ-ကြည့်၊ ပါရာဒွေးတဲ့။

ကျွန်ုပ်ကား ဤမျှနှင့် အားမရချေ၊ ဟိုအဝေး မန္တလေးရွှေမြို့တော်က ဘုတ်အုပ်စာပေ မိတ်ဆွေတို့ကိုလည်း လှမ်း၍ သတင်းထောက်ရပါသေး၏။ ကိုနေဝင်းမြင့်၊ ကိုညီပုလေး၊ ကိုသိုက်ထွန်းသက်၊ ကိုဆူးငှက် စသည် စသည်။ အံ့ပါရဲ့။ သူတို့ကလည်း ပါရာဒွေးကိုသာ နိုင်စေချင်ပါသတဲ့ သပ္ပုရိသ အနွယ်ဝင် သူတော်စင် စာရှုသူ။

အဘယ့်ကြောင့်နည်းဟု မေးချေသော် ဟောသမှာဖတ်ဟု ဂျာနယ် သတင်းတစ်ပုဒ်ကို ထုတ်ပြကြချေ၏။ အဓိက အကြောင်းအရင်းခံကတော့ ညီမကလေး ရီကွယ်မီးပေါ့။ နာမည်အပြည့်အစုံကတော့ လာရစ်ဆာ ရီ ကွယ်မီးတဲ့။ လှလိုက်တဲ့ ကိုယ်ဟန်ပြမယ်ကလေး။ သူက ပါရာဒွေးနိုင်ငံသူ ကလေးလေ။ အကယ်၍ ပါရာဒွေးသာ ကမ္ဘာ့ဖလားကို ရခဲ့ချေသော် သူက လေးက ကိုယ်လုံးတီးချွတ်ချေမတဲ့ဗျာ။ ဝတ်လစ်စားလစ်ခေါ် မိမွေးတိုင်း ဖမွေးတိုင်းအလှနဲ့ ခုန်ကာ ပေါက်ကာ ကပြ အောင်ပွဲခံချေမတဲ့ အဆွေတို့ရယ်။ သည့်အပြင် ဖလားကိုရခဲ့၍ တိုက်စစ်မှူး ဆန်တာခရုဇ်ကများ အနီဖလားကို မိမိ၏ရင်သားပေါ်သို့ လာတင်မည်ဆိုသော် ခံလိုက်ချင်ပါသေးသတဲ့။

အဲသမှာ နောင်ကြီး ချစ်ဦးညိုက စတင်ကာ ပါရာဒွေးကို နိုင်စေချင် သဗျဖြစ်တော့ပေတာ။ ကိုမင်းလူကဆို အံတကြိတ်ကြိတ်ပေါ့။ စိတ်ဓာတ် ကောင်းတယ်ဗျတဲ့။ ပါရာဒွေးနိုင်မှ ဖြစ်ပေမှာပေါ့တဲ့။ ထား။ ခုတော့ဖြင့် နိုင်စေလိုသူတို့ ရှုံးခဲ့ရချေပြီ။

အာဂျင်တီးနား ရှုံးသွား၍ မာရာဒိုနာကြီး အောင်ပွဲခံပုံကို မကြည့် လိုက်ရသဖြင့် မြန်မာစာရေးဆရာမကလေးတို့ ဒေါသထွက်နေကြသလို

ပါရာဓွေးရှုံး၍ ညီမကလေး ရိကွယ်မီး လွတ်လပ်ပျော်ရွှင်ပုံကို ကြည့်ခွင့်မရလိုက်သဖြင့် စာပေပုရိသ ကျွန်ုပ်တို့တစ်သိုက်က ကြေကွဲဝမ်းနည်းနေရကြောင်းပါ ဟူလို။

ဂျက်ကွမ်းခြံကုန်း

"...ပြောပြန်ရင်လည်း
အောင်မင်းလွန်ရာကျမယ်..."

မြန်မာသဘင်ပညာရှင် (ဦး) စိန်အောင်မင်း၏
သီချင်းတစ်ပုဒ်မှ။

